

# စိတ္တဇနှင့်
# ရာဇဝတ်မှု

ဒေါက်တာ အုန်းမောင်ပြုစုသည်

# စိတ္တဇ နှင့် ရာဇဝတ်မှု

ဒေါက်တာအုန်းမောင်

သီဂီအုန်း နှင့်
ထူးထူးအုန်းတို့ အတွက်

## မာတိကာ

စာရေးသူ၏အမှာ ၇

အပိုင်း ၁

၁။ စိတ္တဇ သေနတ်ပစ်မှု ၁၁
၂။ ဝက်ရူးပြန် လူသတ်သမား ၂၄
၃။ ဖရော်ဖက်ဆာ မှတ်ကြီး ၃၅
၄။ ရိုးရာ အစွဲအလမ်း ၄၇
၅။ တဇွတ်ထိုး စိတ္တဇ ၆၀
၆။ စိတ္တဇနှင့် ရာဇဝတ်မှု ပြဿနာ ၇၄
၇။ အိပ်မက် စိတ္တဇ ၇၉
၈။ စိတ္တဇနှင့် ပယောဂ ၈၇
၉။ ဓားနှင့် ရိုက်သတ်ခြင်း ၉၂
၁၀။ မှော်ပေါက် သွားခြင်း ၁၀၀
၁၁။ ကိုယ့်ကိုကိုယ် သတ်သေခြင်း ၁၀၉
၁၂။ ကြောက်စရာ စိတ္တဇ ၁၁၆

အပိုင်း ၂

၁၃။ စိတ္တဇ အတု ၁၂၇
၁၄။ ငမ်းဖမ်းခြင်း ၁၃၄
၁၅။ ကြမ်းသော စိတ္တဇ ၁၄၁

၁၆။ စကားမပြောသော စိတ္တဇ ၁၄၈
၁၇။ လူငယ်နှင့် ဆေးခြောက် ၁၅၄
၁၈။ လူငယ်နှင့် ကြောက်စိတ် ၁၆၀
၁၉။ လိင်ကိစ္စ ပြဿနာများ ၁၆၅
၂၀။ ရောဂါ ရှာနေကြသူများ ၁၇၆
၂၁။ စိတ္တဇရောဂါ နာတာရှည် ဘာ့ကြောင့်ဖြစ်သနည်း ၁၈၀
၂၂။ လူကိုဖျက် အရက် ၁၈၇


**နောက်ဆက်တွဲ**


၂၃။ သမတဂျွန်အက်ဖ် ကနေဒီသတ်မှု ၁၉၄
၂၄။ ရောဘတ်ကနေဒီသတ်မှု ၁၉၇
၂၅။ ရှစ်လောင်းပြိုင် သတ်မှု ၂၀၁
၂၆။ အမေရိကန် တက္ကသိုလ်ကျောင်းသားများသတ်မှု ၂၁၄


စိတ္တေန နိယျတေ လောကော။ စိတ္တေန ပရိကဿတိ။ စိတ္တဿ ဧကဓမ္မဿ။ သဗ္ဗေဝ ဝသ မန္ဝဂူ။ [သုတ္တနိ ပါဠိတော်]
လောကကြီးကို 'အဘိသင်္ခါရဝိညာဉ်' ခေါ် စိတ်သည် ဆွဲဆောင်ထား၏။ရှေ့ဆောင်နေ၏။ လောကကြီးကို စိတ်သည် ဆွဲငင်နေ၏။ တခုသော စိတ်တရားအလိုသို့ အားလုံးသော သူတို့သည် လိုက်ပါနေကြရကုန်၏။


ပထမနှိပ်ခြင်း၊ ၁၉၆၉၊ ဩဂုတ်လ
အုပ်ရေ ၃၀၀၀

ဦးဘာယဉ်(၀၆၅၇)
မိန် ပုံနှိပ်တိုက်
အမှတ် ၁၈၀၊၃၉လမ်း၊ရန်ကုန်၌ ရိုက်နှိပ်ပြီး
ကိုခင်အေး[မအောင်ကျော်](ထာယီ၀၁၂၁၅)
အေးဝင်းစာပေတိုက်
အမှတ် ၁၈၀၊၃၉လမ်း၊ရန်ကုန်က
ထုတ်ဝေသည်။

သမဂ္ဂစာပေ
အမှတ် ၁၈၀၊၃၉လမ်း၊ ရန်ကုန်က
ဖြန့်ချိသည်။

အေးဝင်းစာပေတိုက်၊ ၁၈၀၊၃၉လမ်း၊ရန်ကုန်


# အမှာ

ကျွန်တော်တို့ ဆေးရုံတွင် ရာဇဝတ်မှုလူနာများ နှစ်ရာနီးပါး ရှိပါသည်။စိတ္တဇ ဝေဒနာဖြစ်၍ ရာဇဝတ်မှုများ ကျူးလွန်ကာ ဆေးရုံသို့ ဆေးကုသရန် ရောက်လာကြခြင်း ဖြစ်သည်။ကျွန်တော်တို့က ဆေး ကုသပေးရန်သာ ရှိတော့သည်။ ကျူးလွန်ခဲ့သော ရာဇဝတ်မှု များကိုကား မကာကွယ်နိုင်တော့ချေ။

စိတ္တဇ ဝေဒနာကြောင့် ရာဇဝတ်မှု ကျူးလွန်လျှင် လူနာလည်း ဆေးရုံမှာ အကြာကြီး ဆေးကုရသည်။ ရာဇဝတ်မှု ကျူးလွန်ခံရသူများမှာလည်း သေကြေ ပျက်စီး ကြရပေသည်။ ထို့ကြောင့် ရာဇဝတ်မှု ဖြစ်လျှင် နှစ်ဘက်စလုံး နစ်နာရတော့သည်။

ထို့ကြောင့် ကျွန်တော်သည် စိတ္တဇ ရာဇဝတ်မှုများကို ကာကွယ်ရန် ပြည်သူလူထုအား အသိပညာ ပေးချင်လာပါသည်။ စိတ္တဇ ရာဇဝတ်မှုများ ဘာကြောင့် ဖြစ်ရသည်။ဘယ်လိုဖြစ်ပွားသည်။လူနာက ဘယ်သူတွေကို ရာဇဝတ်မှု ကျူးလွန်တတ်သည်။ ရာဇဝတ်မှု ကျူးလွန်သော လူနာသည် စိတ္တဇဆေးရုံ၌ ဘယ်

လောက်ကြာကြာနေရသည်၊စသည့်အချက်များကိုအများပြည်သူ သိရှိနားလည်စေရန် စိတ္တဇ ဆေးရုံမှ သက်ရှိထင်ရှားရှိနေသော လူနာများ၏ တကယ့် အဖြစ်အပျက်များကို မေးမြန်းကြည့်၍ တင်ပြထားခြင်း ဖြစ်ပါသည်။

ဤ အဖြစ်အပျက်များကို လေ့လာ သိရှိထားလျှင် စိတ္တဇ ရာဇဝတ်မှုများကို ကာကွယ် နိုင်ပါလိမ့်မည်။ စိတ္တဇ ရာဇဝတ်မှုများ လျော့ပါးသွားမည် ဖြစ်ပါသည်။ ဤသည်မှာ ကျွန်တော်၏ ရည်ရွယ်ချက် ဖြစ်ပါသည်။

အပိုင်း နှစ် တွင် ကိုယ်တွေ့ စိတ္တဇ ဝေဒနာများကို တင်ပြထားပါသည်။ စိတ္တဇကို စိတ္တဇဟု သိရှိကြစေရန် ဖြစ်ပါသည်။

နောက်ဆက်တွဲတွင် နိုင်ငံခြားတွင် ဖြစ်ပွားသော စိတ္တဇ ရာဇဝတ်မှုများကို တင်ပြထားပါသည်။

'စိတ္တဇလော ပယောဂလော' စာအုပ်တွင် ပါရှိခဲ့သည့် 'ကိုယ့်ကိုယ်ကို သတ်သေခြင်း' နှင့် 'စိတ္တဇနှင့် ရာဇဝတ်မှု ပြဿနာ' ဆောင်းပါးနှစ်ပုဒ်ကို ဤစာအုပ်တွင် ထည့်သွင်း ဖော်ပြသင့်သည်ဟု ယူဆသဖြင့် ထပ်မံ ဖော်ပြထားပါသည်။

နေ့စွဲ ၁၅၊၆၊၆၉ ဒေါက်တာ အုန်းမောင်
စိတ္တဇဆေးရုံ ရန်ကုန်မြို့။

## အပိုင်း ၁

# စိတ္တဇရာဇဝတ်မှုများ

## စိတ္တဇ သေနတ်ပစ်မှု

စိတ္တဇဆေးရုံ အပြင် လူနာ ဌာန၌ ကျွန်တော် တာဝန်ကျသည်။ အပြင်လူနာ ဌာနသည် တခါတရံ လူများ၍ တခါတရံ လူပါးသည်။ လူအများဆုံး အချိန်မှာ နံနက်ပိုင်း၌ ဖြစ်သည်။ အထူးသဖြင့် မနက်ပိုင်း၌ ပို၍ လူများပြီး ညနေပိုင်း၌ လူပါးသည်။ ဤအချိန်မျိုး၌ ကျွန်တော်သည် အားနေသည့် အလျောက် နေကောင်းနေပြီ ဖြစ်၍ အပြင်လူနာ ဌာနတွင် အကူအညီ ခေါ်ထားသော ရာဇဝတ်မှု လူနာများ၏ အကြောင်းကို မေးမြန်းစုံစမ်းလေ့ ရှိသည်။

စိတ္တဇ ဆေးရုံ၌ ရာဇဝတ်မှု လူနာ အမြောက်အများ ရှိရာ အချို့ နေကောင်းနေသော လူနာများကို အပြင်လူနာဌာနတွင် အကူ အညီအဖြစ် ခေါ်ထားလေ့ရှိသည်။ သူတို့ကို နောက်ရောက်လာသော လူနာများကို သက်ဆိုင်ရာ အဆောင်သို့ လိုက်ပို့ရန်၎င်း၊ ခေါင်းမာ ကြမ်းတမ်းသော လူနာများကို ဝိုင်းဝန်းကူညီပေးရန်၎င်း၊ အချို့ ကြမ်းတမ်းသော လူနာများကို ထိန်းချုပ်ပေးရန်၎င်း၊ အလုပ်ပေး၍ ထားသည်။ ဤကဲ့သို့ အလုပ်ပေးခြင်းမှာ

၎င်းတို့၏ စိတ်ကို မပြန့်လွင့်ရန် ဆေးကုသမှု တခု ဖြစ်သည်။ ၎င်းကို သရုပ်ပြ လုပ်ငန်းများဖြင့် ကုသခြင်း* ဟု ခေါ်သည်။ ဤသို့ဖြင့် တညနေတွင် ရာဇဝတ်မှု လူနာဦးမြလေး၏ အကြောင်းကို မေးမြန်း၍ မှတ်တမ်း တင်လိုက်ရပါသည်။ ဦးမြလေးမှာ အသက်လေးဆယ် ကျော်ပြီဖြစ်၍ အလုပ်မှာ ရဲအရာရှိဟောင်း တဦး ဖြစ်သည်။ ၎င်းသည် ရာဇဝတ် ပြစ်မှုတခုအရ ပြည်သူ့စိတ္တဇဆေးရုံ၌ ဆေးကုသမှု ခံယူနေရသည်မှာ နှစ်နှစ်ကျော်ပေပြီ။ အလုပ် လုပ်ရာတွင် သွက်လက်သည်။ ရိုးသားသည်။ ဦးမြလေးမှာ အညာသား တဦးဖြစ်သည်။ အသားညိုသည်။ အခြား အလုပ်သမားများနှင့် ရင်းရင်းနှီးနှီးဆက်ဆံလေ့ရှိသည်။ ရဲအရာရှိဟောင်း ဖြစ်မှန်းကို သိသောအခါ၊ ကျွန်တော်က သူ့အကြောင်းကို ပို၍သိချင်လာသည်။ သို့နှင့် သူ့ကို ကျွန်တော့်စာပွဲတွင် ထိုင်ခိုင်းပြီး၊ သူ့ အဖြစ် အပျက်ကို အစမှ အဆုံးတိုင် ပြောပြခိုင်းမိသည်။

×

ဦးမြလေးသည် အထက်ဗမာပြည် မြို့ကြီး တမြို့တွင် ရဲအုပ် အဖြစ် အမှုထမ်းရသည်။ ၎င်းတွင် ဇနီးနှင့် သမီးတယောက်ရှိသည်။ သမီးမှာ ကျောင်းသူ တယောက်ဖြစ်သည်။ သမီးကို အထူးချစ်သည်။ အရေးပေး ဂရုစိုက်သည်။ တလတွင် ခရီးစရိတ်နှင့် လခ ဝင်ငွေ ငါးရာကျော်ရသဖြင့် ငွေရေးကြေးရေး မပူပင်ရ၊ အလုပ်ကိစ္စများကို အထူးဂရုစိုက်သည်။

* OCCUPATIONAL THERAPY





တနေ့တွင် ၎င်း အလုပ်လုပ်သော ရဲဌာနပိုင်အတွင်း တောရွာတရွာ၌ မိန်းကလေးတဦးကို အတင်းအဓမ္မ ခိုးယူ ပေါင်းသင်းမှု တမှု ဖြစ်ပွားသည်။ ထိုအမှုအတွက် မိန်းကလေး၏ မိဘများက ဦးမြလေးတို့ ရဲဌာနသို့တိုင်ကြားသည်။ ထိုအမှုကို ဦးမြလေးအား စစ်ဆေးရန် တာဝန် ပေးအပ်ခြင်း ခံရသည်။ ဦးမြလေးသည် ရာဇဝတ် ပြစ်မှုများ၌ နွားခိုးမှုနှင့် မိန်းမ ခိုးယူမှုကို အင်မတန် မုန်းတီးသည်။ ထို့ကြောင့် ထိုအမှုကို အမြန်ဆုံးဖော်နိုင်ရန် စစ်ဆေးတော့သည်။ သို့သော် တရားခံက ၎င်း၏ အထက် အရာရှိကိုကပ်၍ ပေါင်းထားသဖြင့် အထက်အရာရှိက အဆိုပါ အမှုအတွက် ခပ်အေးအေးပင် နေခိုင်းသည်။ ထိုအခါ ဦးမြလေးမှာ နဂိုကပင် အလုပ်ကို ရိုသေသူဖြစ်၍၎င်း၊ ထိုအမှုမျိုးများကို မုန်းတီးသူဖြစ်၍၎င်း၊ အထက် အရာရှိ၏ စကားကြောင့် စိတ်မကောင်းဖြစ်မိသည်။ ဇာဖန် တရားလိုဘက်မှ လူများက သက်ဆိုင်ရာ လအကသို့ တိုင်တမ်းရာ လအကမှ ဦးမြလေးကိုခေါ်၍ တရားခံများကို အမြန် ဖမ်းဆီးရနိုင်ရန် ကြိုးစားခိုင်းသည်။ သို့နှင့် ဦးမြလေးမှာ ဘာလုပ်ရမှန်းမသိသလို ဖြစ်နေသည်။

အထက် အရာရှိက အမှုကို ခပ်အေးအေး လုပ်စေ၍ လအကမှ ခပ်မြန်မြန် လုပ်ခိုင်းနေရာ ကြားထဲမှ ဦးမြလေးမှာ စိတ်ရှုပ်လာတော့သည်။ မကြာခဏ လအကမှ ခေါ်၍ နားတပူပူလုပ်ပြန်သည်။ အမှုအတွက်လည်း စုံစမ်းဆဲပင်ရှိသေးရာ ဦးမြလေးမှာ စိတ်ညစ်ခြင်းဒဏ်ကို မခံနိုင်တော့ဘဲ စိတ္တဇဖြစ်လာတော့သည်။ တခါတလေ သတိလစ်၍ ဘာလုပ်မိ ဘာကိုင်မိမှန်း မသိဘဲ ဖြစ်နေသည်။ သို့သော် တခါတခါတော့လည်း သတိကောင်း၍





အလုပ်ကို ကောင်းစွာလုပ်နိုင်သည်။ အမှုအတွက် တော သွား၍ စစ်ဆေးသောအခါ နွားများ၏ အရောင်မှာ အနီဖြစ်သော်လည်း မျက်စိထဲတွင် အဝါရောင်ဘဲ မြင်ရသည်။ ရွာသားများက အနီရောင်ပါ ဟု ဆိုသော်လည်း ဦးမြလေးက အဝါဟု ဇွတ် ပြောသည်။ စင်စစ် ဦးမြလေးမှာ စိတ္တဇ ဖြစ်နေပြီ ဖြစ်၍ အမှားအမှန် ခွဲခြား၍ မသိတော့ချေ။

ဦးမြလေးသည် သတိကောင်းသူဖြစ်၍ ၎င်း၏ အထက် အရာရှိကို မိမိ နေမကောင်းကြောင်း၊ ဘယ်လိုဖြစ်မှန်း မသိကြောင်း၊ ထို့ကြောင့် ဆေးကုသရန် ခွင့်ယူလိုကြောင်း ပြောပြသည်။ အထက် အရာရှိကလည်း ခွင့်ပေးလိုက်သည်။ သို့သော် ဦးမြလေးသည် မိမိကိုယ်ကို မိမိ စိတ္တဇ ဖြစ်နေမှန်းမသိချေ။

ဤအကြောင်းများသည် တောရွာသို့ အမှုစစ်သွားရင်း တရားခံဘက်မှလူများက ဟင်းထဲတွင် ဆေးခပ်လိုက် သလော ဟူသော သံသယစိတ်များဝင်လာသည်။ သံသယစိတ်များလွှမ်းမိုးလာရာ၊ ၎င်းစိတ်မှတဆင့် ကြောက်စိတ်များ ဝင်လာတော့သည်။ ၎င်းကို လူအများက ရန်မူတော့မည် ထင်လာသည်။ ၎င်း၏ မိန်းမကိုပင် မယုံကြည်တော့ပေ။ မိန်းမက အခြားလူများနှင့် ပူးပေါင်းကာ ၎င်းကို ရန်မူတော့မည်။ သေကြောင်းကြံစည်တော့မည်ဟု ထင်လာသည်။

နောက်ဆုံးတွင် အလိုလိုနေရင်း နားထဲ၌ အသံများကြားလာတော့သည်။ အသံများသည် အထက်နှင့် အောက်ဖက်မှ လာသည်ဟု ထင်သည်။ "မင်းသတိထားနေ၊ မင်းကို သတ်မယ်၊ မင်းက ဘာကောင်လဲ၊ မင်းကိုယ်မင်း ဘာထင်သလဲ"





"ဝိုင်းဟ၊ ဖမ်းဟ၊ ဆီးဟ" စသော အသံများ ကြားလာတော့သည်။ ထိုအသံများကြောင့် ဦးမြလေးသည် ပို၍ ကြောက်လာတော့သည်။ ညညအိပ်မပျော်တော့။ စိတ်ထဲတွင်လည်း ၎င်းကို ရွာသားများက ဆေးခပ်လိုက်ပြီဟု ပို၍ သံသယဖြစ်လာသည်။ ၎င်း၏ မိန်းမနှင့် သမီးကလေးကိုပင် သံသယ ရှိလာလာသည်။

ဦးမြလေးတွင် ပစ္စတို သေနတ်တလက်ရှိရာ၊ သေနတ်ကို ကိုင်မိလျှင် သေနတ်နှင့် မိမိကိုယ်ကိုပင် ပြန်၍ ပစ်မိလေမလား။ မိန်းမနှင့်သမီးကိုပင် ပြန်၍ ပစ်မိလေမလားဟု မိမိကိုယ်ကို မိမိ စိတ်မချနိုင်ဖြစ်လာသည်။ ဦးမြလေး၏ စိတ္တဇမှာ ပို၍ ဆိုးလာပေပြီ။ မိမိကိုယ်ကို မိမိ မထိန်းချုပ်နိုင်တော့၊ သတိမရှိတော့ပေ။

တနေ့မနက်ခင်းတွင် သမီးကလေးက ကျောင်းသို့ သွားရန် လွယ်အိတ်လွယ်၍ ဖခင်ရှိရာလာပြီး နှုတ်ဆက်သည်။ ဦးမြလေးသည် ဘာမပြော ညာမပြော ခေါင်းအုံးအောက်မှ သေနတ်ကို ထုတ်၍ သမီးလေးကို ချိန်လိုက်သည်။

"နင် သေပေတော့၊ နင့်ကို ငါ့အခုသေနတ်နဲ့ပစ်တော့မယ်"

"အို ဖေဖေကလဲ၊ သမီးကို ဘာလို့ သေနတ်နဲ့ ပစ်ရမှာလဲ၊ သမီးကို ဘာလို့ သတ်ရမှာလဲ"

"ဘာလို့ သတ်ရမှာလဲ" ဟူသောစကားသည် ဦးမြလေး၏ အသိဉာဏ်ကို ပြန်ရစေသည်။

"အလိုလေး၊ ဘုရား၊ ဘုရား၊ ငါ့သမီးကို ငါသတ်မိတော့မလို့ပါလား"

ဦးမြလေးက ညည်းတွားရင်း သေနတ်ကို ပြန်ချထားလိုက်သည်။ သတိပြန်ရလာပြန်သည်။

"သမီး သမီး၊ ဖေဖေ့ကို စိတ်မဆိုးနဲ့နော်၊ ကဲ ကျောင်းသွားတော့"

ဦးမြလေး စဉ်းစားသည်။မိမိ၏ သေနတ်ကို ဒီအိမ်တွင်ဆက်ထား၍ မဖြစ်တော့။ သေနတ်ကို မိမိနှင့် အတူထားပါက သေနတ်သည် အသက်ကို ရန်ရှာနိုင်ပေသည်။ ဒီ သေနတ်ကို ဒီ အိမ်မှာ ထား၍မဖြစ်။ယုံကြည် စိတ်ချရသော အသိမိတ်ဆွေထံ အပ်ထားမှုဖြစ်ပေမည်။

ဦးမြလေးသည် တဖက်အိမ်သို့ လှမ်း၍ ကြည့်လိုက်သည်။ ဦးတင်အောင်ကို မြင်ရသည်။ ဦးတင်အောင်မှာ ဦးမြလေး၏ ယုံကြည်စိတ်ချရသော အိမ်နီးချင်း မိတ်ဆွေဖြစ်သည်။ ဦးမြလေးသည် ကြာကြာ စဉ်းစား မနေတော့။တဖက်အိမ်သို့ ချက်ခြင်းပင် ကူးသွားတော့သည်။

"ဦးတင်အောင်ရေ၊ ကျနော့် သေနတ်ကို ခင်ဗျားဆီမှာ သိမ်းထားစမ်းပါ၊ ကျနော့် ကိုယ် ကျနော် စိတ်မချဘူးဗျာ၊ စိတ်တွေလဲ ဘယ်လိုဖြစ်မှန်း မသိတော့ဘူး"

ဦးမြလေးက သူ၏ သေနတ်ကို အပ်သည်။

"ဟာ ရပါတယ်၊ ထားခဲ့ပါ၊ ကျနော် သိမ်းထားပါမယ်၊ ခင်ဗျားလဲ ဆေးလေးဘာလေး စားအုံးဗျာ၊ ခင်ဗျား ကြည့်ရတာ ပင်ပန်းပုံရတယ်"





ဦးတင်အောင်က အလွယ်တကူပင် သေနတ်ကို လက်ခံလိုက်သည်။ ၎င်းတို့ အချင်းချင်းလည်း ရင်းနှီးကြသူများ ဖြစ်၍ ဖြစ်သည်။

ဦးမြလေးသည် ဗမာ့ ဆေးနည်းများအတိုင်း ကုသခဲ့သည်။ ဇီးယိုစားခြင်း၊ သံပုရာရည် သောက်ခြင်း၊ သွေးဆေးများ စားခြင်းဖြင့် ကုသသည်။ သို့သော် ထိရောက်သော ဆေးကုသမှု မဟုတ်သဖြင့် ရောဂါက မသက်သာခဲ့ချေ။ ဦးမြလေးက စုန်း ပယောဂ စသည်များကို အယုံအကြည်မရှိသူ ဖြစ်၍ ပယောဂ ဆရာနှင့်တော့ မကုသပေ။

ညပိုင်း ရောက်မှာကို ဦးမြလေးက ကြောက်နေသည်။ ညည အိပ်မပျော်သဖြင့် စိတ္တဇက ပိုဆိုးလာသည်။

"မင်း ထွက်သွားတော့၊ မင်းကိုသတ်ပစ်မယ်၊ ဟား ဟား၊ မင်း ကြောက်နေပီမှတ်လား" စသောအသံများသည် ညညတွင် ကြားလေ့ရှိသည်။ ဤအသံများ ကြားလျှင် ဦးမြလေး လုံးဝ မအိပ်နိုင်တော့။ချောက်ချား နေသော စိတ်သည် ပို၍ ချောက်ချား တုန်လှုပ်လာသည်။

ညအိပ်သော အခါ ဦးမြလေးမှာ ဇနီးနှင့်ခွဲအိပ်သည်။ ဇနီးကိုလည်း သိပ်မယုံကြည်ပေ။ဇနီးနှင့်ပေါင်း၍ အခြားသမားက နှောက်ယှက်နေသည် ထင်သည်။ ဤလို ညများတွင် ဦးမြလေးမှာ မျက်စေ့ကြောင်နေပြီး ဇောချွေးများ ပြန်လာအောင် ကြောက်ရွံ့နေတတ်သည်။ အလိုလိုနေရင်း မိမိ၏ ခြေထောက် တဖက် ရှည်ထွက်သွားသည်ဟု ထင်သည်။ မျက်စေ့ထဲမကောင်း ဆိုးဝါးများကို မြင်ယောင်လာသည်။ ထို့ကြောင့် ညညအိပ်





သော အခါ မီးများဖွင့်၍ တံခါး အလုံပိတ် အိပ်သည်။ သို့နှင့် ညပိုင်းရောက်မှာကို ဦးမြလေးသည် တွေး၍ ကြောက်လာသည်။

ကြောက်စိတ်များ လွှမ်းမိုးလာသောအခါ မိမိ၏ သေနတ်ကို ပို၍ စိတ်မချဖြစ်လာသည်။သေနတ်ကို မကိုင်ဝံ့သလို ဖြစ်လာသည်။ သေနတ်နှင့် မိမိကိုယ်ကို ပြန်ပစ်မှာ စိုးရိမ်သည်။

ဦးတင်အောင်အိမ်မှာ ထား၍မဖြစ်။ သေနတ်ကို ရဲဌာနသွားအပ်ထားမှ စိတ်ချရပေမည်။ ဦးမြလေးစိတ်ထဲ ဤသို့သော အတွေးများ ဝင်လာသည်။

ချက်ခြင်းပင် ဦးတင်အောင် အိမ်ဘက် ထွက်သွားမိသည်။

"ကဲ ဦးတင်အောင်ရေ့၊ ကျနော့် သေနတ် ပြန်ပေးပေတော့၊ ဒီမှာထားလို့ စိတ်မချဘူးဗျာ၊ ရဲဌာန သွားအပ်ထားတော့မယ်"

"အော် ကောင်းပါတယ်၊ ရဲဌာနက ပိုစိတ်ချရတာပေါ့၊ ကျနော်လဲ ခင်ဗျားကို ခင်လို့သာ ယူထားရတာ"

ဦးတင်အောင်က ပြန်ပြောရင်း သေနတ်ကို သိမ်းထားရာမှ ယူ၍ ပေးလိုက်သည်။ဦးမြလေးလက်ထဲ သေနတ်ရောက်လာပေပြီ။

"ကိုင်း၊ ကျုပ် ဒီသေနတ်ကို ရဲဌာန သွားအပ်မယ်ဗျာ၊ မအပ်ခင် ခင်ဗျားကို သေနတ်နဲ့ ပစ်ခဲ့မယ်"

ဦးမြလေးက ပြောပြော ဆိုဆို သေနတ်နှင့် ပစ်လိုက်တော့သည်။

"ဒိုင်း ဒိုင်း ဒိုင်း"

သေနတ်သံ သုံးချက် ဆင့်၍ ထွက်လာသည်။ဦးတင်အောင်လည်း ရုတ်တရက်မို့ ဘာမှ မကာကွယ်နိုင်ဘဲ ပုံလျက် လဲကျ





သွားတော့သည်။ သေနတ် ကျည်ဆန်များက ရင်ဘတ်ကို နှစ်ချက်၊ တင်ပဆုံရိုးကို တချက် ထိမှန်သွားသည်။

ဦးမြလေးသည် ချက်ခြင်း အိမ်ပေါ်မှ ဆင်း၍ ရဲဌာနကို သွားတော့သည်။ ဦးတင်အောင်အိမ်ကို လူများ ဝိုင်းရံရောက်လာပြီး "ဦးမြလေးက သေနတ်နဲ့ ပစ်သွားကြောင်း" အော်ဟစ်ပြောဆို နေကြသည်။ဦးတင်အောင်၏ အိမ်သားများက ဆေးရုံသို့ ဦးတင်အောင်ကို ခေါ်သွားတော့သည်။

ဦးမြလေးအဖို့ မိမိ ဘာလုပ်ခဲ့သည်ကို သတိမရချေ။ရဲဌာနသို့သာ သွားနေသည်။ လမ်းတွင် ၎င်း၏ အထက် အရာရှိနှင့် အခြား အရာရှိများ ဘိုလိယက် ထိုးနေသော ကလပ် ရှေ့သို့ ရောက်လာသည်။

"ဗျို့ ဦးအေး၊(ဦးအေးမှာ ၎င်း၏ အထက်အရာရှိဖြစ်သည်။) ထွက်ခဲ့လေဗျာ၊ ဟော ဒီမှာ သေနတ် ကျုပ် လာပို့ဘယ်၊ လာယူပါဗျို"

"ဆရာ ဆရာ၊ သေနတ် သွားမယူနဲ့။ ဦးမြလေးက ဦးတင်အောင်ကို သေနတ်နဲ့ သုံးချက်တောင် ပစ်လာတာ"

ဦးအေးကို သူ့တပည့် ရဲသားကလေးတဦးက အော်ပြောသည်။ ဦးအေးတို့လူစုလည်း ရုတ်ရုတ် ရက်ရက် ဖြစ်ကာ ထွက်ပြေးကြတော့သည်။ ဦးမြလေးက သေနတ်နှင့် လာပစ်မှာ စိုးရိမ်သည်။

"ဘာလို့ ပြေးတာလဲဗျ၊ ဟား ဟား ဟား။ ခင်ဗျားမယူချင်ရင် ကျုပ်ပစ်ပေးလိုက်မယ်၊ ရော့"

ဦးမြလေးက သေနတ်နှင့် မပစ်ချေ။သေနတ်ကိုသာ အပေါက်

ရှိရာသို့ လှည့်ပစ်လိုက်သည်။ ပြီးလျှင် ရဲဌာနသို့ ဆက်သွားတော့၏။

"ဟေ့၊ အချုပ်ခန်းတံခါး ဖွင့်စမ်းကွာ၊ ငါဝင်မယ်"

"ဆရာ ဘာဖြစ်လာသလဲ၊ ဘာဖြစ်လို့ အချုပ်ခန်း တံခါးဖွင့်ရမှာလဲ"

ဦးမြလေး၏ တပည့်များက ဆိုကြသည်။ ဦးမြလေး သေနတ်ပစ်မှု ဖြစ်လာသည်ကို သူတို့ မသိကြပေ။

"ဖွင့်ဆို ဖွင့်စမ်းကွာ၊ မေးစမ်း သော့"

ဦးမြလေးက သော့ယူ၍ အချုပ်ခန်း တံခါးကို ဖွင့်ပြီး ဝင်နေလိုက်သည်။ သူ့တပည့်များကလည်း ကြောင်ကြည့်နေကြသည်။

အချိန် အတော်ကြာမှ ဦးမြလေးသည် ဦးတင်အောင်ကို သေနတ်ဖြင့် ပစ်ခဲ့မှန်း သိကြရသည်။

×

ဦးမြလေးက အထက်ပါအတိုင်း သူ့ အဖြစ် အပျက်ကို ပြောပြသည်။ ကျွန်တော်လည်း စိတ်ဝင်စားစွာ နားထောင်နေမိသည်။

"ဦးမြလေး အဲဒီတုန်းက သတိ တကယ် မရဘူးပေါ့"

ကျွန်တော်က မေးလိုက်သည်။

"တကယ် သတိမရဘူးဆရာ၊ ကိုယ့်ကိုယ်ကို ဘာလုပ်ခဲ့မှန်းကို မသိဘူး၊ ကျနော် အချုပ်ထဲရောက်နေတုန်း ကျနော့်ကို ခင်ဗျား ဦးတင်အောင်ကို သေနတ်နဲ့ ပစ်ခဲ့တယ်'လို့ ပြောတော့ ကျနော် သိပ် ဒေါသထွက်သွားတယ်၊ ကျနော်နဲ့ အင်မတန် ရင်းနှီးတဲ့လူကို





ကျနော်က သေနတ်နဲ့ ပစ်တယ်ဆိုတော့ မဟုတ်နိုင်ဘူးဆိုပြီး ဒေါသထွက်တာပေါ့"

"ဒါဖြင့် ဦးတင်အောင်ကို သေနတ်နဲ့ ပစ်မိမှန်း ဘယ်တော့မှ သတိပြန်ရသလဲ"

"မန္တလေးထောင်ကို ရောက်မှဘဲ သတိရတယ်ဆရာ၊ အဲဒီကျမှ ကျနော့်ကို အိပ်ဆေးကျွေးလို့ ကောင်းကောင်း အိပ်ပျော်ပြီး သတိပြန်ရတယ်"

"ဘယ်လိုလုပ် သတိရတာလဲ"

"ဒီလိုပါ ဆရာ၊ ထောင်ထဲမှာ ထောင်အင်္ကျီဝတ်ရတော့ ကျနော့် အင်္ကျီပေါ်မှာ 'စိတ္တဇ'လို့ ရေးထားတယ်၊ အဲဒီစာ မြင်မှ ငါစိတ္တဇဖြစ်ပြီး ဦးတင်အောင်ကို သေနတ်နဲ့ ပစ်မိသလားလို့ တွေးမိတယ် ဆရာ"

"အင်း၊ ဒါနဲ့နေပါအုံး၊ အဲဒီ ဦးတင်အောင်ရော သေသွားရောလား"

"မသေဘူးဆရာ၊ တော်တော် အသက်ပြင်းတဲ့လူ၊ ကင်ပဆုံ ရိုးကို မှန်တဲ့ဒဏ်ရာက ကျည်ဆန်ကို ထုတ်ယူရတယ်၊ ရင်ဘတ်က ဒဏ်ရာလဲ ပျောက်ကုန်တာဘဲ"

"ဒီလိုဆိုတော့ ခင်ဗျားအမှုက လူသတ်မှု မဟုတ်ဖူးပေါ့"

"ဒါပေါ့ဆရာ၊ လူသတ်မှု မဟုတ်ဖူး၊ လူကို သေအောင်ပြုလုပ်မှုဆိုတဲ့ပုဒ်မနဲ့ တရားစွဲခံရတယ်၊ ပထမတော့ တရားသူကြီးက ကျနော့်ကို စိတ်ကောင်းရက်သားနဲ့ ပြစ်မှု ကျူးလွန်တယ်ဆိုပြီး ထောင်ခြောက်လ ချပစ်လိုက်တယ်။ နောက်မှ ကျနော်က အယူခံဝင်တော့ စိတ်နောက်လို့ ပြစ်မှု ကျူးလွန်ကြောင်း ထင်





ရှားတယ် ဆိုပြီး အမှုက တရားသေ လွှတ်လိုက်ပြီး စိတ္တဇဆေးရုံမှာ ဆေးတက်ကုဘို့ ပို့လိုက်လို့ အခု ဒီဆေးရုံကို ရောက်လာတာဘဲ"

"အင်း၊ ခင်ဗျားအဖြစ်အပျက်က တော်တော် စိတ်ဝင်စားစရာဘဲ။ ဒါနဲ့ ဟိုမိန်းမခိုမှုက ဘယ်လိုဖြစ်သွားလဲ"

"တရားခံကို မိတယ် ဆရာ၊ တရားခံ ရွှေမှာ ကျနော်က မိန်းကလေးကို 'တကယ် ကြိုက်လို့ လိုက်သွားသလား၊ ဒါမှ မဟုတ် အတင်း အဓမ္မခေါ်သလား' မေးတော့ မိန်းကလေးက မကြိုက်ပဲနဲ့ အတင်းခေါ်တယ်ပြောတာနဲ့ ဟိုကောင် ထောင်ကျတယ် ဆရာ"

×

ဦးမြလေး အဖြစ် အပျက်အားလုံးကို ကျွန်တော်သိရပေပြီ။ ဦးမြလေး၏ စိတ္တဇ ဝေဒနာအကြောင်း အနည်းငယ် ဖော်ပြချင်ပါသည်။

ဦးမြလေးသည် အလုပ် ဝတ္တရားများကို လေးစားသည်။ မှန်မှန် ကန်ကန်လုပ်သည်။ သူ အမှုန်းဆုံး အမှုတခုကို ကိုင်တွယ်ရသောအခါ ပို၍ ကြိုးစားသည်။ ထိုသို့ ကြိုးစားစဉ် သူ၏ အထက်အရာရှိက တရားခံဘက်မှငင်း၊ လအက ဥက္ကဋ္ဌက တရားလို ဘက်မှငင်း ရပ်တည်ကြ၍ ဦးမြလေးမှာ ကြားလူ အဖြစ်အမှုကို ဘယ်ကဲ့သို့လုပ်ရမည်ကို စေခွဲမရ၍ စိတ်ဒွိဟဖြစ်သည်။ စိတ် အင်မတန် ညစ်သွားသည်။ တဖက်မှ တရားခံကို မိအောင်ရှာစေ၍ တဖက်မှ တရားခံကို ခြေရာဖျောက်ခိုင်းနေရာ စိတ်ညစ်ရမည် အမှန် ဖြစ်သည်။





စိတ်ညစ်၍ အိပ်၍ မပျော်ချေ။ စိတ်ညစ်ခြင်း၊ အိပ်မပျော်ခြင်းတို့မှ စိတ္တဇ ဖြစ်လာပေလိမ့်မည်။ စိတ္တဇ ဖြစ်လာသောအခါ ရူသားများက ဆေးခပ်လိုက်သည် ထင်လာသည်။ တရားခံဖက်မှလည်း မကောင်းကြံစည်သည် ထင်လာသည်။ နားထဲတွင် ကြောက်စရာ အသံမျိုးစုံ ကြားလာသည်။ ထိုအသံများကြောင့် အိပ်ရေးပိုပျက်ပြီး စိတ္တဇ ပိုဆိုးလာသည်။ ကြောက်သောစိတ္တဇ ဖြစ်လာပေမည်။ ဤကဲ့သို့သော စိတ္တဇဝေဒနာခွဲကပ်လျှင် လူအများအပေါ် မသင်္ကာစိတ်များ အလွန် များပြားသည်။ လူအများက သူ့ကို မကောင်းပြုလုပ်သည်။ အသက်ရန်ရှာလိမ့်မည်ဟု ထင်တတ်သည်။ ထိုကဲ့သို့ ဖြစ်နေချိန်တွင် မိမိက ဦးအောင်တပါးသူကို တခုခုပြုလုပ်တတ်သည်။ များသောအားဖြင့် ရာဇဝတ်မှုများကို ကျူးလွန်တတ်သည်။ ဦးမြလေးသည် ဤအကြောင်းများကြောင့် ရာဇဝတ်မှု ကျူးလွန်ခြင်း ဖြစ်ပေမည်။

ဦးမြလေးက သူ၏ မကျေနပ်ချက်တခုကို ကျွန်တော့်အား ပြောပြသည်။ ၎င်းမှာ အထက်အရာရှိ၏ ပေါ့ဆမှုဖြစ်သည်။ ဦးမြလေး၏ စိတ် မှုမမှန်မှန်းသိလျက်နှင့် စိတ္တဇဆေးရုံသို့အချိန်မီ မပို့ခြင်းဖြစ်သည်။ အကယ်၍သာ ဦးမြလေးကို အချိန်မီ စိတ္တဇဆေးရုံသို့ တင်ပို့ကုသပါက ဤသို့ မဖြစ်ဟု ဦးမြလေးကဆိုသည်။

ကျွန်တော်သည် ဦးမြလေး စကားကို ထောက်ခံလိုက်သည်။ အကယ်၍သာ ဦးမြလေးသည် စိတ္တဇဆေးရုံသို့ အချိန်မီလာရောက် ကုသပါက ယခုကဲ့သို့ ရာဇဝတ်မှု မဖြစ်နိုင်ဟု ယုံကြည်ရမည် မဟုတ်ပါလော။ ။

## ဝက်ရူးပြန် လူသတ်သမား

ကျွန်တော်သည် ယခင်က ဝွတ္တလစ် ရပ်ကွက်တွင် နေခဲ့ဘူးသည်။ ဝွတ္တလစ်မှ လူများသည် ကျွန်တော့်ကို ခင်မင်ကြသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ အကူအညီလိုလျှင် ကျွန်တော့်ထံ လာကြ၏။ တိုင်ပင်ကြသည်၊ ဆွေးနွေးကြသည်။

တနေ့တွင် စိတ္တဇဆေးရုံရှိ ကျွန်တော့် အခန်းထဲသို့ အဖိုးကြီးတဦးနှင့် အမယ်ကြီးတဦး ဝင်လာကြသည်။

"ကဲ ထိုင်ကြပါ၊ လူနာ ပြမလို့လား"

"လူနာပြဘို့ မဟုတ်ပါဘူး ဆရာလေး၊ကျနော်တို့သား တယောက် စိတ္တဇဆေးရုံမှာတင်ထားရလို့ အဲဒီလူနာကို ဆရာလေးက ကူညီစောင့်ရှောက်ဖို့ လာပြောတာပါ၊ ဘကြီးတို့က ဝွတ္တလစ်က ပါ"

"အော် ဝွတ္တလစ် က လား၊ ကျနော်ကူညီပါ့မယ်၊ လူနာက ဘယ်အဆောင်မှာလဲ၊ နံမယ် ဘယ်လိုခေါ်သလဲ၊ ဘာရောဂါလဲ"

ကျွန်တော်က ဆက်တိုက် မေးလိုက်သည်။

"(၁)ဆောင်မှာပါ၊ နံမယ်က ထွန်းသိန်းလို့ ခေါ်ပါတယ်၊ ဝက်ရူးပြန် ရောဂါက စပြီး စိတ်နောက် နေတာပါ"



"အဲဒီ့လူနာကိုတော့ ဆရာလေးကူညီစေချင်တယ်၊ ဘာပြုလို့လဲဆိုတော့ ကျနော်တို့က လူနာနဲ့ သွားမတွေ့ရဲဘူး၊ ပြန်လိုက်မယ် တကဲကဲလုပ်နေတယ်၊ အခု သူ့ကိုလာပြီးချောင်းကြည့်တာ၊ သူက အရင်ကလဲ နှစ်ကြိမ်လောက် ဆေးရုံ တက်ပြီးဘီ၊ အပြင်ရောက်ရင် သိပ်ဆိုးတယ်၊ အဖေ အမေကို ရိုက်ချင် နှက်ချင်တယ်၊ ကျနော်တို့ ဆန္ဒကတော့ လုံးဝ နေကောင်းမှ အိမ်ပြန်လွှတ်စေချင်တယ်"

"ကောင်းပါဘီ့ဘကြီး၊ ကျနော် သက်ဆိုင်ရာ အဆောင်က ဆရာဝန်ကိုပြောပေးပါ့မယ်၊လုံးဝနေကောင်းမှ ပြန်လွှတ်မှာပါ"

နောက်နေ့တွင် ကျွန်တော် လူနာထွန်းသိန်းကို သွားကြည့်သည်။ လူနာမှာ ငြိမ်သက်လျက်ပင်။ လူနာ၏ဖိုင်တွဲကို ကြည့်ရှုရာ ဝက်ရူးပြန်ရာက စိတ်နောက်နေခြင်း[၂] ဖြစ်ကြောင်း တွေ့ရသည်။လူနာနှင့်စကားပြောကြည့်ရာ ကောင်းကောင်း မှန်မှန်ပင် ပြန်ပြောသည်။ စကားပြောလည်း မမှားချေ။ ဝက်ရူးပြန်ခြင်းလည်း မရှိတော့ဟု သိရသည်။သို့နှင့် ကျွန်တော်သည် လူနာကို စိတ်အေးအေး ထား၍နေရန် အားပေးပြီး လုံးဝ နေကောင်းလျှင် ပြန်လွှတ်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

×

တနင်္ဂနွေ နှစ်ပတ်မျှ ကြာသွား၏။

တညနေ ကျွန်တော့် ဆေးခန်းသို့ အဖိုးကြီးနှင့် သူ့သား ဝင်လာကြ၏။ကျွန်တော်လည်း အံ့အားသင့်ရင်း

[၂] EPILEPTIC PSYCHOSIS





"ဟာ၊ ဆေးရုံက ဆင်းလာပလား။ ကျနော်တောင် မသိဘူး"

"သူ့ဟာသူ လက်မှတ်ထိုးဆင်းလာတယ်ဆရာ၊ ကျနော်တို့ လဲ ခေါ်တာမဟုတ်ဘူး"

အဖိုးကြီးက ပြန်ဖြေသည်။

"အခု နေကောင်းရဲ့လား"

"ကောင်းပါတယ် ဆရာ"

လူနာက သွက်လက်စွာပင် ဖြေသည်။

"ကျနော့်သားကို ဆရာလေးဘဲ အပ်ပါတယ်၊ ငွေကုန်ရင် ကုန်ပါစေ၊ ရောဂါပျောက်အောင်သာ ကြည့်ရှုပေးပါ"

အဖိုးကြီးက ဖြည်းညှင်းစွာ ပြောဆိုရင်း ကျွန်တော့် ကို အပ်နေသည်။

"လူနာ့ အခြေအနေ ကြည့်ရတာ သိပ်မဆိုးပါဘူး ဘကြီးရယ်၊ ပျောက်ပါလိမ့်မယ်၊ ကျနော် ကူညီပါ့မယ်၊ အဲ ဆေးတော့ မှန်မှန်စားရမယ်"

"ကျနော် ဆေးမှန်မှန် စားပါ့မယ်၊ နေကောင်းရင် အဖေ အမေကို လုပ်ကျွေးချင်တဲ့ အာသီသလဲ ကျနော့်မှာ ရှိပါတယ်"

လူနာက ဝင်ဖြေသည်။

"ကဲ ကောင်းဘီ၊ကျနော့်ဆီ မှန်မှန်လာပြလှဲ့"

သားအဖနှစ်ယောက် ပြန်သွားကြသည်။ကျွန်တော့်ဆီတရက်ခြား နှစ်ရက်ခြားလောက် မှန်မှန်လာပြသည်။ လူနာအခြေအနေမှာ ကောင်းသည်။ အားဆေးလောက်ပဲ ထိုးရ၏။သို့နှင့် နောက်ပိုင်းတွင် တပတ် တခါလောက်သာ လာပြတော့သည်။





ဆေးရုံက ဆင်းခဲ့သည်မှာ တလခွဲလောက်ရှိသွား၏။တညနေ ကျွန်တော့်ဆေးခန်းသို့ ဘကြီး ရောက်လာပြန်၏။

"ဆရာလေးရေ့၊ ကျနော့်သားတော့ ဆေးရုံပြန်ပို့ရပြန်ဘီ၊ မနေ့ညက ပို့လိုက်ရတယ်"

"ဟာ၊ ဘာဖြစ်လို့လဲဘကြီး၊ ကျနော့်ဆီ လာပြနေတုန်းက အကောင်းဘဲ"

"ဒီလိုဆရာလေး၊ ဆရာလေးဆီ လာပြရင်သာ သူကကောင်းနေတာ၊ အိမ်ကျတော့ နဲနဲလေးမှ မကောင်းဘူး၊ ကျနော့်မှာ တနေ့တနေ့ ဘာများဖြစ်မလဲ့လို့ ရင်တမမ လုပ်နေရတာ"

ဝက်ရူးပြန်၍ စိတ္တဇ ဖြစ်သော သူများသည် စကားပြောအင်မတန် ကောင်း၏။ အကြောင်း မသိသူဖြစ်လျှင် တကယ့်လူကောင်းတယောက်ဟု ထင်ကြသည်။ အကျိုးနှင့်အကြောင်းနှင့် သနားစဖွယ် ဖြစ်အောင် ပြောတတ် ကြသည်။ ဤအချိန်များတွင် သူတို့၌ စိတ်နောက်သော လက္ခဏာများ မတွေ့ရချေ။ သို့ရာတွင် သူတို့၌ အင်မတန်ဆိုးဝါးသော အကျင့်တခုရှိသည်။ ၎င်းမှာ ဆရာဝန်များ၊ လူစိမ်း သူစိမ်းများ ရှေ့တွင် တကယ့်လူကောင်း တယောက်ကဲ့သို့ ပြုမူပြောဆို၍ မိဘ ဆွေမျိုးများ ရှေ့မှောက်တွင် ကြမ်းတမ်းလေ့ ရှိခြင်းပင်ဖြစ်၏။တချို့က အိုးခွက် ပန်းကန်များကို ဖျက်ဆီးတတ်သည်။ ဒုတ်ဆွဲ ဓားဆွဲဖြစ်ပြီး လူသတ်မှု များပင် ကျူးလွန်တတ်၏။ အထူးသဖြင့် လူနာ၏ ဝက်ရူးပြန်ရောဂါ ထစတွင် ပိုဆိုးတတ်၏။

ဘကြီးက နေ့စဉ် ရင်တမမ လုပ်နေရသည်ဆိုမှ အထက်ပါ ဝက်ရူးပြန် လူနာများ၏ ဖြစ်ပျက်တတ်ပုံကို စဉ်းစား မိသည်။

"အခု သူက ဘာဖြစ်လို့လဲ ဘကြီးရဲ့"

"မနေ့ညတုန်းကပေါ့ ဆရာလေးရဲ့၊ သူ့ကြည့်ရတာ နဲနဲဝိုင်တယ်၊ ကျနော်ကလဲ တခုခုတော့ ဖြစ်မှာဘဲ ဆိုပြီး အဇာတသတ်နဲ့ဗိမ္ဗိသာရမင်းကြီးအကြောင်း ပြောပြတာပေါ့၊မိဘကျေးဇူးဘယ်လောက် ကြီးမားတယ် ဆိုတာပြောပြတာပေါ့။ကျနော်ဘာပြောပြော သူ နားမဝင်ဘူး၊ 'အဖေ ကျနော့် ခေါးမြှောင်လေးကော' လို့မေးတယ်။ဒီတော့ ကျနော့်ရင်ထဲမှာ ထိတ်ကနဲဖြစ်သွားပြီး ကျနော့်ကို ရန်မူတော့မယ်ဆိုဘာ ရိပ်မိလိုက်တယ်၊ ဒါနဲ့ဟန်မပျက်နေပြီး 'လူလေးရဲ့ ခေါးမြှ င် ဘယ်မှာထားမှန်း အဖေ မသိပါလားကွယ်'လို့ ပြန်ပြော လိုက်တယ်။ ဒီတော့ သူက'အဖေ မကောင်းဘူး၊ အဖေဟာ ခွေးကြီးဘဲ' လို့ပြန်ပြောတယ်။ဒီတင် ကျနော်လဲ အိမ်မှာနေလို့ မဖြစ်တော့ဘူးဆိုပြီး မသိမသာ နောက်ဆုတ်နောက်ဆုတ်နဲ့ အိမ်ပေါ်ကဆင်းပြီး ရဲကင်းကို တန်းပြေးတော့တာဘဲ။

"ကျနော့်သားက ခေါးမြှောင်ကို မတွေ့ဘဲ ကပ်ကျေး တလက် သွားတွေ့တယ်၊ အဲဒါကိုင်ပြီး ကျနော့်နောက်ကို လိုက်တော့တာဘဲ" ဘကြီးသည် မောပန်းသွားဟန်ဖြင့် ခဏမျှ နားပြီး "ကျနော်က ကံကောင်းချင်တော့ ကျနော် သွားတဲ့လမ်းကိုမလိုက်ပဲ လမ်းမှားပြီး တခြားလမ်းကို လိုက်သွားတာကိုး။ လမ်းမှာ လူ့ျှယ်တယောက်နဲ့ သွားတွေ့တယ်၊ အဲဒီ့ လူရွယ်ကို ကပ်ကျေးနဲ့ ထိုးလိုက်တာ ဝမ်းဗိုက်က ဆီးစပ် အထိပေါက်သွားတယ်၊ လူရွယ်ကို ဆေးရုံကြီး ပို့လိုက်ရတယ်၊ သေမလား ရှင်မလား မသိရသေးဘူး။





"ကျနော့် သားလဲ့ လူတွေက ဝိုင်းရိုက်ကြတာ ပေါက်ပြကုန်တာဘဲ၊ ဒါနဲ့ ညတွင်းချင်း စိတ္တဇ ဆေးရုံ ပို့လိုက်ရတော့တာဘဲ၊ ကျနော်လဲ့ ကံကောင်းလို့"

"အင်း၊ ဘကြီးလဲ ကံကောင်းလို့ပါကလား။အရင်ကကော ဒီလို လုပ်တတ်သလား"

"လုပ်ပါလားဆရာ၊ အမေကြီးကို လက်သီးနဲ့ ထိုးထားတာ ဖူးရောင်လို့"

"ကျနော့်ဆီ လာပြတော့လဲ အကောင်း ပါဘဲလား"

"သူ့ရှေ့မှာ သူ့ကို မကောင်းပါဘူးလို့ မပြောဝံ့ဘူးဆရာလေး၊ သူက အိမ်ကျရင် သိပ်ဆိုးတာ၊ ဒါကြောင့် ခုဘခါတော့ ဆေးရုံမှာ သုံးလေးနှစ်လောက် ထားပေးပါ"

"ကောင်းပါပြီလေ၊ သက်ဆိုင်ရာ ဆရာဝန်ကို ကျနော် ပြောပေးပါ့မယ်၊ အခုကိစ္စမှာ အမှုဖြစ်ရင်တော့ ဆေးရုံမှာ အနည်းဆုံး ခြောက်နှစ်လောက် နေရမှာပါ"

×

ဘကြီးတွင် သူ့မိန်းမ အဖွားကြီးလည်း ရှိ၏။ဈေးရောင်း၍ရသော ငွေကလေးဖြင့် သားရောဂါကို ပျောက်ကင်းအောင်ကုသချင်သည်။ ငွေဘယ်လောက် ကုန်ကုန် ရောဂါကို ပျောက်ကင်းအောင်သာ ကုသပေးပါဟု ဆိုခဲ့သည်။ သို့သော် ဆေးတရက်နှစ်ရက် ပြတ်သွားရုံဖြင့် လူနာ၏ရောဂါသည် ပြန်ထလာခဲ့သည်။ ရောဂါပြန်ထပြီဆိုလျှင် ဆရာဝန်နှင့် ကြပ်ကြပ်မတ်မတ်ဆေးကုသမှသာ ရောဂါ ပြန်၍ ငြိမ်သွားပေမည်။ ယခုတော့ ဘကြီးက သားကို ဘာမျှ မပြောဝံ့။ ဆေးကုရန် မပြောဘဲ





တရားသာ ဟောပြသည်။ သို့သော် လူနာသည် စိတ်နောက်နေပြီဖြစ်၍ ဘာမျှ နားမဝင်ရှာ၊ သတိမရရှာ။ ထို့ကြောင့် စိတ် ဆင်ရိုင်း၏ အလိုသို့လိုက်ကာ ဘကြီး၏အသက်ကို ရန်ရှာရန် ကြိုးစားခဲ့သည်။ ကံကောင်းသဖြင့် ဘကြီး ဘာမျှမဖြစ်။ ကံဆိုးသူ၊ ဘာမှ မသက်ဆိုင်သူ လူရွယ် တယောက်မှာ မရှုမလှ ခံလိုက်ရလေသည်။ ဒဏ်ရာမှာ သေဘို့များ၏။

နောက် တနေ့တွင် ထွန်းသိန်းဆီ ကျွန်တော်ရောက်သွား၏။ ထွန်းသိန်းသည် လောလောဆယ် စိတ်မချ ရသေးသဖြင့် 'စဲ'[1] ခန်းကလေးထည်းတွင် ထားသည်။

ထွန်းသိန်း၏ ခေါင်းတွင် ပတ်တီးစည်းထား၏။ ခေါင်းမှဒဏ်ရာကို ငါးချက် ချုပ်ရသည်ဟု ဆရာမက ဆို၏။ကျွန်တော်သည် ထွန်းသိန်းကို အဖြစ်အပျက် မေးကြည့်မိပြန်သည်။

"အဲဒီ့နေ့က ကျနော် ဇက်ကြောတွေ တက်ပြီး ခေါင်းမူးတယ်ဆရာ၊ စိတ်ထဲမှာလဲ ဇဝေဇဝါနဲ့၊အိမ်ကလူတွေလဲ ကျနော့်ကိုကြောက်လို့ တယောက်မှ မရှိကြတော့ဘူး၊ ဒါနဲ့ ကျနော်လဲ အိမ်ထဲက ထွက်သွားပြီး လမ်းမှာတွေ့တဲ့လူနဲ့ ရန်ဖြစ်မိတော့တာဘဲ၊ကျနော့်ခေါင်းလဲ ပေါက်သွားတယ်၊သူတို့ကိုလဲ ကပ်ကျေးနဲ့ ထိုးမိတယ်"

"အဲဒီ့လူတွေ မင်းသိသလား"

"မသိဘူးဆရာ၊ စိတ်ထဲ ဇဝေဇဝါ ဖြစ်နေတော့ ဘာသူမှန်း မသိပါဘူး၊ပြန်လွှတ်ပါတော့ဆရာရယ်၊ကျနော်နေကောင်းပါဘီ"

[1] CELL





ထွန်းသိန်း ကတော့ ပြန်လွှတ် ခိုင်းနေပြန်ပေပြီ။ ဘကြီးက မှာလိုက်သည်။ တတ်နိုင်လျှင် ထွန်းသိန်းကို ဆေးရုံမှာ သုံးနှစ်လောက်ထားရန်။တကယ်တော့ ဘကြီးနှင့် အိမ်သားများသည် ထွန်းသိန်းကို ကြောက်နေကြပေပြီ။

"စိတ် အေးအေး ထားကွာ၊ နေကောင်းရင် ပြန်လွှတ်မယ်"

ထွန်းသိန်းကို ဖြောင့်ဖျပြီး ကျွန်တော်လည်း ကျွန်တော့် အဆောင်သို့ ပြန်ခဲ့သည်။ ကျွန်တော်၏ အဆောင် ပြန်ရောက်သောအခါ စဉ်းစားမိသည်။ထွန်းသိန်းသည် ဤကဲ့သို့ အဘယ်ကြောင့် ဖြစ်လာသနည်း။

ထွန်းသိန်းသည် ငယ်စဉ်ကပင် တက်သည့်ရောဂါ ဖြစ်ခဲ့ဘူးသလော။ ဘကြီး ပြောပြသော စကားများကို ပြန်တွေးကြည့်သည်။

ထွန်းသိန်းသည် ငယ်စဉ်ကပင် လုံးဝ အတက်ရောဂါ မရှိခဲ့ဟု သိရသည်။ လွန်ခဲ့သော ငါးနှစ် ခန့်မှစ၍ အတက် ရောဂါ (ဝက်ရူးပြန်ရောဂါ)ရခဲ့သည်ဆို၏။ ၎င်းရောဂါသည်ထွန်းသိန်း၏ မိန်းမ သေပြီး တနှစ်လောက်အကြာတွင် စဖြစ်ခဲ့သည်။မိန်းမသေဆုံးပြီး ခလေးနှစ်ယောက် ကျန်ရစ်သည်။ထွန်းသိန်းသည် မိဘ၏ လုပ်ငန်းတွင် ဝင်ရောက် လုပ်ကိုင်ရင်း ယခုကဲ့သို့ ဝက်ရူးပြန် ရောဂါ ဖြစ်လာခြင်း ဖြစ်သည်။

ထုံးစံအတိုင်း ဝက်ရူးပြန်ရောဂါကို ပယောဂ ဆရာနှင့် ကုသသည်။ 'ဝက်ရူး ပြန်ခြင်း'ကိုပင် 'ပယောဂ'ဟု စွပ်စွဲပြန်သည်။ ရောဂါ တခြား ဆေးတခြားမို့ ရောဂါ မပျောက်ချေ။ သို့နှင့် တနေ့ နှစ်ကြိမ် သုံးကြိမ်မျှ ပါးစပ်မှ အမြှုပ်များ ထွက်သည်

အထိ ငါးလမျှ တက်နေ၏။ ထို့နောက်ပိုင်းတွင် စိတ္တဇဆေးရုံသို့ ပို့ရတော့သည်။ ထွန်းသိန်းသည် ဝက်ရူးပြန်ရာမှ စိတ်ပါနောက် သွား ပေပြီ။ စိတ်နောက်ခြင်းကို ဆရာလည်း မကယ်နိုင်တော့။

ထွန်းသိန်းတွင် မျိုးရိုး အလိုက် တက်သည့်ရောဂါရှိ၏။ ၎င်း၏ ညီအကို မောင်နှမ နှစ်ယောက်တွင်လည်း တက်သည့်ရောဂါရှိ၏။ ထို့ကြောင့် ထွန်းသိန်း ဝက်ရူးပြန်ခြင်းမှာ၊ မိဘမျိုးရိုးကြောင့်ဟု ဆိုနိုင်ပေသည်။ ဤအချက်ကိုသာ ဘကြီးထံမှ သိခဲ့ရသည်။

အထက်ပါ ထွန်းသိန်း၏ ရောဂါကို ဝက်ရူးပြန်ရာမှ စိတ် နောက်ခြင်းဟု ခေါ်ပါသည်။ များသောအားဖြင့် ဝက်ရူးပြန် ရောဂါများသည် အကြောင်းမရှိဘဲ ဖြစ်ပေါ်လာတတ်၏။ တချို့က မျိုးရိုးအလိုက် ဖြစ်ပေါ်တတ်၏။ တချို့က ဦးနှောက်ရောဂါ များကြောင့် ဖြစ်ပေါ်တတ်၏။

မည်သို့သော အကြောင်းကြောင့် ဝက်ရူးပြန်သည် ဖြစ်စေ၊ ဆေးကုလျှင် ပျောက်ကင်း နိုင်ပါသည်။ ဆရာဝန်များနှင့် ကြပ် မတ်ကုသလျှင် ပျောက်ကင်းမည် ဖြစ်သည်။ ဝက်ရူးပြန် ရောဂါ ရှင်များအတွက် တခု အကြံပေးလိုသည်မှာ ဝက်ရူးပြန် ပျောက် ဆေး အပြင် စိတ်ငြိမ် ဆေးများကိုသည်း စားရန် လိုသည်။

ကျွန်တော့်လူနာ ထွန်းသိန်းသည် တက်ခါနီး သတိ ကင်း လွတ် နေချိန်တွင်[၁] ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်၏။ ဤအချိန် တွင် လူနာသည် လုံးဝသတိ ကင်းလွတ်နေပြီဖြစ်၍ ၎င်း၏ ရန်သူ ထင်သူများကို ရန်မူ မည်ပင်ဖြစ်၏။

[၁] EPILEPTIC TWILIGHT STATE





တချို့က ကိုယ့်ကိုယ်ကို သတ်သေရန် ကြိုးစားကြ၏။ လူနာ သည် အဆိုးဆုံး အချိန်သို့ ရောက်နေ၏။ ထို့ကြောင့်ထွန်းသိန်း ကို ဆေးရုံရောက်စတွင် စခန်းထဲတွင် ထားရခြင်းဖြစ်၏။ အခြား လူနာများနှင့် ရောထား၍ မဖြစ်ချေ။ သူ့စိတ်မှာ မငြိမ်သေး သဖြင့် ရန်မူမှာ စိုးရသည်။

×

နောက် ညနေတွင် ဘကြီးသည် ကျွန်တော့် ဆေးခန်းသို့ ရောက်လာပြန်၏။ ထွန်းသိန်း ကပ်ကျေးနှင့် ထိုးခဲ့သော လူနာ သည် မသေနိုင်ဟု သိခဲ့ကြောင်း ပြောပြ သွားသည်။ လူနာသည် သက်သာနေပြီ ဖြစ်၏။

လူနာ သက်သာလာသဖြင့် အမှုဖြစ်ချင်မှ ဖြစ်ပေတော့မည်။

လူနာ၏ ဆွေမျိုးများသည် ထွန်းသိန်း စိတ်နောက် နေမှန်း သိ၏။ အမှု လုပ်လျှင်လည်း ဘာမျှ အဖြစ်ရောက်မည် မဟုတ် ချေ။ သို့သော် ဘကြီးကတော့ အမှု ဖြစ်စေချင်၏။ သို့မှသာ ထွန်းသိန်းကို ဆေးရုံမှာ ကြာရှည်စွာထား၍ ဆေးကုသနိုင်ပေ မည်။ ထို့ပြင် ဘကြီးတို့ မိသားစုသည်လည်း ထွန်းသိန်းရန်မှ ကင်းဝေးစွာ အလုပ် လုပ်နိုင်ကြမည် ဖြစ်ပေသည်။ ထွန်းသိန်း အတွက် ငွေရှာနိုင်ကြမည်။

အမှန်တော့ ကျွန်တော်တို့ဆေးရုံသည် ထွန်းသိန်းလို လူနာ မျိုးကို ရောဂါလုံးဝပျောက်ကင်း၍ စိတ်ချရသည့် အချိန်တွင်မှ ပြန်လွှတ်သင့်ပေသည်။ လူနာ ရှင်များကလည်း ဆေးကို မပြတ် ကျွေးရန် လို၏။ ထွန်းသိန်းသည် ဤအဖြစ် အပျက် မဖြစ်မီ နှစ်ရက် အလိုတွင် ဆေးပြတ်သွားခဲ့သည်။ ထို့ကြောင့် စိတ်ပြန်



နောက်ခြင်းပင်။ စိတ်နောက်လျှင် သူတို့သည် ခိုက်ရန်ဖြစ်ခြင်း များ၊ ရာဇဝတ်မှုများ ကျူးလွန်တတ်ကြသည်။

ထို့ကြောင့် ဝက်ရူးပြန်၍ စိတ်နောက်သော လူများသည် အစွယ်ကားကားနှင့် တောဝက်များကဲ့သို့ အန္တရာယ် များလှ ပါကလားဟု သတိချပ်ကြစေချင်ပါသတည်း။ ။



## ဖရော်ဖက်ဆာ မှတ်ကြီး

[၁]

ကျွန်တော်တို့ ဆေးရုံတွင် 'ပရော်ဖက်ဆာ မှတ်ကြီး' ဟု ခေါ်သော ကုလား အမျိုးသား လူနာတဦး ရှိသည်။ သူ၏ ထူးခြားမှုကြောင့် ဆေးကျောင်းသားများ အားလုံးက သူ့ကို သိနေကြသည်။ ကျွန်တော်တို့နှင့် တွေ့လျှင် သူ့အကြောင်းကို မေးကြသည်၊

သူ၏ထူးခြားမှုများက အဘယ်နည်း။ ကိုမှတ်ကြီးသည်သူ့ကိုယ် သူ ပရော်ဖက်ဆာဟုခေါ်သည်။ သူများကလည်း သူ့ကို ပရော် ဖက်ဆာဟု ခေါ်မှုကြိုက်သည်။ အမြဲတမ်း ဆေးတန်ကြီး ခဲလျက် ဘောင်းဘီရှည်၊ ဦးထုပ် စသည်တို့ကို ဝတ်ဆင်လျက် ရှိသည်။ အင်္ဂလိပ် စကား ကောင်းမွန်စွာ ပြောတတ်၏။ ရေးတတ်၏။ အသက်မှာ လေးဆယ်ကျော်ပေပြီ။ ကိုယ်ခန္ဓာမှာ မပိန် မဝ ဖြစ်၏။ အရပ်ရှည်သည်။ မျက်နှာထားမှာ အမြဲတမ်း ပြုံးရွှင်လျက် ရှိ၏။ ဆရာဝန် ဆရာမများနှင့် တွေ့လျှင် ဖော်ရွေစွာ နှုတ်ဆက်လေ့ ရှိ၏။

စနေနေ့များတွင်ဆေးကျောင်းမှ ကျောင်းသူကျောင်းသားများသည် စိတ္တဇဆေးရုံသို့ စိတ္တဇရောဂါ လက်တွေ့လေ့လာမှုဖြင့် လာရောက်ကြသည်။ဆရာဝန်ကြီးက လူနာအမျိုးမျိုးကို လိုက်လံပြသသည်။ ဘယ်လူနာက ဘယ်ရောဂါ၊ ဘယ်ရောဂါဖြစ်လျှင် ဘယ်လို လက္ခဏာများ ရှိသည် စသည်ဖြင့် လက်တွေ့ပြသည်။ တချိန်တွင် ကိုမှတ်ကြီးသည် ပရော်ဖက်ဆာ မှတ်ကြီးအနေဖြင့် ကျောင်းသားများကို ပြသခြင်း ခံရ၏။ကျောင်းသားများက မေးလိုက်၊ ကိုမှတ်ကြီးက ဖြေလိုက် စသည်ဖြင့် ပွဲကျတတ်၏။

ဤနေရာတွင် ကိုမှတ်ကြီးဘာတွေပြောသည်ကို အနည်းငယ် ဖော်ပြချင်လို့သည်။များသောအားဖြင့် ကိုမှတ်ကြီးက အင်္ဂလိပ်လို ပြော၏။ သူ ပြောသော စကားများမှာ သူသည် ပရော်ဖက်ဆာတဦး ဖြစ်ကြောင်း၊အခု သုတေသန ပြုလုပ်နေကြောင်း၊ စိတ်ပညာကျမ်းနှင့် စိတ္တဇဆေးပညာကျမ်းများ ပြုစုနေကြောင်း၊ လူ၏ ဦးနှောက်ကို သုတေသန ပြုကြည့်ရာတွင် ဦးနှောက်သည် တီကောင်များဖြင့် ပြည့်နှက်လျက် ရှိကြောင်း၊ စိတ္တဇရောဂါမှာ ၎င်း တီကောင်များကြောင့် ဖြစ်ပေါ်လာကြောင်း၊ တီကောင်များကို ထုတ်ပစ်နိုင်လျှင် စိတ္တဇရောဂါ ပျောက်ကင်းမည် ဖြစ်ကြောင်း ပြောပြတော့သည်။၎င်း၏ သုတေသန ပြုချက်များကို ကမ္ဘာသို့ ဖြန့်ချိရန် စိတ်ကူးထားကြောင်းပါ ပြော၏။

ကျောင်းသား တယောက်က "ပရော်ဖက်ဆာမှတ်ကြီး၊ခင်ဗျားကော အခု စိတ်နှောက်နေသလား"ဟု မေးရာ မနှောက်ကြောင်း၊ လူကောင်းဖြစ်ကြောင်း ပြန်ဖြေ၏။ (ဤအချက်သည် အရေးကြီး၏။စိတ္တဇ ဝေဒနာရှင် တဦးကို အေးပတ်ဝန်းကျင်မှ လူများက စိတ်နှောက်နေမှန်းသိ၏။သို့သော်လူနာကိုယ်တိုင်က မသိချေ။ အကယ်၍ လူနာသည် မိမိကိုယ်ကို မိမိ စိတ်နှောက်နေမှန်း သိလာလျှင် ထိုသူ၏ ရောဂါ တဝက်လောက် ပျောက်ကင်းပေပြီ။)

ကျောင်းသားများသည် ကိုမှတ်ကြီးကို မေးမြန်းပြီးနောက် အခြားလူနာများကို လိုက်လံကြည့်ရှုကြသည်။သို့သော် ကိုမှတ်ကြီးက ကျောင်းသားများ နောက် တကောက်ကောက် လိုက်၍ သူ၏ သုတေသန လုပ်ငန်းများကို ပြောလျက်ပင်။ထို့ကြောင့် ကျောင်းသားများက သူ့ကို မှတ်မိထားကြသည်။

ကိုမှတ်ကြီးကို ကျွန်တော် ကျောင်းသား ဘဝ ကလည်း ဤအကိုင်းပင် တွေ့ရသည်။ကျွန်တော်ဆရာဝန်ဖြစ်၍ စိတ္တဇဆေးရုံ၌ အမှုထမ်းရသော အခါ၌လည်း တွေ့ရပြန်သည်။ ယခင်က အတွေးအခေါ်များသည် ယခုထိ မပြောင်းလဲချေ။ယခုထိ သုတေသန ပြုလျက်ပင်။ ကျောင်းသားများသာ ဆရာဝန် ဖြစ်သွားကြသည်။ ကိုမှတ်ကြီးကား သုတေသန ပြုဆဲ။

အထက်ပါတို့သည် ကိုမှတ်ကြီး၏ ထူးချားချက်များ ဖြစ်ကြသည်။

[၂]

ကိုမှတ်ကြီးသည် ရာဇဝတ်မှု လူနာတဦးဖြစ်သည်၊ကိုမှတ်ကြီး အကြောင်း မှတ်တမ်း တင်ထားရန် ကျွန်တော် စိတ်ကူး၏။ ထို့ကြောင့် တနေ့တွင် ကိုမှတ်ကြီးကို ကျွန်တော့် အခန်းသို့ခေါ်၍ သူ့ အဖြစ်အပျက်များကို မေးကြည့်ရတော့သည်။

"ပရော်ဖက်ဆာ မှတ်ကြီး၊ ခင်ဗျား ဒီဆေးရုံ ရောက်တာ ဘယ်လောက် ကြာပလဲ"

"ဆယ့်ငါးနှစ်နဲ့ ငါးလ ရှိပါပြီ ဆရာ"

"ဟာ၊ ကြာလှချည့်လား ဗျ"

"ကြာဆို လွတ်မှမလွတ်သေးဘဲနဲ့ ဆရာရယ်"

"လွတ်ရအောင် ခင်ဗျားက နေကောင်းလို့လား"

"ကောင်းပါတယ် ဆရာရဲ့၊ကျနော် အစကထဲက နေကောင်းတာဘဲ"

"နို့ ဘာဖြစ်လို့ ဒီဆေးရုံရောက်လာတာလဲ"

"ဒီလို ဆရာရဲ့၊၁၉၅၃ခုနှစ်က အမှုတခုဖြစ်တယ်၊ အဲဒီအမှုကြောင့် ဒီကိုရောက်လာတာဘဲ"

"ဘာမှုလဲ"

"လူသတ်မှုလို့ ပြောတာဘဲ"

"ခင်ဗျားက လူတယောက်ကို သတ်လိုက်တာလား"

ကျွန်တော်က အံ့သြစွာ မေးလိုက်၏။

"မသတ်ပါဘူး၊အဖြစ် အပျက်က ဒီလိုပါ၊ အဲဒီ ၁၉၅၃ခုနှစ် တညနေမှာ လူနှစ်ယောက် ကျနော့် ဆီလာတယ်၊ တယောက်က ဂဲနဲ့ကျနော့် ကိုပေါက်တယ်၊ကျနော်က ရှောင်လိုက်တယ်၊ နောက် တယောက်က ဓားနဲ့ထိုးဘို့ ပြေးလာတယ်၊ကျနော်က ပထမလူကို အကာအကွယ်ပြုပြီး ဝင်နပန်းလုံးတာဘဲ။ဒီတင် ဘယ်လိုဖြစ်သွားတယ် မသိဘူး၊ဓားနဲ့ပြေးလာတဲ့ ဒုတိယလူ သေသွားတယ်"

"သေသွားတော့ ခင်ဗျားကို ဖမ်းရောလား"

"ဖမ်းတာပေါ့၊ဖမ်းပြီး ရုံးတင်စစ်ဆေးတော့ ကျနော်က ဒီအတိုင်းဘဲ ပြောပြတယ်၊ တရားသူကြီးက မယုံဘဲ ဒီဆေးရုံ ပို့လိုက်တာဘဲ"

ကိုမှတ်ကြီးက ပြုံးရွှင်စွာ ပြန်ပြော၏။(ကိုမှတ်ကြီးသည် သူက ဒုတိယလူကို သတ်မိမှန်း ခုထိ မသိသေးချေ။ စိတ်နှောက်နေမှန်းလည်း ခုထိ မသိသေး။ထို့ကြောင့် ဆေးရုံတွင် ယခုထိ ဆေးကုနေရတုန်းပင်။)

"ဒါနဲ့ အမှုက လွတ်သွားပလား"

"လွတ်သွားပါပြီ၊ ပြန်ဘို့ စာတင် ထားပါတယ်"

"အမှုမဖြစ်ခင်က ခင်ဗျား ဘာ အလုပ် လုပ်သလဲ"

"ကန်ထရိုက် အလုပ် လုပ်ပါတယ်၊ ကျနော်တို့က စီးပွားဖြစ်တော့ မနာလိုလို့ ရန်မူတယ် ထင်တာပါဘဲ"

"မိန်းမ ရှိလား"

"မရှိပါဘူး"

"ညီအကို မောင်နှမတွေ ရှိလား"

"ရှိပါတယ်၊ရန်ကုန်မြို့ထဲမှာဘဲ နေတယ်"

"ဆွေမျိုးထဲမှာ စိတ်နှောက်တဲ့လူ ရှိသလား"

"မရှိပါဘူး"

"ဒီမှာနေရတာ ပျော်ရဲ့လား"

"ပျော်လို့ နေနေတာပေါ့ ဆရာရယ်"

"ဒီဆေးရုံရောက်တော့ ဘာတွေဖြစ်သေးသလဲ၊ပြောပါအုံး"

"ကျနော် ဒီဆေးရုံ ရောက်စက ဟသာတကောက်က ရာဇဝတ်မှု လူနာတယောက်နဲ့ အတူ နေရတယ် ဆရာရဲ့၊ သူက ရွှတ်ပတ်ပိုး တညတော့ ကျနော့် မိန်းမကို ခိုးသွားပါရောဗျာ"

"ဟယ် ခင်ဗျားတို့ အခန်းထဲမှာ မိန်းမရှိသလား၊ ခင်ဗျား မှာလဲ မိန်းမ မရှိဘူးဆို"

"မိန်းမဆိုတာ စိတ်[၁]ကို ပြောတာ ဆရာရဲ့၊ သူက တခါထဲ ကျနော့်စိတ်ကို ခိုးသွားပါရော"

"ဒီတော့"

"ကျနော်ကလဲ ဘယ် ခံမလဲ၊ မန္တန်ခတွေ ပြန်ရွတ်ဖတ်ပြီး ကျနော့် မိန်းမကို ပြန်ခိုးတာပေါ့၊ ကျနော့် မိန်းမ အပြင် သူ့မိန်းမကိုပါ တခါထဲ ခိုးယူလိုက်တယ်၊ အဲဒီလူမှာ စိတ် မရှိတော့ဘူး၊ တခါထဲ သွားတာဘဲ"

"ဘာ သွားတာလဲဗျ"

"ဩော် စိတ်တန်ခိုး မရှိတော့တာ ပြောတာပေါ့"

"အဲဒီလူ အခု ရှိသေးသလား"

"မရှိတော့ဘူး ဆရာ၊ ပြန်လွတ်သွားပြီ"

"ပြန်လွတ်သွားတော့ နေကောင်းသွားလို့နဲ့တူတယ်၊ ကိုမှတ်ကြီး ပြန်မလွတ်သေးတာ နေမကောင်းလို့နဲ့တူတယ်"

(ကျွန်တော်က မသိမသာ သူ့ရောဂါကို အစဖော်ပေးလိုက်သည်။ သူ့ရောဂါကို သိသွားလျှင် ပျောက်ဖို့ နီးပေပြီ။)

"ဘာရောဂါလဲဆရာ၊ ကျနော့်မှာ ဘာရောဂါမှ မရှိပါဘူး။ ရောဂါ ပျောက်သွားပုံ ပြောရအုံးမယ်။ ၁၉၅၇ခုနှစ်တုန်းက ကျနော်က စိတ်ပညာကို လေ့လာကြည့်တော့ ဦးနှောက်ထဲမှာ တီကောင် အများကြီးဝင်နေတာ တွေ့တာကိုး ဆရာရဲ့။ ဒီတွင် ကျနော်က ဆွဲထုတ်တာပေါ့၊ နှစ်ဆယ့် လေးကောင်လောက်ရှိ

၁ WILL POWER





တယ်။ တကောင်ပြီး တကောင် ဆွဲထုတ်လိုက်တာ အားလုံးလဲ ကုန်ရော ကျနော်လဲ နေကောင်းတာဘဲ"

"ဒါဖြင့် အစက ဘာရောဂါရှိသလဲ၊ စိတ္တဇ ရှိသလား"

"ဘယ်ရှိရမလဲဆရာရဲ့၊ ခေါင်းကိုက် ရောဂါသာ ရှိတာပါ"

ကိုမှတ်ကြီးကို သူ့ ရောဂါအကြောင်းမေး၍ မရချေ။ ယခုထိ သူ့ကိုယ်သူ စိတ္တဇ မရှိဟု ယုံကြည်နေ၏။

ထိုစဉ် ဆရာမ ဝင်လာ၏။

"ဆရာ ဟိုတခါတုန်းက ကိုမှတ်ကြီးဟာလေ၊ သူ့အခန်းထဲမှာ လူဦးခေါင်းခွံတခုထဲကို ဘယ်က ဖမ်းထားမှန်း မသိတဲ့ တီကောင်တွေ ထည့်ထားတယ်ဆရာရဲ့။ ကျောင်းသားတွေလာတော့ အဲဒါ ထုတ်ပြပါလေရော၊ ဟုတ် မဟုတ် သူ့မေးကြည့်ပါလား"

ကျွန်တော်က ဆရာမပြောဆိုချက် ဟုတ် မဟုတ် ကိုမှတ်ကြီးကို မေးကြည့်သည်။ ဟုတ်မှန်ကြောင်း ကိုမှတ်ကြီးက ပြန်ပြော၏။

"အဲဒီ ဦးခေါင်းခွံနဲ့ တီကောင်တွေကို ကိုမှတ်ကြီးက ထုတ်ပြတော့ ကျောင်းသားတွေက ဘာပြောသွားသလဲ"

"လက်တွေ့သိသွားတာပေါ့ ဆရာရဲ့။ ကျနော့်ကိုလဲ တော်တယ်လို့ ချီးမွမ်းသွားကြတယ်"

"ဦးနှောက်ထဲ တီကောင်တွေ ရောက်နေတာ ဖြစ်နိုင်ပါ့မလား ကိုမှတ်ကြီးရဲ့"

ကျွန်တော်က ပြုံး၍မေးလိုက်သည်။

"ဟာ ဖြစ်နိုင်တာပေါ့ ဆရာရဲ့၊ ဒါကြောင့် ကျနော်က လက်တွေ့ ပြချင်တာ ဆရာကြည့်ချင်ရင် လက်တွေ့ ပြအုံးမယ်"





"တော်ပါပြီဗျာ၊ နောက် ဘာအထူးအဆန်း ဖြစ်သေးသလဲ ပြောစမ်းပါအုံး"

ကိုမှတ်ကြီးက ခဏမျှ စဉ်းစားပြီး

"တခါက ကျနော့်ကို ပြူစားခံရတယ် ဆရာရဲ့၊ ဗိုက်ထဲ အလုံးသွင်းတာဘဲ"

"ဘယ်သူက ပြူစားတာလဲ"

"ကျနော်နဲ့ အတူနေတဲ့လူပေါ့၊ အစာထဲမှာ အဆိပ် ခပ်လိုက်တာဘဲ၊ ဘာရမလဲ ကျနော်က ကျနော့် ပညာနဲ့ ပြန်ထုတ်ယူတာပေါ့။ တီကောင်တွေဘဲ ဆရာရဲ့၊ ပါးစပ်ကနေ အကုန် ပြန်ထုတ်ယူလိုက်တယ်။ အဲ ဒီကောင်လဲ ကျွန်တော်က သွားပြီး သတိ ပေးလိုက်တယ်။ မင်း နောက်တခါ ဒီလိုလုပ်ရင် ငါ့ပညာ အကြောင်း သိစေ့မယ်လို့"

"အင်း ဆန်းတော့ ဆန်းသား၊ နောက် ဘာဖြစ်သေးသလဲ ဆက်စမ်းပါအုံး"

"ကျနော်က အဲလို ပညာမျိုးစုံတတ်ထားတော့ ပထမတော့ စိတ်ပညာကို ရှာဖွေသိရှိတယ်။ ဒုတိယ စိတ္တဇဆေးပညာကို သိရှိတယ်။ တတိယ ပန်းနာရောဂါ အမြစ်ပြတ်ဆေးကို တွေ့ရှိထားတယ်"

"အော် တခါက ခင်ဗျား ကျနော့် ဦးလေးကို ပေးလိုက်တဲ့ ဆေးနည်းလား"

"ဟုတ်ပါတယ်"

တခါက နယ်မှ ကျွန်တော့် ဦးလေး တယောက် ကျွန်တော့်ဆီ လာလည်သည်။ တညနေ စိတ္တဇ ဆေးရုံရှေ့ရှိ လဘက်ရည်



ဆိုင်သို့ လဘက်ရည် သွားသောက်သည်။ ထိုဆိုင်တွင် ကိုမှတ်ကြီးနှင့်တွေ့ကြ၏။ ကျွန်တော့်ဦးလေးသည် ကိုမှတ်ကြီးကို လူကောင်းဟုပင် ထင်နေ၏။ ကျွန်တော့် ဦးလေးတွင် ပန်းနာရောဂါရှိသဖြင့် မောနေရာ ကိုမှတ်ကြီး မြင်သွားသဖြင့် ပန်းနာရောဂါ အမြစ်ပြတ် ဆေးနည်း ပေးလိုက်တော့၏။ ကျွန်တော့် ဦးလေးက အဟုတ်မှတ်၍ အိမ်ရောက်လျှင် ကျွန်တော့်ကို ဆေးစာပြသည်။

ဆေးစာမှာ

> ပန်းနာ အမြစ်ပြတ်ဆေး။
> ပျားရည် ၄ ါးကျပ်သား။
> ခဲမဖြူ ဆယ့်နှစ်ကျပ်သား။
> ဝယ်ရမည့်နေရာ ၂၈ လမ်း။

ပရော်ဖက်ဆာ မှတ်ကြီး
တဆင့်/ စိတ္တဇဆေးရုံ။

ကျွန်တော်နှင့် အိမ်သားများသည် အထက်ပါ ဆေးစာကို ကြည့်ပြီး ဝိုင်းရယ်ကြ၏။ ဦးလေးကိုလည်း မှတ်ကြီးသည် လူနာ တဦးသာ ဖြစ်ကြောင်း ပြောပြလိုက်ရသည်။

"အဲဒီတုန်းက ကျနော့် ဦးလေးက ခင်ဗျား ဆေးနည်းကို တော်တော် သဘောကျ သွားတယ်ဗျ"

"ဟဲ ဟဲ၊ သဘောကျရမှာပေါ့ ဆရာရဲ့။ သေသေ ချာချာ သုတေသန ပြုထားတာဘဲ"

ကျွန်တော်က ပြုံးနေမိသည်။

"ကျနော် နောက်ဆုံး သုတေသနပြုချင်တာကတော့ နတ်ဆိုး[၆] တွေကို ဘယ်လို ကာကွယ်ရမလဲ ဆိုတာကိုပါဘဲ။ ဒီကောင်တွေကြောင့် လူတွေ စိတ်နောက်နေတာ။ အဲဒါသာ သိလာရင် အကောင်းဆုံး ဒီလူ[၇] ဖြစ်သွားမှာဘဲ ဆရာ"

"နေပါဦးဗျ၊ 'ဒီလု' ဆိုတဲ့ စကားလုံးကို ကျနော် မကြားဘူးပါလား"

"ကျနော်က ခုမှ ထွင်လိုက်တဲ့ စကားလုံးကို ဆရာရဲ့"

"အော်၊ ခင်ဗျားက စကားလုံး အဆန်းတွေလဲ ထွင်သကိုး"

"ဟာ၊ ကျနော် ထွင်ထားတဲ့ စကားလုံးတွေ အများကြီး ရှိတယ်"

"အင်း အင်း ကောင်းဘီ၊ ကဲ ထမင်းစားဘို့ ပြန်တော့၊ ကျေးဇူးဘဲဗျို့ ခုလို ပြောတာ"

ကိုမှတ်ကြီးကိုပြန်ပို့လိုက်ရတော့သည်။စကားဆက်ပြောလျှင် ဆုံးမည်မထင်ချေ။ ကိုမှတ်ကြီးက ခပ်ပြုံးပြုံးပင် ထွက်သွား၏။

ကျွန်တော်ကလည်း ပြုံးလျက်။

[၂]

ကိုမှတ်ကြီး၏ စိတ္တဇလက္ခဏာမှာ အထက်ပါအတိုင်း ဖြစ်သည်။ သူနှင့်စီးပွားဘက်များက သူ့ကို မနာလို ဝန်တို၍ မကောင်းကြံ သည်ထင်၏။ ထိုသူများနှင့် ရန်ဖြစ်ရာတွင် လူတယောက် သေသွားသဖြင့် အမှုဖြစ်ခဲ့၏။ သို့သော် စိပ်နောက်နေကြောင်း ဆရာဝန်၏ ထွက်ဆိုချက်အရ အမှုလွတ်ခဲ့သည်။သို့သော် စိတ္တဇ ဆေးရုံ၌ စိတ္တဇ

[၆] DEVILS
[၇] DELUXST





မပျောက်မချင်း ဆေးကုရန် အမိန့်ချမှတ်ခြင်း ခံရ၏။ ယခုထိ မပျောက်သေးသဖြင့် ဆေးရုံမှ မဆင်းရသေး။

ဆေးရုံတွင် သူနှင့် အတူနေသူများက ပြုစားသည်၊တန်ခိုးဖြင့် ပြုလုပ်သည် ထင်ပြန်၏။သူ့ စိတ်ကို သူ့ မယားဟုထင်၏။သူ့ တွင် တန်ခိုးအာဏာများ ရှိသည်ထင်ပြီး သူတပါး၏ရန်ကိုတွန်းလှန်နိုင်သည်ဟုထင်သည်။ နောက်ဆုံးတွင် ဘဝင် မြင့်လာတော့၏။ သူ့ ကိုယ်သူ ပရော်ဖက်ဆာ ထင်ပြီး သုတေသနများ လုပ်နေသည်ဟု ပြောလာ၏။ စကားလုံး အဆန်းများ ကိုပင် ထွင်နိုင်သည်ဟု ထင်လာ၏။

သူ့ ကိုယ်သူလည်း စိတ်နောက်နေမှန်းယခုထိမသိရှာပေ။စိတ်အစွဲအလမ်းကြီး၏။ဦးနှောက်ထဲတွင် တီကောင်များရှိသည်ဟု စွဲစွဲမြဲမြဲ ယုံကြည်နေ၏။ တီကောင်များက ဦးနှောက်ကို စားခြင်းကြောင့် သာ စိတ္တဇရောဂါ ဖြစ်လာသည် ထင်၏။စိတ္တဇဆေးပညာကို ရှာဖွေတွေ့ရှိသူ ထင်လာသည်။သူ၏ ယုံကြည်လွဲမှားခြင်း[*]သည် စွဲမြဲနေ၏။အတွေး အခေါ် ပြောင်းလဲမှု ရှိ၏။စိတ်ကို 'မယား' ဟု ထင်မြင်ခြင်းသည် ဤအချက်ကို သိသာနိုင်သည်။

ရောဂါဖြစ်စက နားထဲတွင် အလိုလိုနေရင်းအသံများ ကြားခဲ့ပေလိမ့်မည်။ ထိုအသံသည် သူ့ကို မကောင်းစွပ်စွဲ ပြောသံများ ဖြစ်ပေလိမ့်မည်။သူ့ ဆွေမျိုးများနှင့် မတွေ့ရသဖြင့် အဖြစ်အပျက်ကို အသေချာတော့ မသိရချေ။

သို့သော် ကိုမှတ်ကြီးသည် မှတ်ဉာဏ်ကောင်းမွန်သူ ဖြစ်သဖြင့်

[*] DELUSIONS



အမှန်အတိုင်း ပြန်ပြောနိုင်ပေမည်။ ကိုမှတ်ကြီး ယခု ခံစားနေရသော ဝေဒနာသည် မှတ်ဉာဏ်နှင့် အသိဉာဏ်တို့ကို မထိခိုက်ချေ။ အတွေးအခေါ် များကိုသာ အဓိက ထိခိုက်ခြင်းဖြစ်သည်။အတွေးအခေါ်များ ထူးခြားစွာ ပြောင်းလဲနေသည်။

ကိုမှတ်ကြီး၏ ဝေဒနာမှာ စကစ်ဇိုဖရီးနီးယားဝေဒနာ ဖြစ်၍ ပါရာနွိုက်[၈]အမျိုးအစား ဖြစ်ပေသည်။

ကိုမှတ်ကြီးလို ဝေဒနာရှင်များ စိတ္တဇ ဆေးရုံတွင် အများအပြား ရှိကြ၏။သို့သော်ကိုမှတ်ကြီးကဲ့သို့ မှတ်တမ်းတင်ရလောက်အောင် ထူးခြားမှု မရှိကြချေ။ ရောဂါ ပျောက်ကင်း၍ ခုနစ်နှစ်လောက်နှင့် ဆေးရုံမှ ဆင်းကြရပေသည်။

ဘယ်သူတွေ ပြန်သွားသွား ကိုမှတ်ကြီးကား သုတေသနပြုဆဲ။ နှစ်စဉ် သူ့ကို လေ့လာသွားကြသော ကျောင်းသူ ကျောင်းသားများသည်ပင်လျှင် အသီးသီး ဆရာဝန် ဖြစ်သွားကြသည်။ကိုမှတ်ကြီးကား သုတေသနပြုဆဲပင်။

ကျွန်တော်သည် ကိုမှတ်ကြီးကို တွေး၍ သနားမိသည်။စင်စစ် ကိုမှတ်ကြီး၏ရောဂါမှာ သက်သာနိုင်သော ရောဂါဖြစ်၏။ ဘာကြောင့် ကိုမှတ်ကြီး၏ ရောဂါ မပျောက်နိုင်သနည်း။ထိရောက်စွာ မကုသ၍လော။ သို့မဟုတ် ရောဂါကျွမ်းလျက်ရှိပြီလော။ဆေးကုလျှင် လက်ခံမည့်လူနာလော။အစွမ်းထက်သော ဆေးများ ဝယ်မရ၍လော။

ကျွန်တော်သည် အထက်ပါ အတွေးများဖြင့် ချာချာလည်လျက် ရှိပါတော့သတည်း။ ။

[၈] PARANOID



# ရိုးရာအစွဲအလမ်း

စိတ္တဇဆေးရုံ ပြင်ပလူနာဌာနတွင် ကုသီ ယုပ်ကိုင်လျက်ရှိသော ရာဇဝတ်မှု လူနာများ၏ အကြောင်းကို ကျွန်တော် ခပ်များများ ရေးခဲ့ပြီးပါပြီ။ ဤဝတ္ထုများကို ရေးသားရာဘွင် အဓိကရည်ရွယ်ချက်မှာ စိတ္တဇဝေဒနာ ဖြစ်နေမှန်းကို အချိန်မှီ မသိရှိကြခြင်း၊ သိရှိပြန်ပါကလည်း ထိရောက်သော ဆေးဝါးကုသမှု မခံယူတတ်ခြင်း၊ ထို့ကြောင့် လူနာသည် ရာဇဝတ်မှု တခုခုကို ကျူးလွန်မိခြင်း၊ (တချို့ အသတ်ခံသွားရသည်။) ထို ဖြစ်မှုကြောင့် စိတ္တဇဆေးရုံတွင် ကြာမြင့်စွာ နေရခြင်း စသည်တို့ကို လေ့လာသိရှိနိုင်ကြရန် ရေးသားရခြင်း ဖြစ်ပါသည်။သင်ခန်းစာယူနိုင်ရန် ဖြစ်သည်။

ယခုဝတ္ထုမှာ ပြင်ပ လူနာ ဌာနမှ လူနာတဦး၏ အဖြစ် အပျက် ဖြစ်၍ အမှုမှာ လူသတ်မှု ဖြစ်ပါသည်။

×

လူနာ၏ အမည်မှာ ကိုသောင်းကြည် ဖြစ်သည်။ မွန်အမျိုးသား တဦးဖြစ်၍ သထုံနယ်တွင် လယ်ကူလီလုပ်၍ အသက်မွေး

ရသူ ဖြစ်သည်။ ကာယဗလ ဖွံ့ဖြိုးသူဖြစ်၍ အလုပ်ကြမ်း လုပ်နိုင်သည်။ အရပ် အမောင်း ကောင်း၍ အသက်မှာ လေးဆယ် ကျော်ပေပြီ။

ကိုသောင်းကြည်သည် ဘုရား တရား သံဃာတို့ကို အင်မတန် ရှိသေ ကိုင်းရှိုင်းသူဖြစ်၍ မကောင်းမှုဖြင့် အသက်မမွေးဘဲ မိမိ၏ ခွန်အားဗလကိုသာ အားကိုး၍ အလုပ် လုပ်ကိုင်လေ့ ရှိသည်။ အလုပ် အားလပ်သော နေ့များတွင် ဘုရား ပုထိုးများဘို့ သွား၍ တံမြက်စီးလှဲခြင်း၊ မြက်နုတ်ခြင်း စသော ကောင်းမှု ကုသိုလ်များကို ပြုလုပ်၍ လပြည့် လကွယ် ဥပုသ်နေ့များတွင် ဥပုဘ် စောင့်လေ့ရှိသည်။ အသက် သတ်လွတ် များလည်း စားသည့် အခါ စားသည်။ ဘာသာရေးကို ကိုင်းရှိုင်းရုံမက ရိုးရာနတ်များကိုလည်း စွဲလမ်း ယုံကြည်သူ ဖြစ်နေပြန်သည်။

ကိုသောင်းကြည် အသက် သုံးဆယ် အရွယ်တွင် မခင်လှဟု ခေါ်သော မုဆိုးမ တဦးနှင့် အိမ်ထောင်ကျသည်။ မယားဘက်မှ မယားပါ သမီးတယောက် ပါလာ၏။ ကိုသောင်းကြည်သည် မယားနှင့် ချစ်ခင်ကြင်နာစွာ ပေါင်းသင်း၍ လယ်လုပ်ချိန်တွင် လယ်ကူလီလုပ်၍၎င်း၊ အခြား အချိန်များတွင်လည်း ထင်းခွေခြင်း စသော အလုပ်ကြမ်းများကို လုပ်၍၎င်း ကျွေးမွေးသည်။ သည်လိုနှင့် သားသမီး နှစ်ယောက် ထွန်းကားသည်။ နှစ်ယောက်စလုံး ယောကျ်ားလေးများ ဖြစ်၍ တယောက်မှာ အသက် ဆယ့်ငါးနှစ်၊ အခြား တယောက်က လေးနှစ်မျှ ရှိလာသည်။ အိမ်ထောင်ရေးမှာ အဆင်ပြေသည် ဆို၏။

ကြမ္မာဆိုးသည် တနေ့တွင် ဝင်လာတော့သည်။





ကိုသောင်းကြည်၏ စိတ်များသည် တမျိုး ဖြစ်လာ၏။ ပိတ်ဖြူများကို ဝတ်ဆင်၍ တောထဲတွင် တကိုယ်တည်း သွားရောက်ပြီး တရား အားထုတ်ချင်သော စိတ်များ ဝင်လာသည်။ ဘာသာရေးကို အထူးပင် လိုက်စားလိုသည်။ သို့နှင့် ဇနီးဖြစ်သူထံ ခွင့်တောင်းသည်။ ဇနီးကလည်း ကြည်ကြည် ဖြူဖြူပင် ခွင့်ပြုလိုက်၏။

ကိုသောင်းကြည်သည် တောထဲတွင် သွား၍ တရားကျင့်တော့သည်။ ရက် အနည်းငယ် ကြာသွား၏။ သား သမီးများနှင့် ဇနီးကို အောင်းမေ့လာသည်။ "ငါမရှိလျှင် သူတို့ကို ဘယ်သူက လုပ်ကျွေးပါမလဲ" ဟု တွေးမိ၏။ နောင်တရလေပြီ။ အိမ်သို့ ပြန်လာ၏။ ယခင် အလုပ်များကိုပင် လုပ်၍ အေးဆေးစွာ နေသည်။

တနေ့တွင် ကိုသောင်းကြည်တို့ မြို့သို့ ဒေးစွန်ပါမှ ဘုန်းကြီးတပါး ကြွလာသည်။ အင်မတန် ကြည်ညိုဘွယ် ကောင်းသည် ဆို၏။ မြို့သူ မြို့သား အားလုံးက ဖူးမျှော်ကြ၏။ ပူဇော် ကန်တော့ကြ၏။ ကိုသောင်းကြည်မှာ နဂိုကပင် ဘာသာရေးကို ကိုင်းရှိုင်းသူဖြစ်ရာ အဆိုပါ ဘုန်းကြီးအနီးမှ မခွာတော့ပေ။ ဝတ်ကြီးဝတ်ငယ် ပြုစုသည်။ အဆုံးအမကို ခံယူသည်။

တပတ်မျှကြာသောအခါ အဆိုပါဘုန်းကြီးသည် မူလနေထိုင်ရာအရပ်သို့ ပြန်ကြွမည်ပြု၏။ ထိုအခါ ကိုသောင်းကြည်က ဘုန်းကြီးနောက် တပါတည်းလိုက်၍ ဝတ်ကြီးဝတ်ငယ် ပြုစုရန် ခွင့်တောင်းတော့သည်။

"ဒကာကြီး ငါ့နောက် လိုက်မည်ဆိုက လိုက်နိုင်သည်၊ ဒကာကြီးတွင် သားမယားရှိသလား"

မှန်ပါ၊ သားမယား ရှိပါသည် ဘုရား"





"ဒိုလိုဆို သားမယားဆီ ခွင့်တောင်းချေအုံး၊ သူတို့ ခွင့်ပြုမှ လိုက်ခဲ့"

ဘုန်းကြီး အမိန့်ရှိသည့် အတိုင်း ကိုသောင်းကြည်က သားမယားထံ ခွင့်တောင်း၏။ ဘုန်းကြီးထံလိုက်၍ နေတော့မည်ဖြစ်ကြောင်း ပြောပြသည်။ သားမယားကလည်းခွင့်ပြုလိုက်ပြန်သည်။ သို့နှင့် ကိုသောင်းကြည်လည်း ဘုန်းကြီးနှင့်အတူ ဒေးစွန်ပါသို့ ပါသွား၏။

နှစ်ရက်မျှ ကြာသွား၏။ ကိုသောင်းကြည်သည် မယားကို လွမ်းဆွတ်လာပြန်သည်။ ဘုန်းကြီးကို လျှောက်၍ အိမ်ပြန်ခွင့်တောင်း၏။ ဘုန်းကြီးက ဘုရားရုပ်ပွားတော်လေးတဆူ ပေးလိုက်၍ ပြန်ခွင့်ပြုလိုက်သည်။

ကိုသောင်းကြည်သည် အိမ်သို့ ပြန်ရောက်လာပြန်၏။ သို့သော် သုံးလေးရက်မျှ ကြာသော် ဘုန်းကြီးထံ တဖန် သွားချင်လာပြန်သည်။ (ဤအချိန်တွင် ကိုသောင်းကြည်၏စိတ်သည် ဖောက်ပြန်စ ပြုနေပေပြီ။ အလုပ်တခုကို တိကျစွာ မဆုံးဖြတ်နိုင်တော့၊ လုပ်ရ ကောင်းနိုးနိုး၊ မလုပ်ရ ကောင်းနိုးနိုး စိတ်ဒွိဟ ဖြစ်နေရှာသည်၊ သို့သော် သားမယားက မရိပ်မိခဲ့။)

ဤအကြိမ်တွင် ကိုသောင်းကြည်က သားမယားပါ ဘုန်းကြီးဆီ ခေါ်သွားသည်။ သွားရသည့်ခရီးမှာ ဝေးလှ၏။ ဘုန်းကြီးက တောင်ပေါ်မှာ နေသည်။ ကိုသောင်းကြည်တို့ မိသားစုကို ဘုန်းကြီးက ကြည်ဖြူစွာပင် လက်ခံ၏။ ထိုည ကိုသောင်းကြည်တို့ မိသားစုသည် ဇရပ်ပေါ်တွင် အိပ်ကြ၏။

ရာသီဥတုသည် အေးမြလှသည်။ ဇရပ်ပေါ်တွင် အကာအရံ





မရှိချေ။ ပတ်ဝန်းကျင်သည် အမှောင်ထုဖြင့် ဖုံးလွှမ်းနေ၏။

ည သန်ကောင်အချိန် ရောက်လာသည်။

ကိုသောင်းကြည်၏ တကိုယ်လုံးသည် ရုတ်တရက် တုန်တုန်ရီရီ ဖြစ်လာ၏။ ခိုက်ခိုက်တုန်အောင် ချမ်းလာ၏။ ကိုယ်က လှုပ်လှုပ်နှင့်သဖြင့် ဇရပ်မှကြမ်းပြင်များပါ လှုပ်လာသည်ဆို၏။ ဇရပ်ပေါ်ရှိ အိုးခွက် များပါ လှုပ်ကုန်သည် ဆို၏။ ကိုသောင်းကြည်သည် ကြောက်လာသည်။ ဘုန်းကြီးဆီ နေရမှာကို ကြောက်လာသည်။ ကြောက်စိတ်သည် ကိုသောင်းကြည်၏စိတ်ကို လှုပ်ရှားစေလေပြီ။

"အဲဒီတုန်းက ဖျားသေးသလားဗျ"

ကျွန်တော်က ဇာတ်ကြောင်းပြန်နေသော ကိုသောင်းကြည်ကို မေးလိုက်သည်။

"မဖျားပါဘူး ဆရာ၊ အလိုလို နေရင်းကို တုန်လာတာ"

"ငှက်ဖျားရောဂါ အခံကော ရှိသလား"

"မရှိဘူး ဆရာ"

"အဲဒီတုန်းက ဘုန်းကြီးကို အတော် ကြောက်သွားတယ် နော်၊ ဘုန်းကြီးက ဘာလုပ်လို့လဲ"

"ဘာမှတော့ မလုပ်ပါဘူး ဆရာ၊ ဒါပေမယ့် သူပေးထားတဲ့ ရုပ်ပွားတော်လေးနဲ့ လက်ဖွဲ့ကို ကြောက်မိတယ်"

ကိုသောင်းကြည်သည် ပကတိ လူကောင်းကဲ့သို့ ပြောဆိုနေသည်။ သို့သော် စိတ်ဓာတ်အားဖြင့် ပျော့ညံ့သူဖြစ်ကြောင်း ကျွန်တော် ရိပ်မိလိုက်သည်။ ကိုသောင်းကြည်က ဇာတ်လမ်းကို ဆက်ပြန်၏။

×

နောက်တနေ့မနက်တွင် ကိုသောင်းကြည်သည် အိမ်ပြန်ရန် ဘုန်းကြီးထံ ခွင့်တောင်းတော့၏။ ဘုန်းကြီး ပေးထားသော ရုပ်ပွားတော်လေးနှင့် လက်ဖွဲ့ကိုလည်း ပြန်ပေးတော့သည်။ ဤတကြိမ်တွင်လည်း ဘုန်းကြီးက ကြည်ဖြူစွာပင် ခွင့်ပြုပြန်၏။

နေရပ်တွင် ပြန်၍ အလုပ်လုပ်ကာ နေပြန်သည်။ သို့သော် ကိုသောင်းကြည်စိတ်မှာ တဖြေးဖြေးချင်း ဖောက်ပြန်နေ၏။စိတ်တည်ငြိမ်မှု မရပေ။ကိုသောင်းကြည်တို့အိမ်အနီးတွင် ရေကန်ကြီးတခုရှိ၏။ရေကန်ကြီး အနီးတွင် နတ်စင်တခုလည်းရှိ၏။

တနေ့တွင် ကိုသောင်းကြည်သည် ရေကန်ကြီး အနီးတွင် ထိုင်၍ ငေးငိုင်နေမိသည်။ စိတ်အား ငယ်လျက် ရှိ၏။ ရေပြင် လှုပ်ရှားနေသလို စိတ်လည်း လှုပ်ရှားနေသည်။ရေကန်ထဲကိုပင် ခုန်ချရတော့မလိုလို ဖြစ်လာ၏။အားကိုးရာ မရှိတော့။အားကိုးစရာ ဘယ်ကို ရှာရပါ့။ကိုသောင်းကြည်သည် နတ်စင်ကို မြင်သွား၏။အိမ်သို့ ချက်ခြင်း ပြန်၍ အမွှေးနံ့သာများကို ယူလာသည်။နတ်စင်မှ နတ်ရုပ်ကို အမွှေးနံ့သာများဖြင့် ပက်ဖြန်းနေမိသည်။မည်မျှကြာအောင် ပက်ဖြန်းနေမိသည် မသိ၊မိမိ နောက်တွင် ဘုန်းကြီးတပါး ကြိမ်လုံး ကိုင်၍ ရောက်နေမှန်းကိုပင် မသိရှာပေ။

"ဟဲ့ ဒကာကြီး၊ ဘာလုပ်နေတာတုန်း"

ဘုန်းကြီး၏ အသံကြောင့် ကိုသောင်းကြည် လန့်သွားသည်၊ ကြက်သီးမွေးညင်း ထသွားသည်ဆို၏။

"တပည့်တော် မသိ၍ ပြုမိပါသည်ဘုရား၊ခွင့်လွှတ်တော်မူပါ"





ကိုသောင်းကြည်က ဘုန်းကြီးကို တောင်းပန်သည်။ဘုန်းကြီးသည် ကိုသောင်းကြည်ကို ၎င်း၏ ကျောင်းသို့ ခေါ်သွား၏။ ကိုသောင်းကြည်၏ မိန်းမလည်း သတင်းကြား၍ ကျောင်းသို့ လိုက်လာ၏။ကျောင်းတွင် ဘုန်းကြီးက အင်းတိုက်၍၎င်း၊ရွတ်ဖတ်၍၎င်း၊ လက်ဖွဲ့ ပေး၍ ၎င်း ဆေးကုပေး၏။ ကိုသောင်းကြည်၏ စိတ် မူမမှန်တော့ကြောင်း သားမယားများက ရိပ်မိသွားပေပြီ။

ထို့နောက် ကိုသောင်းကြည်၏ စိတ်မှာ အနည်းငယ် တည်ငြိမ်သွား၏။အလုပ်ကို ကောင်းစွာ လုပ်ပြန်၏။

လပြည့်နေ့ တနေ့ကို ရောက်လာ၏။ထုံးစံအတိုင်း ကိုသောင်းကြည်တို့မိသားစု ဥပုသ်စောင့်ရန် ဘုန်းကြီးကျောင်းသို့ သွားကြ၏။ဘုန်းကြီးကို ဆွမ်းဟင်း၊ငှက်ပျောသီး စသည်တို့နှင့် ကန်တော့ကြ၏။

နံနက် ဆယ်နာရီ လောက်တွင် ဘုန်းကြီးက သီလပေး၏။ သီလ ယူခါနီးတွင် ကိုသောင်းကြည်၏ စိတ်သည် ဖောက်ပြန်လာတော့၏။'မင်းပြေးပေတော့၊မင်းကိုသတ်တော့မယ်၊ပြေးပြေး' 'ပြေးတော့' စသောအသံများ နားထဲတွင် ကြားယောင်လာ၏။ 'ပြေးတော့၊မင်းကိုသတ်တော့မယ်၊အသတ်ခံရတော့မယ်' ဆိုသော အသံများ ထပ် တလဲလဲ ကြားလာ၏။ ကိုသောင်းကြည်သည် ပြင်းစွာ ကြောက်လန့်မိ၏။ သီလယူနေရာမှ အိမ်သို့ တချိုးတည်း ပြန်ပြေးတော့၏။ဘုန်းကြီးနှင့် သားမယားမှာ အံ့အားသင့်လျက် ကျန်ခဲ့သည်။မယားက ဘုန်းကြီးကို မိမိ၏ ယောကျ်ား စိတ်နောက်နေပြီဖြစ်ကြောင်း၊ဒေးစွန်ပါတောင်မှဘုန်းကြီးတပါး ရောက်လာ





ကတည်းက စိတ် နောက် သလိုလို ဖြစ်နေသည် ထင်ကြောင်း လျှောက်ထား၍ အိမ်သို့ပြန်သွားကြ၏။

ကိုသောင်းကြည်သည် အိမ်ရောက်ရောက်ချင်း အိပ်ရာထဲ လှဲနေ၏။အိပ်ပျော်သွားသလား၊အိပ်မပျော်ဘူးလား မမှတ်မိဟု ဆို၏။ဇနီးနှင့် သားသမီးများလည်း ကိုသောင်းကြည် အနီးတွင် အိပ်နေကြ၏။

မွန်းလွဲ ၁၂နာရီခွဲ အချိန်တွင် ကိုသောင်းကြည်၏ နားထဲ၌ အသံများကြားလာပြန်၏။'ဒီကောင်လေးဟာ ဘီလူးလေး၊မင်းကို သတ်တော့မယ်၊သတ်တော့မယ်၊မင်းက အရင်ဦးအောင် သတ်ပစ်လိုက်ပါတော့လား၊ရိုက်နှက်ပါလား' ဟူသော အသံများ ကြားရသည် ဆို၏။ ကိုသောင်းကြည်သည် သတိ လက်လွတ် ဖြစ်နေပေပြီ။ ဇနီးနှင့် သားသမီးများကို အမှန် အတိုင်း မမြင်တော့၊မသိတော့။

ဖြုံးကနဲ အိပ်ရာမှထ၍ သားအငယ်ဆုံး လေးနှစ်သားကလေးကို ခြေနှစ်ချောင်းမှ ကိုင်၍ စဉ့်အိုးနှင့် တအား ရိုက်လိုက်သည်။ အုံးကနဲ ရေအိုးကွဲသံကဲ့သို့ အသံ ထွက်ပေါ်လာ၏။ သုံးချက်မျှ ဆက်၍ ရိုက်လိုက်၏။ပါးစပ်မှလည်း 'ဘီလူးလေး၊ဘီလူးလေး' ဟု အော်ဟစ်လျက် ရှိ၏။သွေးချင်းချင်း နီသွားသည်။

သားငယ်မှာ ပွဲချင်းပြီး သေဆုံး သွား၏။ဦးနှောက် ပွင့်ထွက်သွား၏။မိန်းမနှင့် တခြား သားသမီးများ အိပ်ရာမှနိုးလာကြပြီး အော်ဟစ် အကူအညီ တောင်းကြသည်။ တော်ပါသေး၏။ ကိုသောင်းကြည်သည် နောက်ထပ် ရန်မမူတော့ချေ။အိမ်နီးနားချင်း





များ ဝိုင်းအုံလာကြသည်။ရဲကို သွား၍ အကြောင်းကြားသူက ကြား၏။ငိုသည့်သူက ငိုကြ၏။ အံ့ဩ ထိတ်လန့်သူများက ထိတ်လန့်ကြ၏။သို့သော် ကိုသောင်းကြည် အနားကို ဘယ်သူမှ မကပ်ရဲချေ။

ကိုသောင်းကြည်ကတော့ 'ဘီလူးလေး၊ဘီလူးလေး' ဟု အော်ဟစ်ဆဲ ဖြစ်သည်။ တကိုယ်လုံး တုန်ရီလျက် ရှိ၏။

အတန်ကြာသော် ရဲများ ရောက်လာကြပြီး ကိုသောင်းကြည်ကို ဖမ်းဆီးသွားသည်။အချုပ်ထဲ ထည့်ထားလိုက်သည်။

×

"ဒါနဲ့ နေပါအုံး၊ အဲဒီတုန်းက ခင်ဗျား သတိ နဲနဲမှ မရဘူးလား"

"မရပါဘူး ဆရာ၊ ကျနော့် မျက်စိထဲမှာ ဘီလူးလေးလို့ဘဲ မြင်နေတယ်၊ သတ်လိုက်ပါတော့လား ဆိုတော့ ကျနော်လဲ ကိုင်ရိုက်မိတာပါဘဲ"

"ဘယ်တော့မှ သတိရသလဲ"

"အချုပ်ထဲမှာ သုံးရက် နေပြီးမှ သတိရတယ်၊ 'ခင်ဗျား သားကို ခင်ဗျား သတ်လိုက်ပြီ' ဆိုတော့ ကျနော် ဘယ်လိုမှ မယုံဘူး၊ ကျနော့် သားကို ကျနော် ဘယ်သတ်ပါ့မလဲ ဆရာရယ်၊ ကျနော် အင်မတန်ချစ်တဲ့သားပါ၊အဲဒီတော့ ကျနော် တအား ငိုမိပါတယ်"

"နောက်တော့ ဘယ်လို ဖြစ်သွားသလဲ"

"မေဘ်လမြိုင် ထောင်ကို ပို့လိုက်တယ် ဆရာ၊အမှုကို ရုံးတင်တော့ ကျနော်က အမှန်အတိုင်းဘဲ ပြောပြပါတယ်၊ဘီလူးလေး ထင်ပြီး သတ်မိတဲ့အကြောင်း၊ထိုဖြစ်မှုအတွက် ပေးသည့် အပြစ်ကို ခံပါမည့်အကြောင်း တရားသူကြီးကို ပြောပြပါတယ်။ဒါပေမယ့် ရပ်ကွက်က ကျနော် စိတ်နောက်နေကြောင်း သက်သေခံကြလို့ တရားသူကြီးက စိတ္တဇဆေးရုံမှာ ဆေးကုဘို့ လွှတ်လိုက်ပါတယ်။

"ဆေးရုံမှာ လေးလလောက် ဆေးကုပြီးမှ အမှုကို တဖန်ပြန်ပြီး စစ်ပါတယ်၊စိတ်နောက်၍ ရာဇဝတ်မှု ကျူးလွန်ကြောင်း ဆေးစာနှင့်တကွ တင်ပြမှ အမှုက တရားသေလွှတ်လိုက်ပါတယ်၊ ဒါပေမယ့် စိတ္တဇဆေးရုံမှာ ဆေး ဆက်ပြီး ကုသစေလို့ အမိန့်ချခံရပါတယ်"

"အင်း၊ အမှုကတော့ လွတ်သွားပီပေါ့၊ ဒီရောက်တာ ဘယ်လောက် ကြာပြီလဲ"

"နှစ် နှစ် ကျော်ပါပြီဆရာ၊

"ဒါဖြင့် နောက်ထပ် လေးနှစ်လောက် နေရအုံးမှာပေါ့"

"ဟုတ်ကဲ့ ဆရာ"

"စိတ်ဝင်စားစရာတော့ ကောင်းတယ်ဗျို့၊ဒါကြောင့် နောက်တခု မေးအုံးမယ်နော်၊ အခုလို ဖြစ်ရတာ ဘယ်သူ့ကြောင့်လို့ထင်သလဲ၊ ဘယ်သူ့အပြစ်လို့ ထင်သလဲ၊ဥပမာ ဗျာ၊ ဘုန်းကြီးကြောင့်လား၊ခင်ဗျားမိန်းမက ခင်ဗျား စိတ်နောက်နေမှန်း မသိလို့လား၊ ဒါမှမဟုတ် သိရက်နဲ့ ဆေးမကုလို့လား"





"ကျနော့်မိန်းမက စိတ်နောက်နေမှန်း သိသားဘဲ ဆရာ၊ ဘုန်းကြီးနဲ့တောင် အင်းတွေ၊ လက်ဖွဲ့တွေနဲ့ ကုပေးသေးတာဘဲ၊ ကျနော်တော့ ကျနော့်အပြစ်လို့ဘဲ ထင်ပါတယ်၊ဒါပေမဲ့ ဆရာ့ကို တခုတော့ ပြောပြချင်တယ်"

"အင်း၊ ပြောပါ ပြောပါ"

ကိုသောင်းကြည်သည် ခဏမျှ နားပြီး၊

"ကျနော်က မွန်လူမျိုးပါဆရာ၊ကျနော့်အယူဝါဒက "ရိုးရာနတ်"ကို ယုံကြည်ပါတယ်၊ တခြားသူတွေတော့ မပြောတတ်ဖူး၊ နှစ်စဉ်"ရိုးရာနတ်"ကို ပူဇော်ပါတယ်၊နတ်ကပါတယ်၊ကျနော်တို့နတ်က တစိမ်းညှော်သည် လင်မယား ကျနော့် အိမ်မှာ လာပြီး အိပ်တာ မကြိုက်ဖူးထင်တယ်၊ အခုကိစ္စ မဖြစ်ခင် သုံးလလောက်အလိုမှာ တစိမ်းညှော်သည် လင်မယား ကျနော့် အိမ်မှာ လာအိပ်တယ်၊အဲဒါကြောင့် ကျနော့် ရိုးရာနတ်က စိတ်ဆိုးပြီး ကျနော့်ကို စိတ္တဇဖြစ်အောင် ပြုလုပ်တယ် ထင်တယ်ဆရာ၊အဲဒါ ကျနော် စွဲလမ်းနေတယ်"

×

ကိုသောင်းကြည်၏ ဇာတ်လမ်း ဤတွင် ပြီးပေပြီ။

ကျွန်တော်သည် ရာဇဝတ်မှုလူနာများအကြောင်း ဝတ္ထုရေးရာတွင် ကာယကံရှင်လူနာများကို ယခုလိုဖြစ်ရသည့် ကိစ္စအတွက် မည်သူ့တွင် အပြစ်ရှိသနည်းဟု မေးမြန်းလေ့ရှိပါသည်။ရည်ရွယ်ချက်မှာ လူနာ၏အမြင်နှင့် ကျွန်တော့်၏အမြင်ကို နှိုင်းယှဉ်ပြရန်ဖြစ်ပါသည်။ တခါတရံ လူနာ၏ ထင်မြင်ချက်မှာ မှားနေတတ်သည်။တခါ တရံလည်း မှန်နေတတ်ပြန်သည်။





ယခုအမှုတွင် လူနာက 'ရိုးရာနတ်' ကြောင့်ဟု ထင်၏။ကျွန်တော်က ထိုသို့မထင်ချေ။လူနာသည် ဆင်းရဲပင်ပန်းစွာ အလုပ်လုပ်ကိုင် စားသောက်နေရသူ ဖြစ်၏။ဆင်းရဲသူသည် ချမ်းသာလို၏။သို့သော်အခြေအနေက ချမ်းသာအောင် မဖန်တီးနိုင်သဖြင့် အားကိုးရာအဖြစ် ဘာသာတရားကို ကိုင်းရှိုင်းလာသည်။ဘာသာတရားအရ စိတ်ပင်ပန်းစွာ ပြုကျင့်၏။တောထွက်ချင်လာသည်။ ဘုန်းကြီးနှင့်အတူနေချင်လာသည်။သို့သော်တဖက်ကလည်း သားမယား သံယောဇဉ်က ရှိပြန်၏။ဘာသာတရားကိုပင် လိုက်စားရမည်လော။ သားမယားကိုပင် ခင်တွယ်ရမည်လောဟု စိတ်ထဲတွင် နှစ်ခွဖြစ်နေ၏။ သည်ကြားထဲ ဒေးစွန်ပါ တောင်ပေါ်မှ ဘုန်းကြီး၏ ဇရပ်တွင် တကိုယ်လုံးတုန်သည်ဆိုခြင်းမှာ ဖျားသည်ဟုထင်သည်။ စိတ်နှစ်ခွ ဖြစ်နေခြင်း၊ ဖျားခြင်း၊ စားဝတ်နေရေးအတွက် ပူပင်သောကရောက်ခြင်း စသည်တို့ပေါင်းဆုံမိကာ စိတ္တဇ ဖြစ်လာသည် ထင်သည်။ ထို့ကြောင့် မိမိ၏ သားအရင်းကို 'ဘီလူးလေး'ဟု ထင်ကာ သတ်မိခြင်း ဖြစ်ပေသည်။ သတ်ရန်အသံများက တိုက်တွန်းပေးသည်။

စိတ္တဇကြောင့် ရာဇဝတ်မှု ကျူးလွန်ကြောင်း ထင်ရှားပါသည်။သို့သော် ဤကိစ္စအတွက် မည်သူ့တွင် အပြစ်အရှိဆုံးနည်းဟူသော မေးခွန်းကို ဖြေကြစေချင်ပါသည်။ ရိုးရာနတ်ကြောင့်လော။လူနာ၏ မိန်းမ အပြစ်လော။

ကျွန်တော့်အနေနှင့်မူ လူနာ၏မိန်းမကို အပြစ်တင်ချင်သည်။ မိမိ၏ ယောကျ်ားတွင် စိတ္တဇဖြစ်နေမှန်းကို သိပါလျက် ခေတ်မှီဆေးဝါးကုသမှုကို မခံယူပေ။ဆရာဝန်နှင့် မပြပေ။ စိတ္တဇဆေးရုံ





သို့ မလာပေ။ စိတ္တဇ ဝေဒနာမှန်းလည်း မသိရှာ။ အမှန်တော့ ဤသို့ဖြစ်ရသည်မှာ သူမတွင် အသိဉာဏ်နှင့် ခေတ်မှီဗဟုသုတ မရှိသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ကိုသောင်းကြည်သည် သားလည်းသေဆုံးခံရ၍ ဆေးရုံ၌လည်း ခြောက်နှစ်ပြည့်အောင် နောက်ထပ် လေးနှစ် နေရဦးမည်ပါတကား။ ။

## တဇာတ်ထိုးစိတ္တဇ

တခါက ကျွန်တော့်အိမ်သို့ နယ်မှ ပို့လိုက်သော အိမ်ဖော် တယောက် ရောက်လာ၏။ ရောက်ရောက်ချင်း သူ့ကို အကဲခတ်ရသည်မှာ အနည်းငယ် ကြမ်းတမ်းပုံ ရသည်။ အသက် ဆယ့်ခြောက်နှစ် ကျော်ပေပြီ။ဆွေမရှိ၊မျိုးမရှိ၊မိဘမရှိဟု သိရသည်။ ယခင်ကလည်း အခြား အိမ်များတွင် အိမ်ဖော် လုပ်ခဲ့သည်ဟု ဆိုသည်။ သို့သော် သူ့နောက်ကြောင်းကို ကျွန်တော်တို့ မသိရ။ နယ်မှ ကျွန်တော့် ဆွေမျိုးများက ပို့လိုက်၍သာ လက်ခံထားရသည်။

ကျွန်တော့်အိမ်၌ ပထမအိမ်ခံ အိမ်ဖော် တယောက် ရှိသည်။ အသက်ချင်း အတူတူလောက်ပင် ရှိ၏။ဒုတိယ အိမ်ဖော် ရောက်ပြီး သုံးရက်အကြာတွင် ပထမအိမ်ဖော်နှင့် သတ်ပုတ် ကြတော့သည်။ အိမ်ဝင်းထဲမှာ နပမ်းလုံးကြခြင်း ဖြစ်သည်။

ရန်ဖြစ်သည့် အကြောင်းမှာလည်း ဘာမှ မယ်မယ်ရရမရှိ။ တယောက်အခွန်း စကားနိုင်လုရာမှ ရန်ဖြစ်ကြခြင်း ဖြစ်သည်။ ပထမအိမ်ဖော်မှာ ကျွန်တော်တို့မြို့မှဖြစ်၍ အတွင်းသိဖြစ်သည်။



မိဘဆွေမျိုးရှိ၏။ အရှက်အကြောက် ရှိသည်။ ကျွန်တော့်အိမ်ကို ဒုတိယအိမ်ဖော်ထက် ဆယ်လစော၍ ရောက်နေသူ ဖြစ်၏။

မည်သို့ပင်ဖြစ်စေ၊ ဒုတိယ အိမ်ဖော်သည် ပထမ အိမ်ဖော်ကို သည်းခံရမည် ဖြစ်ပေသည်။ အိမ်ရောက်တာ သုံးရက်သာ ရှိသေးသဖြင့် ရန်ဖြစ်သည်မှာ မကောင်းလှ။

ရန်ဖြစ်သည့် ညနေဘက်တွင် ဒုတိယ အိမ်ဖော်သည် ကျွန်တော့်အိမ်မှ ဆင်းသွားရန် ကြံစည် တော့၏။ အိမ်သားများက ဘယ်ကို သွားမှာလဲဟု မေးရာ၊ သွားချင်ရာ သွားတော့မည်။ ဒီအိမ်မှာမနေတော့ဟု ဆို၏။ရန်ကုန်မြို့ ဆိုသည်မှာ နယ်မှာကဲ့သို့ မဟုတ် သွားချင်ရာ သွား၍မဖြစ်၊မိန်းခလေးမို့ ဒုက္ခတွေ့တတ်ကြောင်း ပြောပြ ကြသည်။ဒုတိယ အိမ်ဖော်သည် ရန်ကုန်မြို့ကို ရောက်သည်မှာ သုံးရက်သာ ရှိသေးသော်လည်း ထင်ရာ စိုင်းချင်ပေပြီ။တဇာတ်ထိုး လုပ်ချင်လာသည်။ ဤအချိန်မှစ၍ ဒုတိယအိမ်ဖော်သည် စိတ်မူမမှန်ကြောင်း သံသယ ဖြစ်မိခဲ့သည်။ စိတ်သာမူမှန်လျှင် ကျမ ဒီအိမ်မှာ မနေလိုတော့ကြောင်း။ လူကြုံရှိလျှင် ကျမရွာကို ပြန်ပို့ပေးပါ ဟုသာ ပြောဆိုမည် ဖြစ်သည်။ ယခုတော့ တခါမှ မရောက်ဖူးသေးသော ရန်ကုန်မြို့ကို သွားချင်ရာ သွားမည်ဟု မိန်းခလေးတန်မဲ့ တဇာတ်ထိုး ပြုလုပ်ခြင်းသည် စိတ်မူမမှန်၍သာ ဖြစ်ပေမည်။

×

ဘယ်မှမသွားရန် တားထားလိုက်သည်။ညဘက်တွင် အိမ်ဖော်နှစ်ဦး ပြန်တည့် သွားကြ၏။ ရယ်လိုက် မောလိုက် ဖြစ်ကြပြန်သည်။ သကြံန်တွင်းတွင် ရေ ကစားကြ၏။ ရုပ်ရှင်ကြည့်ကြ၏။





ပျော်စရာပင်။သို့သော် မကြာခဏ ရန်ဖြစ်မည် ဖြစ်ကြသည်။အိမ်သားများက ဖြန်ဖြေကြရ၏။

တညနေတွင် ကျွန်တော့်ညီ ဝမ်းကွဲတယောက်နှင့် အိမ်ဖော်နှစ်ယောက်သာ ကျန်ခဲ့သည်။ကျွန်တော်က ဆေးခန်းသို့ရောက်နေ၏။ကျွန်တော်ရောက်ပြီး တနာရီလောက်အကြာတွင် ကျွန်တော့်ညီ ဆေးခန်းသို့ လိုက်လာသည်။

"အကို သန်းစိန်မရှိတော့ဘူး၊ အိမ်က ဆင်းသွားပြီ"(သန်းစိန်ဆိုသည်မှာ ဒုတိယ အိမ်ဖော်၏ နာမည်ဖြစ်သည်။)

"ဟ-ဘာဖြစ်လို့လဲ၊ မင်းက မတားဘူးလား၊ ငါလာအောင် စောင့်ခိုင်းပေါ့"

"ဘယ်လိုမှ တားလို့မရဘူး အကို၊ထမင်းစားနေရင်း အိမ်ကကောင်မလေးနဲ့ ရန်ဖြစ်ပြီး ဆင်းသွားတာဘဲ၊ ကမ္ဘာအေးဘက် ထွက်သွားတယ်၊ကျနော်လဲ ကမ္ဘာအေး ရဲကင်းဂိတ်ကို တိုင်ထားလိုက်တယ်"

သို့နှင့် ကျွန်တော်လည်း အိမ်ပြန်သွားတော့သည်။အိမ်ရောက်တော့ သန်းစိန်ကို မရမ်းကုန်း ရဲစခန်း၌ ထားရှိကြောင်း သိရတော့သည်။သန်းစိန်ကို ကမ္ဘာအေး ရဲဂိတ်က ပထမ တားဆီးသည်။ပြီးမှ စိတ္တဇဆေးရုံရဲသို့ အပ်လိုက်၏။စိတ္တဇဆေးရုံ ရဲသည် မရမ်းကုန်း ရဲစခန်းသို့ ပို့ထားလိုက်သည်။

ကျွန်တော် မရမ်းကုန်း ရဲစခန်းသို့ သွား၍ သန်းစိန်ကို ခေါ်ထုတ်ခဲ့ရ၏။အိမ်ရောက်လျှင် အိမ်သားများက ဝိုင်း၍ သန်းစိန်ကို ဤသို့ မလုပ်သင့်ကြောင်း၊ မိန်းခလေးဖြစ်၍ အန္တရာယ် များလှ





ကြောင်း၊ပြန်ချင်လျှင် လာသည့်မြို့ကို ပြန်ပို့ပေးမည်ဖြစ်ကြောင်း ပြောပြကြသည်။သို့သော် သန်းစိန်သည် နားဝင်ပုံမရချေ။

မနက်လင်းလျှင် သန်းစိန်က သူ့ကို ဗဟိုစည်ရပ်ကွက်ရှိ သူမ၏ ဆွေမျိုး တယောက်ထံ ပို့ပေးပါဟု ဆိုသည်။ ကျွန်တော်လည်း ကျွန်တော့်ညီမနှင့် ညီအား သန်းစိန်ကို လိုက်ပို့ခိုင်းသည်။ ဤအချိန်ထိ သန်းစိန် စိတ္တဇဖြစ်နေမှန်း ကျွန်တော်မရိပ်မိသေး။တဇာတ်ထိုး စိတ္တဇမှာ အတော် အကဲခတ်ရ ခက်ပေသည်။

ဘတ်စ်ကား မှတ်တိုင်သို့ရောက်လျှင် သန်းစိန်သည် စိတ်းဖောက်လာပြန်သည်။ ဗဟိုစည် ရပ်ကွက်သို့ မသွားတော့၊ သွားချင်ရာ သွားတော့မည်ဟု ဆို၍ ထွက်သွားတော့သည်။ကျွန်တော့်ညီနှင့် ညီမက လိုက်ဆွဲ၏။မရချေ။သန်းစိန်က ကမ္ဘာအေးဘုရားဘက်သို့ ထွက်သွားသည်။

ကျွန်တော်ညီနှင့် ညီမက အိမ်ပြန်လာပြီး ပြောပြကြသည်။ သူတို့လည်း မောလို့၊ ကျွန်တော်လည်း လိုက်သွား ရပြန်သည်။ သန်းစိန်ကို တံတားလေး ဆီဂိုဒေါင်တွင် တွေ့ရသည်။ဆီဂိုဒေါင်ရှေ့၌ မိန်းမကြီးတယောက်က ဆွဲခေါ်နေရာ ဆီဂိုဒေါင်မှ လူများက မကောင်းသည့် ဘဝရောက်မှာစိုး၍ သန်းစိန်ကို ခေါ်ထားလိုက်ကြသည်။ အဖြစ် အပျက် အကျိုး အကြောင်း မေးမြန်းကြသည်။သန်းစိန်က "သူ့ကို နှင်ချလိုက်ကြောင်း၊လခလည်း မပေးကြောင်း"ဟု မုသားပြောတော့သည်။ဆီဂိုဒေါင်မှ လူများသည် ပထမ၌ ကျွန်တော့်ကို ဒေါပွကြ၏။ဗမာအချင်းချင်း ရက်စက်ရသလား။

ကျွန်တော် ရောက်သွားမှ အဖြစ် အပျက်ကို ရှင်းပြလိုက်ရသည်၊ အိမ်ရောက်လာသည်မှာ ဆယ့်သုံးရက်သာ ရှိသေးကြောင်း၊ အိမ်က နှင်ချ လိုက်ခြင်း မဟုတ်ကြောင်း၊ ယခု သွေမျိုးအိမ်သွားချင်သည်ဆို၍ လိုက်ပို့ရာမှ ယခုကဲ့သို့ ဆီဂိုဒေါင်သို့ ရောက်လာခြင်းဖြစ်ကြောင်း၊ အိမ်ရောက်သည်မှာ ဆယ့်သုံးရက်သာ ရှိသေးသဖြင့် တလမရှိသေး၍ လခ မပေးသေးကြောင်း၊ သို့သော် နယ်မှ ရန်ကုန်သို့လာရန် စရိတ် နှစ်ဆယ့်ငါးကျပ် ပေးခဲ့ပြီးဖြစ်ကြောင်း ရှင်းပြမှ ဆီဂိုဒေါင်မှ လူများ အဖြစ်အပျက်အမှန်ကို နားလည်သွားကြတော့သည်။

ထို့နောက် သန်းစိန်ကိစ္စ မည်သို့ ဆက် လုပ်သင့်ကြောင်း ကျွန်တော်တို့ တိုင်ပင်ကြသည်။

"ဆရာရယ်၊ ခုလို အိမ်က ဆင်းသွားရင်၊ ရဲကို အပ်ထားရင် ကောင်းမယ်။တော်ကြာတခုခုဖြစ်ရင် ဆရာ့မှာ တာဝန် ရှိတယ်"

တယောက်က အကြံပေး၏။

"အို-ကောင်မလေးကို မေးပါအုံး၊ နယ်ကိုပြန်ချင်ရင် ပြန်ပို့ကြတာပေါ့"

တယောက်က ဆိုပြန်၏။

"ဟဲ့ သန်းစိန်၊ နင် နယ်ကိုပြန်မလား၊လူကြုံနဲ့ ပို့ပေးမယ်၊ လမ်းစရိတ်နဲ့ နင်သုံးဘို့ ပိုက်ဆံလဲ ပေးလိုက်မယ်"

"အို မပြန်ချင်ပါဘူး၊ဒီ ဆီဂိုဒေါင် ထဲမှာဘဲ နေမယ်။ ဆရာ့အိမ်လဲ ပြန်မလိုက်ချင်ဘူး ရဲစခန်းလဲ့ မသွားဘူး"

"ဒီက လူတွေက ဆီဂိုဒေါင်မှာ မထားဘူးတဲ့၊နင် ဘယ်သွားမလဲ၊နယ်ကိုသာ ပြန်ပါ၊ နင်လာတဲ့နေရာ ပြန်ပေါ့"





"အို မပြန်ဘူး၊ ဒီမှာ ထားလဲ သွားချင်ရာ သွားမယ်"

သန်းစိန်၏စိတ် မူမမှန်ကြောင်း၊ တဇွတ်ထိုး စိတ္တဇရှိကြောင်း ခုမှဘဲ ရိပ်မိတော့သည်။ ချော့ပြော၍ မရ၊ အကျိုး အကြောင်း ရှင်းပြ၍မရချေ။ သန်းစိန်ကို ကျွန်တော့် ကားနှင့် တင်၍ ရဲစခန်းသို့ ခေါ်သွားရန် ကြံစည်ကြသည်။

"ကဲ လာ လာ၊ ကားနဲ့လိုက်ခဲ့၊ အိမ်ကိုပြန်မယ်"

"မလိုက်ချင်ပါဘူးဆို ဆရာကလဲ၊ ကျမ သွားချင်ရာ သွားတော့မယ်"

ခက်ပေပြီ။ သန်းစိန်ကို ခေါ်၍ မရတော့။ ရဲ အကူ အညီ ခေါ်ရတော့မည်။ သို့ဖြင့် မရမ်းကုန်း ရဲဌာနသို့ ဖုန်းဆက်ပြီး ကျွန်တော်ကိုယ်တိုင် မရမ်းကုန်း ရဲစခန်းမှ စခန်းမှူးကို သွားခေါ်သည်။

ကျွန်တော်တို့ ဆီဂိုဒေါင်သို့ ပြန်ရောက်လျှင် သန်းစိန်ကို မတွေ့ရတော့ချေ။ ကျွန်တော်တို့ ရဲစခန်း သွားနေတုန်း ဆီဂိုဒေါင်မှ အတင်း ထွက်သွားသည် ဆို၏။မိန်းကလေးမို့ အတင်း ဖမ်း၍ တားဆီးခြင်းလည်း မပြုလုပ်နိုင်ချေ။ အမှုဖြစ်မှာ စိုးရသေး၏။

"ဘယ်ဘက် ထွက်သွားသလဲ"

"ကမ္ဘာအေးဘက်ကို ထွက်သွားတယ် ဆရာ၊ ကျနော်တို့ဆီက လူနှစ်ယောက်လဲ သူ့နောက်က လိုက်သွားတယ်"

"အေးဗျာ၊ ဒုက္ခ ဘယ်လောက်ပေးတယ်ဆိုတာ ခင်ဗျားတို့ မျက်မြင်ဘဲ။ ကဲ ကျနော်တို့ လိုက်သွားအုံးမယ်"





သန်းစိန်ကို ကမ္ဘာအေးတွင် တွေ့ရ၏။ ခပ်မြန်မြန် လမ်းလျှောက်လျက် ရှိသည်။ ကျွန်တော် ကားကို ရပ်လိုက်၏။

"ဟဲ့ ကောင်မလေး လာခဲ့၊ ပြန်လိုက်ခဲ့"

စခန်းမှူးက ပြောလိုက်သည်။

"မလိုက်နိုင်ဘူး"

သန်းစိန်က ဘူးခံ၏။

"ချော့ပြောလို့ မရဘူးလား၊ ကဲဗျာ ခင်ဗျားဝင်ဆွဲပါ"

ကျွန်တော်နှင့် အတူ ပါလာသော ဆေးရုံမှ အမျိုးသမီး တဦးကို ဝင်ဆွဲခိုင်းသည်။ အမျိုးသမီးက အတင်းဖမ်းချုပ်၍ ကားပေါ် တင်လိုက်သည်။

ကျွန်တော်တို့ ရဲစခန်းသို့ ပြန်ထွက်ခဲ့ကြသည်။

ကားပေါ်တွင်

"ကျနော်တို့ ရဲစခန်းမှာလဲ ထားလို့ မဖြစ်ဖူး ဆရာ၊ ကောင်မလေးကို နယ်မြေ လူမှုရေးအရာရှိဆီ သွားအပ်ထားရအောင်၊ ဟိုကမှ တဆင့် အမျိုးသမီး ဂေဟာကို ပို့ပေးလိုက်မယ်။နယ်မြေလအာက ရုံးကိုသာ မောင်းပါ ဆရာ"

စခန်းမှူးက ရှင်းပြသည်။ နယ်မြေ လူမှုရေး အရာရှိသည် ဤကိစ္စများကို ကူညီ ဖြေရှင်း ပေးနေသည်။

နယ်မြေ လအာကရုံး၌ လူမှုရေး အရာရှိနှင့် တွေ့သည်။အကျိုး အကြောင်း၊ အဖြစ် အပျက်ကို ရှင်းပြလိုက်သည်။အသိ သက်သေအဖြစ် စခန်းမှူးကို ထားသည်။

"ကဲ၊ ငါ့တူမကြီး ပြောစမ်း။ငါ့တူမကြီးကို ဆရာက နှိပ်စက်သလား၊ နှင်ချသလား၊ လခ မပေးဘူးလား"





နယ်မြေ လူမှုရေးအရာရှိ အမျိုးသမီးကြီးသည် ဝတ္တရား အတိုင်း မေးသည်။

"မနှိပ်စက်ပါဘူး၊ နှင်လဲ မချပါဘူး။ ပထမ အိမ်ဖော် ကောင်မလေးနဲ့ ရန်ဖြစ်ပြီး ဆင်းလာတာပါ"

"ဒါဖြင့် ငါ့တူမကြီးက ဘာလုပ်ချင်သလဲ၊ ပထမ လာတဲ့ နယ်ကို ပြန်မလား"

"မပြန်ဘူး၊ ဒီမှာဘဲ နေမယ်"

"ဆရာ့အိမ်ကို ပြန်နေမှာလား"

"မနေဘူး"

"ဒါဖြင့် ဘယ်မှာနေမလဲ၊ အမျိုးသမီး ဂေဟာမှာ နေမလား၊ ဟိုမှာ ပညာ မျိုးစုံအောင် သင်ပေးမယ်၊ ပျော်အောင်ထားမယ်"

"အဲဒီ မှာလဲ မနေချင်ဘူး"

"ဟင်၊ ဒါဖြင့် နင်က ဘာလုပ်ချင်သလဲ။ ဆရာ့အိမ်လဲ မပြန်ချင်၊ နင်လာတဲ့ မြို့ကိုလဲ မပြန်ချင်၊ အမျိုးသမီး စောင့်ရှောက်ရေး ဂေဟာမှာလဲ မနေချင် ဆိုတော့ ငါဘယ်လိုလုပ်ရမလဲ"

"ခက်တာပါဘဲ ဆရာရယ်၊ ကျမတောင် စိတ်ညစ်လာဘီ"

လူမှုရေး အရာရှိကပင် ညည်းညူတော့သည်။ ခေါင်းကုတ် တော့သည်။

"ကဲ ဒါဖြင့် ငါ့အိမ်မှာ လိုက်နေ၊ ညည်းကို ပျော်အောင် ထားမယ်၊ ဟုတ်လား"

လူမှုရေးအရာရှိက ဖြောင့်ဖျသည်။ ချော့သည်။ သို့သော် သန်းစိန်ကား မပျော်ချေ။ 'မနေချင်ဘူး'ဟု ဇွတ်ငြင်း၏။ ခက်

ချေပြီ။ သန်းစိန်၏ ပြဿနာမှာ ရှင်းမရအောင် ရှိနေသည်။ သန်းစိန်သည် အများက အကောင်း ပြောသည်ကို အကောင်း မထင်ရှာ။

နောက် ခဏအကြာတွင် သန်းစိန်သည် စိတ်ပြောင်းသွားပြန်၏။ နေရပ်ကို ပြန်ပါတော့မယ်ဟု ပြောသည်။

"အေး၊ အဲလိုမှပေါ့၊ ငါ့တူမကြီးကို လူကြုံနဲ့ ပို့ပေးမယ်၊ လူကြုံတော့ စောင့်လိုက်အုံး"

"ဟာ မစောင့်နိုင်ဘူး၊ခုချက်ခြင်း ပြန်မယ်၊ကျမကို ဘူတာရုံ လိုက်ပို့"

"ဟဲ့၊ မီးရထားက ည ကိုးနာရီကျမှ ထွက်မယ်၊ အခုမှ ဆယ့်နှစ်နာရီဘဲ ထိုးသေးတယ်။ ညနေထိ စောင့်မှပေါ့"

"မစောင့်နိုင်ဘူး၊ ခုဘဲ သွားမယ်၊ လူကြုံလဲ မစောင့်နိုင်ဘူး"

"မိန်းကလေးဆိုတာ တယောက်ထဲ ခရီးသွားလို့ မသင့်တော်ဘူးဟ၊ လူကြုံစောင့်ပြီးမှ ပြန်ပေါ့၊ နင် ကောင်းအောင် ဒို့က ပြောနေတာ"

စခန်းမှူးက ဝင်၍ နားချပြန်သည်။

"အို၊ မစောင့်နိုင်ပါဘူးလို့ ပြောနေပြီဘဲ"

သန်းစိန်က ငြင်းပြန်၏။

လူမှုရေးအရာရှိ စိတ်ညစ်သွားသည်။ ယခင်က ဤကဲ့သို့ ခေါင်းမာသော သူ မတွေ့ဘူးသေး ဟု ဆို၏။ "စိတ်များ နောက်နေသလား ဆရာရယ်" ဟု ကျွန်တော့်ကိုကြည့်၍ ပြောသည်။





"အခု လူအများရှေ့မှာ မြင်တဲ့အတိုင်းဆိုတော့ စိတ္တဇ ဖြစ်နေမှန်း သိသာပါတယ်၊ ကျနော်တို့က ဘယ်လိုဘဲ အကောင်းတွေ ပြောပြော သူကမှ အကောင်းမထင်တာဘဲ၊ စိတ္တဇရှိတာ ကျိန်းသေပါတယ်၊ ဒါပေမယ့် စိတ်သိပ်နောက်တဲ့ စိတ္တဇ မဟုတ်ဖူး၊ တဇွတ်ထိုး မှားမှား မှန်မှန် လုပ်တတ်တဲ့ စိတ္တဇ ပါဘဲ။ အစကတဲက ကျနော် ရိပ်မိပါတယ်၊ ကျနော့်အနေနဲ့ သူ့ကို စိတ္တဇ ဆေးရုံမှာ ထားလိုက်ရင် တချို့က မတရားတင်ထားတယ်၊ စိတ်လဲ ကောင်းရက်နဲ့လို့ အပြစ်ပြော ခံရမှာ စိုးလို့ ခုလို လူကြီးစုံရာရှေ့မှာ ခေါ်ပြရတာပါ"

"ဒီလိုဆို ဆေးရုံ တင်ထားရင် မကောင်းဘူးလား ဆရာ"

"ကောင်းပါတယ်၊ အများ သဘောတူရင် တင်ကြတာပေါ့၊ ဒါပေမယ့် နယ်က သူ့ဆွေမျိုးတွေသိရင် ကျနော်တို့ မကောင်းဖြစ်နေအုံးမယ်"

"ဒါလဲ ဟုတ်တာဘဲလေ၊ ကဲ ဆရာ၊ ဒီကောင်မလေး ကျမ ဆီမှာဘဲ ထားခဲ့၊ ကျမ ချော့ပြောကြည့်ပါအုံးမယ်"

သို့နှင့် ကျွန်တော်နှင့် စခန်းမှူးသည် ပြန်လည်၍ ကားပေါ် တက်ကြသည်။ ကျွန်တော်တို့ကား နယ်မြေရုံးထဲမှ မထွက်ခင် တွင်ပင် နောက်မှ အသံများ ကြားရ ကောင်မလေး ထွက်ပြေး ကြောင်း သိရသည်။ရုံးထဲတွင် ရုတ်ရက်ခတ်သွား၏။ ကျွန်တော် နှင့် ပါလာသော အမျိုးသမီးက လိုက်ဖမ်းသည်။ သန်းစိန်က အတင်းရုန်းလျက်။

"ဆရာရေ၊ စိတ္တဇ ဆေးရုံမှာသာ တင်ထားပါ ဆရာရယ်၊ ကျမ တာဝန်ယူပါဘယ်"





နယ်မြေလူမှုရေးအရာရှိ၏ သဘောတူညီချက် အရ၊ကျွန်တော် လည်း သန်းစိန်ကို စိတ္တဇ ဆေးရုံသို့ တင်ထားလိုက်ရတော့ သည်။

×

သန်းစိန်သည် ဤမျှ အထိ ဒုက္ခပေးပါသည်။သူ့အတွက်နှင့် ရဲများလည်း မနေရ။လူမှုရေးအရာရှိလည်း မနေရ။ကျွန်တော့် မှာလည်း အလုပ်ပျက် အကိုင်ပျက် ဖြစ်ရသည်။

သန်းစိန်၏ စိတ္တဇ ဝေဒနာကို တဇွတ်ထိုး လုပ်တတ်သော စိတ္တဇဟု ခေါ်ပါသည်။များသောအားဖြင့် မိဘမျိုးရိုးကြောင့် ၎င်း၊ စိတ်ဆင်းရဲမှုများကြောင့်၎င်း ဖြစ်တတ်ကြသည်။

သူတို့၏ အဓိက လက္ခဏာမှာ အလုပ်တခုကို အကြောင်း အကျိုး မဆင်ခြင်ဘဲ လုပ်တတ်ခြင်း ဖြစ်သည်။အလုပ်တခုသည် မှားယွင်းနေပေစေ၊ ဇွတ်လုပ်မှာဘဲ ဖြစ်၏။ သူတို့သည် လူအ များကို ဒုက္ခပေးတတ်၏။ သူတို့ ကိုယ်တိုင်လည်း အခက်အခဲ များစွာနှင့် ရင်ဆိုင်ရ၏။ သို့သော် သခ်ဏ်းစာ မယူတတ်ချေ။ လုပ်ပြီးသားအမှားတခုကို ထပ်လောင်း၍ပြုရန် ဝန်မလေးသူများ ဖြစ်သည်။ထို့ကြောင့် တဇွတ်ထိုး စိတ္တဇသမားများသည် ပြည့်တန်ဆာများ၊ ရာဇဝတ်မှု ကျူးလွန်သူများ၊ အပျော် အပါး အသောက်အစား လွန်ကျူးသူများ ဖြစ်လေ့ရှိသည်။ သန်းစိန် ကို သူလုပ်ချင်ရာသာ လုပ်ခိုင်းလျှင် ရရာအလုပ်ကို လုပ်မည့်သူ ဖြစ်၍ မကောင်းသောဘဝသို့ ကျရောက်မှာ သေချာပါသည်။

ပြည့်တန်ဆာများပင်ဖြစ်စေ၊ရာဇဝတ်မှု ကျူးလွန်သူများပင် ဖြစ်စေ၊ တဇွတ်ထိုး စိတ္တဇသမားများ ဖြစ်ကြသဖြင့် မှားမှန်း





သိနေသော ၎င်းတို့၏ အလုပ်များကို ဆက်၍ လုပ်နေကြခြင်း ဖြစ်သည်။ ၎င်းတို့ကို နားချ၍ မရပေ။

၎င်းတို့ လုပ်လိုသော အလုပ်ကို ချက်ခြင်း ထလုပ်တတ်၏။ မှား၏ မှန်၏ စဉ်းစားနေလေ့ မရှိ။ ထို့ကြောင့် မကြာ ခဏ အမှားများကို တွေ့ရသည်။

တဇွတ်ထိုး စိတ္တဇမှာ အမျိုး အစား အားဖြင့် နှစ်မျိုးရှိ သည်။ပထမ အမျိုးအစားမှာ သန်းစိန်လို အမျိုးအစား ဖြစ်၍ လူအများကို ဒုက္ခပေးတတ်သည်။ လုပ်ချင်ရာကို ဇွတ်လုပ်တတ် သည်။ခပ်ယဉ်ယဉ်ပင်။ ရုတ်တရက် သူတို့ကို စိတ္တဇရှိမှန်း မသိရ။

ဒုတိယ အမျိုးအစားမှာ ကြမ်းသည်။စိတ်မထင်လျှင် အိုးခွက် ပန်းကန်များ ရိုက်ခွဲတတ်၏။ ခိုက်ရန်ဒေါသ ဖြစ်တတ်၏။ များ သောအားဖြင့် ဆေးရုံရောက်လာလျှင် ခေါင်းမှာ ဒဏ်ရာ ပါ လာတတ်၏။ဒုတိယ အမျိုးအစားကို ဆေးရုံတွင် အတွေ့ရများ ပါသည်။ ကြမ်းလွန်းသဖြင့် ဆေးရုံတွင် ထားတတ်ကြသည်။ စိတ္တဇ ရှိမှန်းလည်း လွယ်ကူစွာ သိကြသည်။

တဇွတ်ထိုး စိတ္တဇကို ဆေးရုံမှာ တင်၍ စိတ်ငြိမ်ဆေးများ ကျွေးလျှင် သက်သာနိုင်ပါသည်။ ကြမ်းသော အမျိုးအစားကို ခေတ်နှိပ်ကုသရန် လိုပါသည်။နှစ်မျိုးစလုံးတွင် စိတ်ခေတ် အား ပေးခြင်းများ ပြုလုပ်ရန် လိုသည်။သို့သော် လုံးဝပျောက်ကင်း မည်တော့ မထင်ချေ။အင်မတန် အကုရခက်သော ဝေဒနာ ဖြစ် သည်။

သန်းစိန်အကြောင်း ပြန်ဆက်ကြဦးစို့။ သန်းစိန်ကို စိတ္တဇ ဆေးရုံမှာတင်ပြီး စိတ်ငြိမ်ဆေးများ ကျွေးသည်။ တပတ်ကျော်

ကျော် ကြာသောအခါ စိတ် အနည်းငယ် ငြိမ်သက်လာသည်။ လုံး၀တော့ မပျောက်သေး။

တနေ့တွင် သန်းစိန်လာသည့် နယ်သို့ ပြန်မည့် လူကြုံနှစ်ဦး တွေ့ရသည်။ ကျွန်တော့် အိမ်လာရင်း တွေ့ကြခြင်း ဖြစ်၏။ ကျွန်တော်က သန်းစိန်အကြောင်း ပြောပြပြီး၊ နယ်သို့ပြန်ခေါ် သွားရန် ပြောပြရပါသည်။ လူကြုံနှစ်ဦးသည် အားနာသဖြင့် ပြန်ခေါ် သွားရန် သဘောတူကြသည်။ သို့သော် သန်းစိန်ကိုတော့ လန့် နေကြသည်။

ဆေးရုံတွင် သန်းစိန်ကို နားချရပြန်၏။ နယ်ပြန်လိုလျှင် လမ်းစရိတ်အပြင် သုံးဘို့ပိုက်ဆံပါ ပေးလိုက်မည့် အကြောင်း၊ နယ်ပြန်မလိုက်လျှင် ဆေးရုံမှာဖြစ်စေ၊ အမျိုးသမီးစောင့်ရှောက်ရေးမှာဖြစ်စေ ထားမည့်အကြောင်း ပြောပြသည်။ သူနာပြု ဆရာမများကပါ ဝိုင်းဝန်းနားချသဖြင့် ပြန်လိုက်ရန် သဘောတူသည်။

သို့နှင့် ပြန်မည့် ညဘက်တွင် သန်းစိန်ကို ဆေးရုံမှ ဘူတာရုံသို့ လိုက်ပို့သည်။ ဘူတာတွင် ထွက်မျှား ပြေးဦးမည်လားဟု ရင်တထိတ်ထိတ်ဖြစ်မိသည်။ တော်သေး၏။ သန်းစိန်သည် ထွက်မပြေးချေ။ သို့သော် မပြန်တော့ဟုဆိုသေးသည်။ သို့သော် သူ့စကားကို မကြားချင်ယောင်ဆောင်၍ လူကြုံနှစ်ဦးနှင့် ရထားပေါ်တင်၍ လွှတ်လိုက်ရတော့သည်။

ရင်ထဲတွင် အနည်းငယ် ရှင်းသွားသည်။ သို့သော် လုံးလုံး မရှင်းသေး။ လမ်းတွင် တခုခုလုပ်လျှင် ခက်ဦးမည်။ ကံကောင်းသည်။ နယ်သို့ ချောချောမောမော ရောက်သွား၏။





ရထားပေါ်တွင် လူရှုပ်အချို့က "ချစ်ချစ်"ဟု သန်းစိန်ကို စရာ၊ "ငါ့ သာမစနဲ့၊ ငါ့မှာ လင်နှစ်ယောက်ပါတယ်"ဟု အဖော်နှစ်ဦးကို မေးထိုးပြရာ၊ အဖော်နှစ်ဦးမှာ မျက်နှာပူသွားကြောင်း စာရောက်လာသည်။ ထို့ပြင် စာထဲ၌ သန်းစိန်သည် နယ်သို့ ရောက်ပြီး သုံးရက် အကြာတွင် လူတဦးက လာခေါ်ရာ လိုက်သွားပြီး၊ ထိုသူနှင့်ပင် အိမ်ထောင် ကျသွားကြောင်းလည်း ပါ၏။ သို့သော် မကြာကြောင်း၊ နှစ်ရက်သာ ပေါင်းရပြီး ကွဲသွားကြောင်းလည်း ပါ၏။ ယခု ကျောင်းဆရာမ တယောက်အိမ်တွင် နေကြောင်းလည်း ပါသည်။

ဩော်၊ သန်းစိန် သန်းစိန်၊ လူတကာကို ဒုက္ခပေးခဲ့သည်။ ယခုလည်း ဒုက္ခပေးဆဲ။ နောင်လည်း ဒုက္ခပေးဦးမည်သာ။

တဇွတ်ထိုး စိတ္တဇသမားများသည် ဤကဲ့သို့ပင် ဒုက္ခပေးတတ်သည်။ ကြမ်းသော အမျိုးအစားက ရာဇ၀တ်မှုများ ကျူးလွန်တတ်၏။ သို့သော် သူတို့ကို စိတ္တဇဆေးရုံ၌တင်၍ ဆေးကုသလျှင် သက်သာသွားကြသည်သာ ဖြစ်ပေသတည်း။ ။



## စိတ္တဇနှင့် ရာဇ၀တ်မှုပြဿနာ

"ဟေ့ ချန်ဒရား၊ လာအုံးကွာ ခဏ"

ချန်ဒရားမှာ ပြည်သူ့စိတ္တဇဆေးရုံမှ ရာဇ၀တ်မှု လူနာတဦး ဖြစ်၍ ကျွန်တော့် တပည့်ကလေးတဦး ဆိုကလည်း မှားမည် မဟုတ်ပေ။ နေကောင်းနေပြီ ဖြစ်သော ရာဇ၀တ်မှု လူနာများသည် စာ အတော်အတန် တတ်ပါက ဆရာဝန် ဆရာမများက တပည့်ကလေးတဦးပမာ တောက်တိုမယ်ရ ခိုင်းစေခြင်း၊ တချို့ကို အလုပ်တခုခု တာဝန်ပေးထားခြင်း စသည်ဖြင့် အလုပ် လုပ်စေပါသည်။

ဤကဲ့သို့ လူနာများကို အလုပ်လုပ်စေခြင်းသည် ၎င်းတို့၏ စိတ်ပြန်လည်ခြင်းကို ကာကွယ်ပေးနိုင်၍ စိတ္တဇ ဝေဒနာများကို ကုသရာတွင် ကုသနည်း တမျိုး ဖြစ်ပါသည်။ ထို့ပြင် ၎င်းတို့ အတွက် ထိုက်သင့်သော ထောက်ပံ့ငွေကိုလည်း အလုပ်တန်ဘိုး အလျောက် ရရှိကြပေသည်။



"ချန်ဒရားရေ၊ မင်းကို ငါခေါ်တာ ခိုင်းစရာ ရှိလို့တော့ မဟုတ်ဘူး။ မင်းက မင်းတို့ ရာဇ၀တ်မှုလူနာတွေအကြောင်း စာ ရေးပါအုံးဆိုလို့ ရေးမလို့ ခေါ်တာ"

အနီးသို့ရောက်လာသော ချန်ဒရားကို ကျွန်တော်က ရှင်းပြ လိုက်သည်။

"ကဲ ဆိုပါအုံး၊ မင်း ဒီဆေးရုံ ရောက်တာ ဘယ်လောက် ကြာပလဲ"

"လေးနှစ်ကျော်ဘီ ဆရာ"

"ဟာ၊ ဒါဖြင့် နောက်ထပ်နှစ်နှစ်လောက် နေရအုံးမှာပေါ့ကွ"

"ဒါပေါ့ဆရာ၊ နေရအုံးမှာပေါ့။ ကျနော့် အနေနဲ့ နှစ်နှစ် ကြာရင် ခြောက်နှစ်လဲ လုံးလုံးပြည့်ဘီမို့ ဆင်းခွင့် ရချင်တယ် ဆရာ။ အဲဒါ ဆရာ တတ်နိုင်ရင် ကူညီပါ"

"အေးကွာ၊ ငါလဲ တတ်နိုင်သမျှ ကူညီပါ့မယ်။ ခြောက်နှစ် ပြည့်ရင်တော့ ဆင်းရမှာပေါ့"

"ခြောက်နှစ်ပြည့်တိုင်းလဲ မဆင်းရဘူး ဆရာ။ တချို့ဆိုရင် ခုနစ်နှစ် ရှစ်နှစ် နေရတယ်"

"အေး၊ ဒီနေရာမှာ ငါရှင်းပြမယ်။ စိတ္တဇဝေဒနာရှင်တဦး ဟာ စိတ္တဇကြောင့် ရာဇ၀တ်မှု တခုခုကို ကျူးလွန်ရင် အမှုက ဘယ်လောက်ပဲ သေးသေး ကြီးကြီး၊ အမှုကတော့ တရားသေ လွှတ်တယ်။ ဒါလဲ စိတ်ဖောက်ပြန်လို့ ကျူးလွန်ကြောင်း ထင် ရှားမှ နော်။

"အဲသလို အမှုက တရားသေ လွှတ်ပေမယ့် သူ့ရဲ့ စိတ္တဇ ဝေဒနာ ပျောက်ကင်းအောင် စိတ္တဇ ဆေးရုံမှာ ခြောက်နှစ်

အနဲဆုံး တက်ရောက်ကုသရမယ်လို့ သူရူးဥပဒေက ဆိုထားတယ်။ ဒါကြောင့် မင်းတို့ ခုလို ခြောက်နှစ်ကြာအောင် နေရတာ"

"ခုနှစ်နှစ် ရှစ်နှစ် အထိ ကြာတာကကော ဘာ့ကြောင့်လဲ ဆရာ"

"အေး၊ဒါလဲ မေးစရာဘဲ။ဘာ့ကြောင့် ခုနစ်နှစ် ရှစ်နှစ်အထိ နေရသလဲ ဆိုတော့ စိတ္တဇရောဂါ ရှင်းရှင်း မပျောက်သေးလို့ ပေါ့ကွ။ အခု မင်းတို့ကို ခြောက်လတခါ ဆေးရုံ အုပ်ချုပ်ရေး အဖွဲ့က စိတ္တဇဝေဒနာ ပျောက်မပျောက် စစ်မေးတယ် မဟုတ်လား။ အဲဒီလို စစ်မေးတဲ့အခါတိုင်းမှာ စိတ္တဇဝေဒနာ ပျောက်ကင်းနေရမယ်။ စိတ္တဇဝေဒနာ ပျောက်ကင်းတာ မတွေ့သေးရင် ပျောက်ကင်းတဲ့အထိ ဆေးရုံမှာ နေရမယ်။ ခြောက်လ တကြိမ် စစ်မေးတဲ့ အခါတိုင်း စိတ္တဇရောဂါ ပျောက်ကင်းနေမယ်ဆိုရင် ခြောက်နှစ် ပြည့်တာနဲ့ ဆေးရုံက ဆင်းခွင့်ပြုတာဘဲကွ။ ဒီက မင်းတို့ကို အလကား သက်သက် ဆေးရုံမှာ ဆက်ထားမလား"

"ကျနော် နားလယ်ပါပြီ ဆရာ။ ဒါပေမယ့် ကျနော်တို့လို သာမန် မီးရှို့မှုကလေးနဲ့"

"ဟ ကောင်ရ။ သူရူးဥပဒေက အမှုအကြီးအသေး ရွေးတာ မဟုတ်ဖူးကွ။ မီးရှို့မှု၊ လုယက်မှု၊ ခိုးမှု၊ ပိုင်နက် ကျူးလွန်မှုတွေက အစ လူသတ်မှုတွေ အထိ အနဲဆုံး ခြောက်နှစ် နေရမှာဘဲကွ။ အမှုသေးလို့ ရှော့နေရမယ်၊ အမှုကြီးလို့ ကြာကြာ နေရမယ်လို့ ဥပဒေက ဆိုမထားဘူးကွ။ ကဲ၊မင်းလဲ သွားတော့။ ဒီလောက်ဆို နားလယ်ရောပေါ့"





ချန်ဒရားကို ကျွန်တော် စိတ်ရှည်ရှည်နှင့် ရှင်းပြလိုက်ရသည်။ ချန်ဒရားကဲ့သို့ ရာဇဝတ်မှုလူနာများ စိတ္တဇဆေးရုံတွင် အများအပြား ရှိသည်။ ယောကျ်ား လူနာများသာမက မိန်းမ လူနာများလည်း ရှိပါသည်။

ကျွန်တော် အထက်တွင်ဖော်ပြခဲ့သလို စိတ္တဇလူနာတဦးသည် စိတ်ဖောက်ပြန်၍ မည်သည့် ရာဇဝတ်မှုတခုကို မဆို ကျူးလွန်မိပါက ထိုသူသည် စိတ္တဇ ဆေးရုံ၌ အနည်းဆုံး ခြောက်နှစ် ကြာအောင် ဆေးကုရပါသည်။ဤကဲ့သို့ ခြောက်နှစ်ကြာအောင် နေရသော အခါမှ လူနာ၏ မိဖ ဆွေမျိုးများသည် လူနာကို သနားသည်။ ခြောက်နှစ် နေရတာ ကြာလွန်းသည်ဟု ပြောကြသည်။

အမှန်မှာ ဤကဲ့သို့ ခြောက်နှစ်ကြာအောင် နေရခြင်းသည် မည်သူ့ အပြစ် ဖြစ်သနည်း။

မိဖ ဆွေမျိုးများ၏ အပြစ်ပင် ဖြစ်ပေသည်။ မိမိတို့၏ ဆွေမျိုး သားချင်း တယောက် စိတ္တဇ ဝေဒနာ ဖြစ်သည်ကို စုန်းပူးစားသည်၊ပယောဂဖြစ်သည်၊နတ်ပူးသည် စသည်ဖြင့် ခေတ်နှင့် မဆီလျော်သော အယူအဆများကြောင့်ပင် ဖြစ်သည် မဟုတ်ပါလော။ စိတ္တဇကို စိတ္တဇဆေးရုံ၌ မကုဘဲ အပြင်မှာ ထင်ရာနှင့် ကုသကြခြင်းကြောင့် စိတ္တဇမှာ မသက်သာဘဲ ရာဇဝတ်မှုများ ကျူးလွန်ကြခြင်း ဖြစ်ပေသည်။

စိတ္တဇကို စိတ္တဇဆေးရုံ၌သာ ကုသကြပါက ဤကဲ့သို့ ရာဇဝတ်မှု လူနာများ ပပျောက်သွားမည်ဟု ကျွန်တော် ယုံကြည်မိပါသည်။



ထို့ကြောင့် စိတ္တဇဝေဒနာ ဖြစ်သည်နှင့် တပြိုင်နက် စိတ္တဇ ဆေးရုံ၌သာ ကုသကြပါ။

မိမိတို့၏လူနာကို ပစ်မထားကြပါနှင့်။ စိတ္တဇလူနာများသည် ရာဇဝတ်မှု ကျူးလွန်တတ်သည်။

ရာဇဝတ်မှု ကျူးလွန်လျှင် အမှုအကြီးအသေး မရွေး စိတ္တဇ ဆေးရုံ၌ ခြောက်နှစ်ကြာအောင် နေရပေလိမ့်မည်။ ။



# အိပ်မက် စိတ္တဇ

စိတ္တဇ ဝေဒနာများမှာ ဆန်းကြယ်ပါသည်။ ဝေဒနာအမျိုးမျိုး တွေ့ဘူးရာတွင် ယခု ဖော်ပြချင်သည့် ဝေဒနာမှာ စိတ္တဇ** ဖြစ်ပါသည်။

ဤ ဝေဒနာမျိုး ပြည်သူ့ စိတ္တဇဆေးရုံမှ ရာဇဝတ်မှုလူနာ တယောက်၌ ဖြစ်ပွားရာ အိပ်မက် မက်သည့်အတိုင်း ရာဇဝတ်မှု ကျူးလွန်ပုံကို ဖော်ပြအပ်ပါသည်။

×

လူနာ၏ အမည်မှာ 'ကိုမောင်ချစ်'ဖြစ်သည်။ ဆေးရုံရောက်သည်မှာ ဆယ့်တနှစ်ကျော်ပေပြီ။စိတ္တဇဝေဒနာကြောင့် လူသတ်မှု ကျူးလွန်မိကာ စိတ္တဇဆေးရုံ၌ ဆေးကုသနေရခြင်း ဖြစ်သည်။

ယခုအခါ စိတ္တဇ ပျောက်ကင်းနေပြီဖြစ်၍ အပြင်လူနာဌာနတွင် ကူညီလုပ်ကိုင်လျက် ရှိသည်။ ကိုမောင်ချစ်သည် အသားလတ်လတ်၊ဝဝ၊ ထောင်ထောင် မောင်းမောင်းနှင့် အလုပ် လုပ်

** DREAM-LIKE CLOUDING OF CONCIOUSNESS

ရာတွင် သွက်လက် ဖျပ်လတ်သည်။အသက်မှာ လေးဆယ်ကျော်ပေပြီ။

ကိုမောင်ချစ်၏ ဇာတိမှာ သာယာဝတီနယ်ဖြစ်၍ မိဘများမှာ ကုန်သည်မျိုး ရိုး ဖြစ်သည်။ ကျောင်းစာ ခုနစ်တန်း အထိ သင်ခဲ့ဘူးသည်။ မွေးချင်း သုံးယောက်ရှိရာ ကိုမောင်ချစ်က အကြီးဆုံး ဖြစ်သည်။ကိုမောင်ချစ်သည် ပျော်ရွှင်စွာပင် မိဘ၏ အလုပ်အကိုင်များ ကူညီ လုပ်ကိုင်ပေးနေသည်။ စိတ်ညစ်စရာ ဟူ၍ ဘာမျှမရှိဟု ဆိုသည်။

ဤကဲ့သို့ ပျော်ရွှင်စွာ လုပ်ကိုင်နေစဉ် စိတ္တဇ ဝေဒနာမှာ ဘွားကနဲ ပေါ်လာတော့သည်။ ဖြစ်ပုံမှာ ဤသို့ဖြစ်သည်။တညတွင် ကိုမောင်ချစ်သည် အိပ်ပျော်နေရင်း အိပ်မက်မက်နေသည်။ အိပ်မက်ထဲတွင် နွားသူခိုးကို လိုက်ဖမ်းနေသည်။ သူခိုးလိုက်ဖမ်းရင်း သူခိုးကို ဓားဖြင့် ထိုးလိုက်တော့သည်။

"ဟဲ၊ အမယ်လေး၊ ဘယ်လိုဖြစ်တာလဲ ဟ"

ကိုမောင်ချစ်သည် အိပ်မက် မက်နေရာမှ ဖခင် ဘေးတွင်ရှိသော ဓားနှင့် ဖခင်ကို တအားထိုးလိုက်သော်လည်း ကံကောင်းထောက်မ၍ ဘေးချော်သွားသည်။ ဖခင်ဘေး၌ ကွမ်းအစ်ကို ထိုးမိသွားသည်။

"ကျနော် အိပ်မက်မက်ရင်း နွားသူခိုးကို ဓားနဲ့ထိုးလိုက်တာ အဖေရဲ့။ကျနော် သတိလစ်သွားတယ်။ကျနော့်ကို ခွင့်လွှတ်ပါ" ဟု ကိုမောင်ချစ်က ဖခင်ကို တောင်းပန်ရှာသည်။ ဖခင်ကလည်း ခွင့်လွှတ်ရရှာသည်။ စိတ္တဇဖြစ်နေမှန်း မသိ။





နောက်ရက်များတွင် ကိုမောင်ချစ် အနည်းငယ်စိတ်မကြည်သည်မှ လွဲ၍ ဘာမျှ မဖြစ်ချေ။ ထိုသို့ ပထမအကြိမ် စိတ္တဇဖြစ်စဉ်က ကိုမောင်ချစ်၏ အသက်မှာ ဆယ့်ချစ်နှစ် ရှိပေပြီ။

ထို့နောက်ပိုင်းတွင် ဂျပန် တော်လှန်ရေး ဖြစ်တော့သည်။ ကိုမောင်ချစ် စစ်ထဲ လိုက်သွားသည်။ တိုက်ပွဲများတွင် ရှပ်ရှပ်ချွန်ချွန် တိုက်ခိုက်ခဲ့သည်။ စစ်တိုက်ရသည်မှာ ပျော်သည် ဆို၏။

ဂျပန် တော်လှန်ရေးပြီး သောအခါ စစ်တပ်မှအနားယူလိုက်သည်။စစ်တပ်တွင် ၄ါးနှစ်ကျော် အမှုထမ်းပြီး ဖြစ်၍ အနားယူချင်လျှင် ရသည်ဟု ဆိုပါသည်။တနှစ်ကျော်ကျော် အနားယူပြီးသောအခါ နောက်တကြိမ် စစ်ထဲ ဝင်ပြန်သည်။ဤ အချိန်တွင် ပြည်တွင်းသူပုန်များကို တိုက်ခိုက်ရသည် ဆိုသည်။ဤသို့ဖြင့် စစ်ထဲတွင် သုံးနှစ်ကျော်မျှ ကြာသွားပြန်၏။စစ်တိုက်ရတာ ပင်ပန်းလာသည်။ ကိုမောင်ချစ်၏ စိတ္တဇဝေဒနာ ပြန်ဖြစ်ချင်လာ၏။

တိုက်ပွဲတခုမှ အပြန် ၄ါးရက်မြောက် နေ့ခင်း အချိန်တွင် ကိုမောင်ချစ် အိပ်ပျော်နေသည်။ အိပ်ပျော်နေသည် ဆိုသော်လည်း နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်နေသည် မဟုတ်။ အိပ်မက်မျိုးစုံတို့ကို ယောက်ယက်ခတ် မက်နေရှာသည်။

ဖြုံးကနဲ အိပ်ရာမှ ယောင်ရမ်းထပြီး သေနတ်ကို ဆွဲတော့သည်။ ပါးစပ်မှလည်း "ကြောက်တယ်၊ ကြောက်တယ်"ဟုငင်း၊ "ရန်သူတွေ လာပြီ"ဟုရင်း အော်ဟစ် ပြောဆိုလျက် ရှိသည်။ အနားမှ ရဲဘော်များက ဝိုင်းဝန်း ဖမ်းချုပ် ထားကြသည်။

"သတိထားပါ ဆရာ၊ သတိထားပါ"ဟု ရဲဘော်များက သတိပေးရသည်။ကိုမောင်ချစ်မှာ စစ်တပ်ထဲတွင် အစစ အရာရာ





ထူးချွန်သော ဆရာ တဦးဖြစ်သည်။ယခုလို ရုတ်တရက် ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်သော အခါ အံ့အား သင့်ကုန်ကြသည်။ထိုနောက်ပိုင်းတွင် ကိုမောင်ချစ်၏ စိတ္တဇမှာ ပိုဆိုးလာသည်။ အဝတ်အစားတောင် မကပ်တော့ချေ။ ကြမ်းသည်ထက် ကြမ်းလာသည်။ပါးစပ်မှလည်း တွေ့ကရာ ရှောက်ပြောတော့သည်။ညညလုံးဝ မအိပ်တော့ချေ။လူအများကို မသက်ာခြင်း၊ နားထဲတွင် အသံများ ကြားရခြင်း စသည်တို့ကို မမှတ်မိတော့ဟု ဆိုသည်။

နောက်ဆုံးတွင် ကိုမောင်ချစ်ကို စိတ္တဇ ဆေးရုံတွင် တင်ပို့ကုသရတော့သည်။ စိတ်ငြိမ်ဆေးများ ကျွေးခြင်း၊ ဓာတ်နှိပ်ကုသခြင်း စသည်ဖြင့် ကုသပေးရာ ခြောက် လ မြောက် ကြာသောအခါ နေကောင်း သွားတော့သည်၊ သို့နှင့် ဆေးရုံမှ ဆင်းခွင့်ပြုလိုက်သည်။

ဆေးရုံမှဆင်းပြီး ဇာတိဖြစ်သော သာယာဝတီ နယ်ဘက်သို့ မပြန်တော့ဘဲ ဆေးကုသမှု လွယ်ကူစေရန် ရန်ကုန်ရှိ ဦးလေး တဦး၏ နေအိမ်တွင် နေသည်။ (ကိုမောင်ချစ်သည် စစ်တပ်မှ လစာမဲ့နှင့် ထွက်ထားသည်။) ကိုမောင်ချစ်၏ ဦးလေးမှာ ပွဲရုံလုပ်ငန်း လုပ်ကိုင်ရာ ပွဲရုံတွင် အလုပ် လုပ်နေသော မမြမေသည် ကိုမောင်ချစ်ကို ဂရုတစိုက် ပြုစု စောင့်ရှောက်သည်။ မမြမေမှာ အသက် နှစ်ဆယ့် ရှစ်နှစ်ခန့် ရှိပြီ ဖြစ်သော်လည်း ရုပ်ရည် ချောမော၍ ကျန်းမာသန်စွမ်းသူ ဖြစ်သည်။ကိုမောင်ချစ် ဆေးမှန်မှန်စားစေရန်ငင်း၊ ဖျားနေသော အခါ ဆေးတိုက်သို့ လိုက်ပို့၍ ငင်း ဂရုစိုက်ရှာသည်။ ထို့ကြောင့်လည်း ဆေးရုံမှဆင်းပြီး ၆လ





လောက် အကြာတွင် ကိုမောင်ချစ်နှင့် မမြမေတို့ ညားကြလေတော့သည်။

အိမ်ထောင်နှင့် ဖြစ်လာသော ကိုမောင်ချစ်သည် ပန်းဆိုးတန်း၌ ကုန်စုံဆိုင်ကလေး ဖွင့်၍ လုပ်ကိုင် စားသောက်တော့သည်။ ကိုမောင်ချစ်၏ စီးပွားရေးမှာ အဆင်ပြေသည်။ မိန်းမနှင့်လည်း ချစ်ချစ် ခင်ခင် နေသဖြင့် စိတ်ညစ်စရာ အကြောင်း မရှိချေ။ သို့သော် တခုတော့ရှိသည်။ ထိုအရာမှာ အရက်သောက်ခြင်းပင် ဖြစ်သည်။ အမြဲ အစွဲတော့ မသောက်ဟု ဆိုသည်။ သို့သော် သောက်မိလျှင် မထနိုင်အောင် မူးတတ်သည်။ ဤသို့နှင့် ပျော်ရွှင်သော ကိုမောင်ချစ်၏ အိမ်ထောင် သက်မှာ သုံးနှစ်မျှ ရှိသွား၏။

စိတ္တဇ ဝေဒနာ ပျောက်ပြီဟု ယူဆကာ ကိုမောင်ချစ် ဆေးမသောက်သည်မှာ ကြာပေပြီ။ ဆေး အစား အရက်ကိုသာ သောက်နေသည်။ ထိုသို့ အရက်ကိုသာ ဖိသောက်နေရင်း တခုသောနေ့ လင်းအားကြီးအချိန်တွင် ကိုမောင်ချစ်သည် အိပ်မက်ဆိုးများ မက်နေပြန်သည်။ အိပ်မက်ထဲတွင် ရန်သူနှင့် တွေ့နေသည်။ ကိုမောင်ချစ်သည် ရန်သူကို ကြာကြာမထား။ အိပ်ရာဘေးတွင် အသင့် ထားသော သားလှီးဓားနှင့် ထိုးလိုက်တော့သည်။ "အမယ်လေး"ဟု မမြမေက အော်လိုက်သည်။ထိုအသံကို ကြားမှ ကိုမောင်ချစ် သတိရလာသည်။

"ဟာ မှားကုန်ပဟေ့"ဟု ညည်း တွားရင်း ခေါင်းရင်းအိမ်မှ အဒေါ်ကြီးကို လှမ်းခေါ်လိုက်ရသည်။ ဓားဒဏ်ရာမှာ မမြမေ၏ ဘယ်ဘက် ရင်အုံကို ထိုးမိသည်။ ဒဏ်ရာမှ သွေးများ

စီးကျလျက် ရှိသည်။ ကိုမောင်ချစ်၏ အော်သံကြောင့် အိမ်နီးနားချင်းများ ရောက်လာကြသည်။ ပတ်တရောင် လှည့်နေသော ရဲများလည်း ရောက်လာကြပြီး၊ ကိုမောင်ချစ်ကို ရဲစခန်းသို့ ခေါ်သွားကြသည်။ မမြမေကို ရန်ကုန် ဆေးရုံကြီးသို့ ပို့လိုက်ကြသည်။

×

"နေပါအုံးဗျ၊ အဲဒီ အဖြစ်အပျက် မဖြစ်ခင် ခင်ဗျား စိတ်များ ပြန်နောက်နေသလား"

ကျွန်တော်က ဇာတ်ကြောင်းပြန် နေသော ကိုမောင်ချစ်ကို မေးလိုက်သည်။

"မနောက်ပါဘူး ဆရာ၊ ကျနော် နေကောင်းသားဘဲ။ အဲဒီညကလဲ မမြမေဟာ ကျနော်နဲ့ အတူအိပ်တာ မဟုတ်ပဲဘူး။ ဘယ်လိုကနေ ကျနော့် အိပ်ရာဘေး ရောက်နေမှန်း မသိဘူး"

"ဒါကတော့ဗျာ၊ ခင်ဗျားအိပ်နေတုန်း ခင်ဗျားမိန်းမ လာအိပ်နေတာ ဖြစ်မှာပေါ့။ ဒါထက် အိမ်မက်က ဘယ်လို အိမ်မက်မျိုးလဲ"

"အိမ်မက်ထဲမှာ ရန်သူက လိုက်နေတယ် ထင်တယ် ဆရာ၊ ကျနော့်ကို ရန်မူ တော့မယ် ဆိုတာ သိတော့ ကျနော်က ဦးအောင် လုပ်လိုက်တာဘဲ။ ဓားနဲ့ထိုးတာကို သတိမရဘူး၊ မမြမေ အော်သံကြားမှ ဓားနဲ့ထိုးမိသွားပြီး၊ ဘယ်လို ဖြစ်တာ ပါလိမ့်လို့ တွေးမိတယ်။ စိတ်ထဲလဲ သွေးသံတွေ မြင်မှ ဘယ်လိုဖြစ်ကုန်တယ် မသိဘူး။ ဇဝေဇဝါနဲ့"





"အင်း၊ နောက်တော့ ဘယ်လိုဖြစ်သွားသလဲ"

"နောက်တော့ ရဲက ရုံးမှာ အမှုတင်တာပေါ့ ဆရာ။ မမြမေလဲ ရှစ်ရက်ကြာတော့ ဆေးရုံကြီးမှာ သေသွားတယ်။ တရားသူကြီးက ကျနော့် ရူးဘူးသလား မေးတော့ အရင်က ရူးဘူးကြောင်း ပြောပြမှ အမှုကို ရပ်ဆိုင်းပြီး စိတ္တဇ ဆေးရုံကို ဆေးကုဘို့ ပို့တော့တာဘဲ"

"ဆေးရုံရောက်တော့ ဒီလိုဘဲ အိမ်မက်ပီး လူတွေ သတ်သေးသလား"

"ဟာ မမက် တော့ပါဘူး။ ဒီဆောက်တော့ ကျနော့်ကိုဆေးတော်တော် ကုယူရတယ် ပြောကြတယ်။ စိတ် သိပ်နောက်နေတယ်။ ၁၉၃၆ ခုနှစ်က အဲဒီ အမှုဖြစ်တယ် ၁၉၆၁ ခုနှစ်မှ အမှုပြီးသွားတော့တယ်"

(မှတ်ချက်။ စိတ္တဇ ဝေဒနာရှင် တဦးသည် စိတ္တဇ လုံး၀ ပျောက်ကင်းမှသာ အမှုဆိုင်နိုင်သည်။ အမှုဆိုင်လျှင် အမှုမှ လွတ်သွားတော့သည်။ ကိုမောင်ချစ်၏ စိတ္တဇကို ပျောက်ကင်းရန် ၄ ါးနှစ်မျှ ဆေးကုယူရသည်။)

"အင်း၊ ဒါပေမယ့် ခင်ဗျားစိတ္တဇ ဖြစ်တိုင်း အိမ်မက်မက်ပီး ဖြစ်တတ်တယ်။ အိမ်မက်ထဲမှာ ဖြစ်နေတာကို တကယ် 'ထ' လုပ်တယ်။ ဒါကြောင့် အိမ်မက် စိတ္တဇလို့တောင် ခေါ်ချင်တယ်။ ပီးတော့ စိတ္တဇဖြစ်တဲ့ အကြောင်း၊ ကလဲ ဘာမှ မရှိဘူး"

"တခုတော့ရှိဟယ် ဆရာ၊ ကျနော့် အဖေဟာ စိတ်နောက်ဖူးတယ်။ ကျနော်ငယ်ငယ်က တခါနောက်ပီး၊ ကျနော်လဲ ခုလိုဖြစ်ရာ ရေထဲခုန်ချ သတ်သေသွားတော့တယ်"



"ဟာ၊ ဒါဖြင့် မျိုးရိုးကြောင့် စိတ္တဇဖြစ်တာပေါ့ဗျ၊ ရှင်းနေသားဘဲ"

ကျွန်တော်က အထက်ပါ အတိုင်း မှတ်ချက် ချလိုက်သည်။

×

အထက်ပါ ကိုမောင်ချစ်၏ စိတ္တဇသည် အိပ်မက် ဆံသော စိတ္တဇပေတည်း။ ထိုစိတ္တဇမျိုးသည်၊ မျိုးရိုးကြောင့် ဖြစ်စေ၊ နာဖျားရှ်ဖြစ်စေ ဖြစ်တတ်ပါသည်။ ရောဂါလက္ခဏာမှာ မျက်စေ့ထဲတွင် တွေ့ကရာမြင်လာပြီး တကယ'ထ'၍ လုပ်တတ်ကြသည်။ ဥပမာ-လူသတ်နေသည်ကို မြင်မက်လျှင် တကယ် ထ၍ သတ်တတ်သည်။ မျက်စေ့ထဲတွင် တွေ့ကရာမြင်သောအခါ အိပ်မက်လိုလို၊ တကယ်လိုလို ဝေခွဲမရ ဖြစ်ပြီး သတိလက်လွတ် ဖြစ်သွားတော့သည်။ ကိုယ့်ကိုယ်ကို ဘာလုပ်မိမှန်း မသိကြပေ။

တချို့က အိပ်နေရင်း လမ်း ထလျှောက်တတ်သည်။**အိမ်ပေါ်ကဆင်းသွား၍ သွားချင်ရာ သွားတတ်သည်။ ဤအခြေအနေတွင်လည်း ရာဇဝတ်မှုများကို ကျူးလွန်တတ်သည်။

နိုဂုံး ဆိုရသော် စိတ္တဇ ဝေဒနာများသည် ဆန်းကြယ်သည့်အလျောက်၊ လူနာ အမျိုးမျိုးသည်လည်း ရာဇဝတ်မှု အမျိုးမျိုးကို ကျူးလွန်တတ်သည်။

သို့သော် အချိန်မှီ ထိရောက်စွာ ဆေးကုသမှု ယူပါက၊ ထိုကဲ့သို့ ရာဇဝတ်မှုများ ပေါ်ပေါက်နိုင်တော့မည် မဟုတ်ဟု ကျွန်တော် ဆိုချင်ပါသည်။ ။

** SLEEP WALKING



## စိတ္တဇနှင့် ပယောဂ

စိတ္တဇ ဆေးရုံ၌ လာပြသော လူနာ ၉၀-ရာခိုင်နှုန်းသောက်သည် အပြင်တွင် ဗမာဆရာ၊ ဘုန်းကြီးများ စသည်တို့နှင့် ကုသခဲ့ပြီး မပျောက်ကင်းမှ စိတ္တဇ ဆေးရုံသို့ လာပြကြောင်း ကျွန်တော် တခါက ရေးခဲ့သည်။

ပယောဂ ဆရာ စသည်တို့နှင့် ကုသ၍ကော ရောဂါပျောက်သလားဟု မေးကြည့်ရာ ငွေသာကုန်သည်၊ ရောဂါမပျောက်၍ စိတ္တဇ ဆေးရုံကို လာရကြောင်း ပြန်ပြောကြသည်။ အမှန်မှာ ငွေကုန်ရုံသာ မဟုတ်၊ စိတ္တဇ ဝေဒနာပါ တိုးလာကြောင်း လူနာရှင်များ မရိပ်မိကြချေ။ စိတ္တဇသည် စိတ္တဇသာဖြစ်၍ ပယောဂ ဆရာ စသည်တို့နှင့် ကုသ၍ ပျောက်ကင်း နိုင်ပါမည်လော။

ဤနေရာတွင် ပယောဂ ဆရာများ၏ လက်တွေ့ ကုသပုံကို လူနာနှစ်ယောက်၏ ပြောပြချက်အတိုင်း ဖော်ပြ ချင်ပါသည်။

ပထမလူနာမှာ ဒလဘက်မှဖြစ်၍ အိန္ဒိယ အမျိုးသား ပြော်သည်။ အသက် နှစ်ဆယ် လောက်သား ရှိသေးသည်။ တနေ့သော

နံနက်ခင်း အိပ်ရာထတွင် အုံးလှဲသွားသည်။ လည်ပင်းလှည့်၍ မရတော့ချေ။ လူနာသည် သိပ်ကြောက်သွားသည်။ ထိုကြောင့် စကား လုံးဝ မပြောတော့ချေ။ ထမင်းလဲ ခွံ့မှ စားတော့သည်။ ချေးယို သေးပေါက်မှုစ၍ ဖခင်က လိုက်ပို့ရသည်။ ထုံးစံအတိုင်း လူနာ့ ဖခင်သည် ပယောဂဟု စွပ်စွဲတော့သည်။ သို့နှင့် ပယောဂ ဆရာများကို သွားပင့်တော့သည်။

ပထမတွင် ပယောဂ ဆရာများက ဆေးကုခ မယူဟု ပြောသည်။ သို့သော် နောက်ပိုင်းတွင် ငှက်ပျောပွဲ၊ အုန်းပွဲ အတွက် ဘယ်လောက်၊ ဆေးဖယောင်းတိုင် ထွန်းခ ဘယ်လောက်၊ အင်းဘိုး၊ ရေမန်းဘိုး ဘယ်လောက်၊ လက်ဖွဲ့ဘိုး ဘယ်လောက်စသည်ဖြင့် တတိတိ ပိုက်ဆံယူရာ ကြာတော့ ပိုက်ဆံ မတတ်နိုင်တော့ချေ။ ရှိသမျှ ကုန်တာပါဘဲဟု လူနာ့ဖခင်က ပြောပြရှာသည်။ အဲ ပိုက်ဆံသာ ကုန်သည်။ လူနာ့ရောဂါမှာ အနည်းငယ်မျှ မသက်သာချေ။ လူနာ့ ဖခင်နားသို့ တဆင့်စကား တဆင့်နား ကြားရ၏။ စိတ္တဇ ဆေးရုံသည် စိတ္တဇ လူနာများကို ကောင်းစွာ ကုသ ပေးနေသည်။ သွားကြည့်ပါ စိတ္တဇ ပျောက်ပါလိမ့်မည်ဟု ပြောသည်။ သို့နှင့် စိတ္တဇ ဆေးရုံသို့ ရောက်လာတော့သည်။

ဆေးရုံတွင် ၎င်း၏ ဝေဒနာကို မေးမြန်း စမ်းသပ်ကြည့်ရာ အကြောက်လွန်ရာမှ စိတ်အားငယ်သည့်ဝေဒနာဖြစ်သွားကြောင်း သိရသည်။

ထို့ကြောင့် လူနာကို စိတ်ငြိမ် ဆေးများ ကျွေး၍ ခေတ်နှိပ် ကုသပေးရာ နှစ်ကြိမ်သာ ခေတ်နှိပ် ကုသ လိုက်ရသည်။ စိတ္တဇ





လုံးဝ ကင်းသွားပါသည်။ စကားပြော၍ ပျော်ပျော် ရွှင်ရွှင် နေနိုင် လာတော့သည်။

နောက်တယောက် ကျွန်ုပ်တော် ဖော်ပြ ချင်သည်မှာ အမျိုးသမီး တယောက် ဖြစ်သည်။ လူနာ၏ ပြောပြချက်မှာ ခေါင်းမူးသည်။ အိပ်မပျော်၊ ရင်တုန်သည်။ တခါတရံ တကိုယ်လုံးကုန်သည် စသည်ဖြစ်၏။ အမူး ရောဂါကြောင့် ရန်ကုန် ဆေးရုံကြီးတွင် တက်ရောက် ကုသခဲ့ရသည်။ ရန်ကုန် ဆေးရုံကြီးက ဘာရောဂါမှ ရှာမတွေ့သဖြင့် စိတ္တဇ ဆေးရုံသို့ ညွှန်လိုက်ခြင်း ဖြစ်သည်။ စိတ္တဇဆေးရုံတွင် လူနာကို စမ်းသပ်ကြည့်ရှုပြီး စိတ္တဇ ဝေဒနာတမျိုး စွဲကပ်နေကြောင်း၊ စိတ်ငြိမ်ဆေးများ ဝယ်စားလျှင် ပျောက်ကင်းမည် ဖြစ်ကြောင်း၊ ကုသ၍ ပျောက်ကင်းမည့် ဝေဒနာဟု ယုံကြည်စေချင်ကြောင်း၊ ရောဂါ သိပ်မရင့်ကြောင်း ပြောပြ၍ ဆေးဝယ် စားရန် ဆေးလက်မှတ်ပါ ရေးပေးလိုက်သည်။ လူနာသည် ချက်ခြင်းဆေးဝယ်၍ မရ။ ထို့ကြောင့် ရောဂါမှာ ချက်ခြင်း မသက်သာချေ။

ဆေးရုံတွင် လာပြပြီး နှစ်ရက် အကြာ လူနာကို ပယောဂ ဆရာထံ မိဘများက ခေါ်သွားတော့သည်။ ပယောဂ ဆရာက ဘာဖြစ်သလဲဟု မေးရာ လူနာက ဗိုက်ထဲမှာ ပြည့်နေကြောင်း ပြောပြသည်။ ဤတွင် ပယောဂ ဆရာက 'ဗိုက်ထဲဘွင် အလုံးသွင်းထားကြောင်း' ပြော၍ ရေမန်းများ တိုက်တော့သည်။ လူနာမှာ ကြောက်ရွံ့ပြီး တကိုယ်လုံး တုန်လာတော့သည်။ ပယောဂ ဆရာက စုန်းပူးပြီဆိုကာ လူနာကို တောင်မေး





မြောက်မေး လုပ်တော့သည်။ လူနာက ကြောက်ရွံ့ပြီး ပယောဂ ဆရာအကြိုက် လိုက်၍ ဖြေသည်။

လူနာသည် သတိ လက်မလွှတ်ချေ။ ပယောဂ ဆရာ၏ မေးခွန်းကို အဆင်သင့်အောင် မဖြေတတ်ပါက လူနာကို မာန်မဲပြီး ပါးရိုက်တော့သည်။ ငါဆရာကို ဘာထင်သလဲဟု ကြိမ်းမောင်းသည်။ လူနာသည် ပို၍ လန့်သွားသည်။ ပါးစပ်မှအယောင်ယောင် အမှားမှားများ ပြောမိတော့သည်။ နှုတ်ခမ်းလည်း ကွဲသွားသည်။

နောက်နေ့တွင် လူနာသည် ဆေးရုံသို့ ပြေးလာတော့သည်။ မိဘများက ပယောဂ ဆရာထံ ခေါ်သွားပြီး ဆရာက ပါးရိုက်လွှတ်လိုက်ကြောင်း ပြော၍ ငိုယိုတော့သည်။ ကျွန်ုပ်တော်လည်း အံ့အားသင့်သွားသည်။

ရောဂါ သက်သာပြီလား၊ ဆေးကော ဝယ်စားရဲ့လားဟု မေးရာ ဆေးဝယ်မရ၍ မစားရသေးကြောင်း ပြောပြသည်။ ခက်ပေပြီ၊ ဆေးမစားရ၍ ရောဂါမှာလည်း မသက်သာသေး။ ရောဂါ မသက်သာလျှင် မိဘများက ပယောဂ ဆရာထံ ခေါ်သွားလိမ့်ဦးမည်။ ပယောဂဆရာက ရိုက်လိမ့်ဦးမည်။ လူနာ၏ စိတ္တဇကို မြန်မြန် ပျောက်အောင် ကုသမှ ဖြစ်ပေတော့မည်၊ ထို့ကြောင့် အလွယ် တကူ ဝယ်ရမည့် ဆေးကိုဘဲ ဝယ်ခိုင်း၍ သောက်ခိုင်းရသည်။ သုံးရက်သာ ဆေး သောက်လိုက်ရသည်၊ လူနာ့ရောဂါမှာ တဝက်လောက် ပျောက်သွားသည်။ နောက် နှစ်ပတ်လောက် ကြာသောအခါ လူနာမှာ လူကောင်း ဖြစ်သွားပေပြီ။ ပယောဂ ဆရာထံ သွားစရာ မလိုတော့ချေ။





စိတ္တဇလူနာ တယောက်သာလျှင် ပယောဂဟု ပြောလေ့ရှိသည်။ စုံးပူး ခိုင်း၍ ရိုက်လေ့ရှိသည်။ ကုပ်ကြမ်းလွန်းလှသည်။ သို့သော် သူတို့ကို အပြစ်ဆိုသာချေ။ သူတို့ကို လူနာ့ ဆွေမျိုးများက အကုခိုင်း၍သာ ကုသရခြင်းဖြစ်သည်။ အမှန် တကယ် အပြစ်ရှိသူသည် လူနာ၏ ဆွေမျိုး သားချင်းများသာ ဖြစ်သည်။ သူတို့သည် စိတ္တဇနှင့် ပယောဂကို ယခုထိ ခွဲခြား၍ မသိကြသေးပေ။ စိတ္တဇကို ပယောဂဟုပင် ထင်နေကြရှာသည်။ စိတ္တဇကို ပယောဂဟု ထင်မှတ်နေကြသမျှ ကာလပတ်လုံး ငွေကုန် လူပန်း ခံ့သာမက လူနာများမှာလည်း ပယောဂ ဆရာများ၏ အရိုက် အနှက်ကို ခံရဦးမည်ပင်။ ။

## ဓားနှင့် ရိုက်သတ်ခြင်း

"ကျနော့် အမှုကတော့ လူသတ်မှုဘဲ ဆရာ"

ကိုကြည်အောင်သည် ကျွန်တော့်စပွဲမှာထိုင်ရင်း ပြောလိုက်သည်။ ကိုကြည်အောင်သည် စိတ္တဇဆေးရုံမှ ရာဇဝတ်မှု လူနာတဦး ဖြစ်သည်။အသက် ၄၇နှစ် ရှိပြီဖြစ်၍ စိတ္တဇ ဆေးရုံသို့ ရောက်သည်မှာ ၁၁နှစ် ရှိပြီဟု သိရသည်။ယခုအခါ စိတ္တဇ ဝေဒနာ သက်သာပျောက်ကင်းနေပြီဖြစ်၍၊ပြင်ပလူနာဌာနတခုတွင်အလုပ်များကို ကူညီလုပ်ကိုင် ပေးနေပြီဖြစ်သည်။ကျွန်တော်သည်စိတ္တဇ ဆေးရုံမှ ရာဇဝတ်မှု လူနာများအကြောင်း ဝတ္ထုရေးချင်စိတ်ရှိရာ တနေ့တွင် ကိုကြည်အောင်ကို ကျွန်တော့်စပွဲတွင် ထိုင်ခိုင်း၍ ၎င်း၏ အမှုအကြောင်း မေးကြည့်ရာ ကိုကြည်အောင်က အထက်ပါအတိုင်း ပြောပြခြင်း ဖြစ်ပေသည်။

"အင်း-ကျနော်တို့ ဆေးရုံက ရာဇဝတ်မှု လူနာတိုင်း လိုလိုဟာ၊လူသတ်မှုတွေ ကျူးလွန်ကြတာ ချည်းပါလား"

ကျွန်တော်က စိတ်ထဲမှ ငြီးညူမိသည်။မှန်သည်၊ စိတ္တဇ ဆေးရုံမှ ရာဇဝတ်မှု လူနာများသည် များသောအားဖြင့် လူသတ်မှု



များကို ကျူးလွန်ကြသည်။ အခြား သာမန်အမှုများက နည်းသည်။

"ကဲ-အမှုတော့ သိပါပြီ၊ဘယ်လိုဖြစ်တာလဲ ဆိုတာ အစအဆုံး ပြောပြဗျာ၊ ခင်ဗျားအကြောင်း ကျနော် ဝတ္ထုတပုဒ်ရေးချင်တယ်"

"ဟုတ်ကဲ့ ဆရာ၊ကျနော် စိတ်နောက်ပီး လူသတ်မှု ကျူးလွန်တာပါဘဲ"

"စိတ်နောက်မှန်းတော့ သိပြီလေ။ဘယ်လိုက စနောက်တယ်၊ ဘယ်လိုဖြစ်သွားတယ် စသည်ဖြင့်ပေါ့ဗျာ။ အဲဒါတွေ အားလုံး ပြောပြမှ ဇာတ်ရည်လယ်မှာပေါ့"

ကိုကြည်အောင်ကို ကျွန်တော်က ဇာတ်ကြောင်းပြန်ခိုင်းရသည်။ကိုကြည်အောင်၏ အမှုအရာမှာ ယခုအထိ ထိုလူသတ်မှုအတွက် သံဝေဂ ရပုံမပေါ်ချေ။ ခပ်ပြုံးပြုံးပင် ပြောပြသည်။

"ကျနော့် အသက်နှစ်ဆယ် အရွယ်မှာ စိတ် စနောက်တယ် ဆရာ။ကျနော်က ဖျာပုံနယ်ဖက်က။ ကျနော့် မိဖ နှစ်ပါးရယ်၊ ကျနော်တို့ ညီအကိုတတွေပါ ကြုံရာအလုပ် လုပ်ကြတယ်။ ငါးဖမ်းတယ်။ သမ္ဗန်ခတ်တယ်။ မော်တော်နဲ့ လခစား လိုက်ဘယ်။ လယ်လဲ တခါတလေ လုပ်တယ်"

"အသက်နှစ်ဆယ်မှာ စိတ်နောက်တော့ သူ့အလိုလို နောက်တာလား၊ အကြောင်းတခုခုကြောင့်လား"

ကျွန်တော်က ဖြတ်မေးလိုက်သည်။

"သူ့အလိုလို နောက်တာ ဆရာ။အကြောင်းမရှိပါဘူး"

"စိတ်နောက်ခါစက ဘယ်လိုနေလဲ"





"သိပ်ပီး ကြောက်တယ် ဆရာ၊ ခေါ်တောကုလားတွေကို သိပ်ကြောက်တာဘဲ။ကျနော်က 'ကြောက်တယ်၊ကြောက်တယ်' အော်လို့ ကျနော့် အမေက ဖက်ထားရတယ်။ နားထဲမှာလဲ 'ကြည်အောင် ထွက်ခဲ့၊ကြည်အောင် ထွက်ခဲ့၊မင်း သတိထားနေ' စတဲ့ အသံတွေ ကြားနေတယ် ဆရာ။ အသံတွေ ကြားလေ ကျနော်က ပိုကြောက်လေဘဲ"

"အဲဒီတုန်းက စိတ္တဇဆေးရုံ ဆေး လာကုသလား"

"ဘယ် ကုမလဲ ဆရာ။ ကျနော်တို့က တောက မို့လား။ ဒါတွေလဲ နားမလည်တော့ ဗမာ ဆရာ၊ ကုလား ဆရာတွေနဲ့ ကုတာပေါ့။ အဲ၊ ကုလားဆရာတယောက်က ကျနော့်လက်ကို လက်ဖွဲ့ကြိုး တခု ချည်ပေးထားတယ်။ ဒီတွင် ကျနော် ပိုပြီး ကြောက်လာတာပေါ့။ ကုလား ချည်ပေးတဲ့ လက်ဖွဲ့ကြိုး ကြည့်ကြည့်ပြီး ကြက်သီးထလောက်အောင် ကြောက်တယ်။ကျနော့် စိတ်က ကုလား ကျနော့်ကို မကောင်းလုပ်ထားတယ် ထင်တာပေါ့။ နဂိုကမှ ကုလားတွေကို ကြောက်နေတယ်မို့လား။

"အဲဒီလို ကုလားဆရာ၊ဗမာဆရာတွေနဲ့ ကုရင်းနဲ့ဘဲ နှစ်နှစ်လောက် ကြာတော့ စိတ္တဇ ပျောက်သွားပါရော။ ဒါပေမယ့် အသက်သုံးဆယ်လောက်မှာ ကျနော့်အမေသေဆုံးတော့ စိတ်ပြန်နောက်တာပါဘဲ။ အမေ့ကို သင်္ဂြိုဟ်ရတာနဲ့ ပိုက်ဆံလဲ အတော် နိကွသွားတယ်။ကျနော့်အဖေကလဲ သုံးဖြုန်းပစ်တော့ စိတ် ပိုထိခိုက်တာပေါ့"

ကိုကြည်အောင်က ခဏ နားလိုက်သည်။





"ဒီတခါနောက်တော့ စိတ္တဇဆေးရုံကိုပို့ဘို့ ဆွေမျိုးတွေက မကြိုးစားကြဘူးလား"

ကျွန်တော်က မေးလိုက်ပြန်သည်။

"မပို့ကြဘူး ဆရာ။ အရပ်ထဲက လူတွေကတော့ ဒီကောင်ရွာကို မီးရှို့လိမ့်မယ်၊ စိတ္တဇဆေးရုံ သွားကုပါလို့ တိုက်တွန်းကြပေမယ့် ကျနော့်အဖေက ဗမာဆရာတွေနဲ့ဘဲ ကုတာဘဲ"

"ဒီတကြိမ်နောက်တော့ကော နားထဲမှာ အသံကြားတာတို့ ကြောက်တာတို့ ဖြစ်သေးသလား"

"မဖြစ်တော့ဘူး ဆရာ၊ မကြောက်တော့ဘူး။ကျနော် တွေ့ကရာ ရှောက်သွားနေတာဘဲ။ပါးစပ်ကလဲ တွေ့ကရာ ရှောက်ပြောတော့တာဘဲ။ အအိပ်ပျက် အစားပျက်ပေါ့ ဆရာ။ ဒီတကြိမ်လဲ စိတ္တဇက ဗမာဆေးတွေနဲ့ဘဲ ပျောက်သွားပြန်ဘယ်။ ကျနော်လဲ ၎ရာ အလုပ် လုပ်ရတာပေါ့။ မြစ်ရိုး ကရှောက် မော်တော်နဲ့ လိုက် လိုက်၊ သမ္ဗန်ခတ်လိုက်ပေါ့။

"ကျနော့်အသက်ကလဲ သုံးဆယ်လောက် ရှိလာ၊ ကျနော် ကြိုက်တဲ့ မိန်းကလေးတယောက်လဲ တွေ့တာနဲ့ ကျနော့်အဖေကို မိန်းမပေးစားဖို့ ပြောပြတယ်။ဒီတော့ အဖေက မိန်းမ ယူရင် မိန်းမကို လုပ်ကျွေးရတာနဲ့ မင်း သိပ်ပင်ပန်းမယ် တဲ့။ ဒီလိုဘဲ ဒို့နဲ့အတူ လုပ်ကိုင် စားသောက်နေပါ ဆိုပီး ဖျက်တော့တာဘဲ။ မိန်းကလေးက ကျနော့် ကြိုက်ပေမယ့် အဖေ သဘောမတူလို့ တခြား ယောကျ်ားတယောက်နဲ့ ယူသွားပါရော"

"ဒီတော့ ခင်ဗျား စိတ် ပြန်ပီး နောက်ပြန်ရောလား"

ကျွန်တော်က ဖြတ်မေးပြန်သည်။

"မနောက်ဖူး ဆရာ။ဒါပေမယ့် စိတ်ထိခိုက်သွားတယ်"

"ဒါဖြင့် လူသတ်မှုက ဘယ်လိုကျူးလွန်တာလဲ၊ရှင်းအောင် ဆက်အုံးဗျာ"

"ဆက်ပါ့မယ် ဆရာ။အဲဒီလို အဖေ့ သဘောကျ လုပ်ကိုင် စားသောက်နေရင်း တနေ့တော့ ကျနော့် ညီတယောက် တောထဲမှာ အသတ်ခံရပါတယ်။ဒီတွင် ကျနော်လဲ စိတ်သိပ်ထိခိုက်ပြီး စိတ္တဇ ပြန်ဖြစ်တော့တာပါဘဲ ဆရာ"

"နေပါအုံး၊ သူက ဘာဖြစ်လို့ အသတ်ခံရတာလဲ။ သူပုန်က သတ်လိုက်တာလား"

"မဟုတ်ဖူး ဆရာ။ သူက တောခို ကွန်မြူနစ်ပဲ။ အလင်း စင်လာပြီးမှ တဖန်တောပြန်ခိုတာမှာ အစိုးရစစ်တပ်က လိုက်ပြီး တိုက်ရင်း သေသွားတာပေါ့။

"ဒီတွင်ဘဲ ကျနော့် စိတ္တဇ ပြန်ဖြစ်တာပါဘဲ။ ဟိုသွား ဒီသွားနဲ့ စိတ် ဂဏာမငြိမ် ဖြစ်နေတော့တာဘဲ။ နားထဲမှာလဲ အသံတွေ ပြန် ကြား လာ တယ်။ ဒါပေမယ့် ကျနော့် မှာ ကြောက်စိတ်မရှိဘူး။ စိတ်က ကြမ်းသထက် ကြမ်းလာတယ်။

"ဒီလိုနဲ့ တနေ့တော့ ကျနော့် အဒေါ်အိမ်မှာ တခါက ကျနော့်ကိုဆဲဘူးတဲ့ ခေါ်တောကုလားတယောက်ကိုတွေ့တော့ စိတ်ထဲ ဘယ်လိုဖြစ်သွားတယ် မသိဘူး။အဲဒီ ကုလားကို သတ် လိုက်မိတော့တာပါဘဲ"

"ဘာလက်နက်နဲ့ သတ်လိုက်သလဲ။ အဲဒီတုန်းက စိတ် သိပ် နောက်နေသလား"

ကျွန်တော်က မေးရပြန်သည်။





"ဓားနဲ့ ဆရာ။ဓားနဲ့ပေမယ့် ဓားနဲ့ခုတ်သတ်တာ မှတ်ဖူး။ ဓား အသွားဘက်နဲ့ မဟုတ်ပဲ ဓား အတုံးဘက်နဲ့ ခေါင်းကို တအားရိုက်လိုက်တာ အုံးကနဲ ရေအိုးခွဲလိုက်သလို အသံ ကြား လိုက်ရတယ်။ကျနော်လဲ လှည့်တောင်မကြည့်တော့ဘူး။အဒေါ့ အိမ်ပေါ် တက်ပြီး ဆေးလိပ်သောက်နေလိုက်တယ်။ ကျနော့် အဒေါ်ကတော့ 'ကြည်အောင် ကုလားကို သတ်လိုက်ပြီ' လို့ အော်ပြီး ရဲစခန်းကို ပြေးတော့တာဘဲ။ နောက်တော့ ရဲတွေ လိုက်လာပြီး ကျနော့်ကို သေနတ်နဲ့ချိန်ပြီး ဖမ်းတာဘဲ။ကျနော် လဲ အေးအေးဘဲ အဖမ်းခံလိုက်တယ်"

"ကုလားလဲ နေရာတွင် ပွဲချင်းပြီး သေရောလား"

"မသေဘူး ဆရာ၊ ဆေးရုံ ယူသွားသေးတယ်။ လမ်းမှာ သေတယ် ပြောတယ်"

ကိုကြည်အောင့် ဇာတ်လမ်း ဤတွင် ဆုံးပေပြီ။ ကိုကြည် အောင်ကို ရဲက ဖမ်းပြီး ရုံးသို့ ပို့သည်။ တရားရုံးမှ စိတ် ဖောက်ပြန်၍ လူသတ်မှု ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အမှုမှ လွှတ်သည်။ သို့သော် စိတ္တဇဆေးရုံတွင် စိတ္တဇဝေဒနာ ပျောက်ကင်းသည် အထိ ဆက်လက် ဆေးကုသရန် အမိန့်ချ သဖြင့် ကိုကြည်အောင်သည် ယခု အချိန် အထိ ဆေးရုံတွင် နေရတုန်း ဆေးကုရတုန်း ဖြစ်သည်။

ကိုကြည်အောင် စိတ္တဇဆေးရုံ ရောက်သည်မှာ ဆယ့်တနှစ် ရှိပေပြီ။သို့သော် စိတ္တဇ မပျောက်သေး၍ ယခုအထိ ဆေးရုံမှ ဆင်းခွင့်မရသေးပေ။





ကိုကြည်အောင့် ဇာတ်လမ်းကို တွေးကြည့်လျှင် ကိုကြည် အောင်သည် 'စကိဇိုဖရီးနီးယား' ခေါ် စိတ္တဇ ဝေဒနာ တမျိုး ဖြစ်ခဲ့ပေလိမ့်မည်။ဤရောဂါမျိုး ဖြစ်လျှင် ရောဂါအမျိုးအစား အလိုက် ကြောက်တတ်မည်။ ကြမ်းချင် ကြမ်းမည်။ နားထဲတွင် အသံများ ကြားလာမည်။ လူအများက သူ့ကို မကောင်း ကြံစည်သည် စသည်ဖြင့် ထင်မိထင်ရာ ထင်တတ်သည်။ လုပ်မိ လုပ်ရာ မစဉ်းစား မတွေးတောဘဲ လုပ်တတ်သည်။ အင်မတန် ကြောက်စရာကောင်းသော ဝေဒနာတမျိုး ဖြစ်ပေသည်။

ကိုကြည်အောင်၏ အဖြစ်အပျက်တွင် ကိုကြည်အောင်သည် ကုလား ဆရာနှင့် ကုသစဉ်က ကုလားဆရာကို သက်ာမကင်း ဖြစ်ခဲ့သည်။ကုလားက လက်ဖွဲ့ချည်ပေးသောအခါ ပို၍ မသက်ာ ဖြစ်ခဲ့သည်။ကုလားကို ကြောက်လည်း ကြောက်သည်။သို့သော် ကုလား အပေါ် ရန်မူလိုစိတ်များ ရှိခဲ့သည်။ ကြောက်စိတ် ကြောင့်သာ ရန်မမူခဲ့ခြင်း ဖြစ်ပေမည်။

စိတ္တဇ ဝေဒနာများတွင် ကြောက်စိတ်မှ အလွန်ကြမ်းသော စိတ်သို့လည်း ရောက်ကာ အခြေအနေ အလိုက် ပြောင်းလဲ တတ်သည်။ ကိုကြည်အောင်သည် ကုလားများကို အရင်က ကြောက်ခဲ့သော်လည်း စိတ်ကြမ်းများ ဝင်လာသော အခါ ကြောက်စိတ်မရှိတော့ဘဲ လူသတ်မှုကျူးလွန်သည်အထိ ကြမ်း ခဲ့ခြင်း ဖြစ်ပေမည်။

ကိုကြည်အောင့် အဖေသည်လည်း စိတ္တဇဆေးရုံသို့ စိတ္တဇ ဖြစ်စက မပို့ဘဲ 'ပယောဂဘဲ၊ ပူးစားတာဘဲ' ဆို၍ ဗမာ ဆရာ များနှင့် ကုသခြင်းသည် များစွာ မှားယွင်းခဲ့သည်။ အကယ်၍





သာ စိတ္တဇကို စိတ္တဇဟု မြင်၍ စိတ္တဇ ဆေးရုံသို့ အချိန်မီ လာရောက်ကုသပါက ဤသို့ ကိုကြည်အောင်နှင့် ကျွန်တော် တွေ့ဆုံရမည် မဟုတ်ပေ။

ယခုတော့ ကိုကြည်အောင် ခမျာ ဆေးရုံမှာ ဆယ့်တနှစ် ကြာပြီ ဖြစ်သော်လည်း ရောဂါ ရှင်းရှင်း မပျောက်သေး၍ ဆေးရုံမှာ ဆက်၍ နေရဦးမည်ပင်။ ။

## မှော်ပေါက်သွားခြင်း

သူ့အမည်မှာ ဦးထွန်းစိန် ဖြစ်သည်။ သူ့ကို ကျွန်တော်၏ စိတ္တဇ ဆေးရုံ၌ စတင် အမှုထမ်းစဉ်ကပင် သိရှိရသည်။ ကျွန်တော်က ပြင်ပ လူနာ ဌာန၌ အမှုထမ်းရသည်။ ဦးထွန်းစိန်က ပြင်ပ လူနာဌာနတွင် လာရောက် ပြသသော လူနာများကို အမှတ်စဉ် အလိုက် ခေါ်ယူပေးခြင်း၊ လူနာများ၏ ဖိုင်တွဲများကို ရှာဖွေ ပေးခြင်း စသော အလုပ်များကို လုပ်ကိုင်ရသည်။ ရုံးလုလင်၏ အလုပ်များကို လုပ်ကိုင်နေခြင်းပင် ဖြစ်သည်။

စင်စစ် ဦးထွန်းစိန်သည် စိတ္တဇဆေးရုံမှ ရာဇဝတ်လူနာတဦး ဖြစ်ပေသည်။ ယခုအခါ ရောဂါ ပျောက်ကင်းနေပြီ ဖြစ်၍ ဆေးရုံအလုပ်များကို ကူညီလုပ်ကိုင်နေခြင်း ဖြစ်သည်။ (လူနာ များကို ယခုကဲ့သို့ အလုပ်လုပ်ခိုင်းခြင်းသည် ၎င်းတို့၏ စိတ်ပြန် လည်ခြင်းကို ကာကွယ်ပေးခြင်း ဖြစ်၍ စိတ္တဇဝေဒနာ သက်သာ ပျောက်ကင်းစေပါသည်။)

ဦးထွန်းစိန်သည် အလုပ် လုပ်ရာ၌ လွန်စွာ ကြိုးစားသည်။ တိကျသည်။ လာရောက်ပြသသော လူနာများကို ယဉ်ကျေးစွာ



ဆက်ဆံသည်။ ထို့ကြောင့် ကျွန်တော် ဦးထွန်းစိန်ကို စိတ်ဝင် စားမိသည်။

"ဘယ့်နှယ့်လဲ ဦးထွန်းစိန်၊ ဒီနေ့ အလုပ် တော်တော် များ သလား"

ကျွန်တော် အလုပ်အားသောအချိန်များ၌ပင် ဦးထွန်းစိန်မှာ မအားရရှာပေ။ စာအုပ်ဖိုင်တွဲများကို နေသားတကျ ပြန်ထား လိုက်၊ လူနာများ၏ သွေးစစ် မှတ်တမ်းများကို သူ့နေရာသူ ပြန်ထားလိုက်နှင့် အလုပ်ရှုပ်နေတတ်သဖြင့် ကျွန်တော်က အ ထက်ပါအတိုင်း မေးလိုက်ခြင်း ဖြစ်ပါသည်။

"မများလှပါဘူး ဆရာ။ ခါတိုင်းလဲ ဒီလို လုပ်နေကျပါ"

ဦးထွန်းစိန်က ဤသို့ ပြန်ဖြေလေ့ ရှိသည်။

တနေ့တွင် လူနာ အလာနည်းသည်နှင့် ကျွန်တော် အားနေ သည်။ ဦးထွန်းစိန်လည်း ဤနေ့တွင် ခါတိုင်းနေ့နှင့် စာလျှင် အလုပ်အားနေသည်။ နဂိုကပင် ဦးထွန်းစိန်ကို စိတ်ဝင်စားနေသူ ဖြစ်ရာ ဦးထွန်းစိန် အကြောင်း သိလိုသော ဆန္ဒ ရှိလာသဖြင့် ဦးထွန်းစိန်အကြောင်း မေးချင်လာသည်။ သို့ဖြင့် ဦးထွန်းစိန်ကို အနားသို့ခေါ်ပြီး "ထိုင်အုံးဗျ၊ ဒီနေ့တော့ ဦးထွန်းစိန်အကြောင်း မေးချင်တယ်ဗျာ။ ဦးထွန်းစိန် ဒီဆေးရုံကို ဘာမှုနဲ့ ရောက်လာ သလဲဆိုတာ ပြောပြစမ်းပါ။ ဘယ့်နှယ့်လဲ၊ ပြောပြမယ် မဟုတ် လား"

"ဟာ၊ ဆရာမေးရင် ပြောပြရမှာပေါ့ ဆရာ။ ကျနော်က ဒီကို လူသတ်မှုနဲ့ ရောက်လာတာ"





"အော် ဟုတ်လား။ ဒါဖြင့် ဒီရောက်တာ ဘယ်နှစ်နှစ် ရှိနေ ပြီလဲ"

"၄ါးနှစ်ကျော်ဘီ ဆရာ။ ကျနော့် လွှတ်ရက် နီးလာပါဘီ"

"ဦးထွန်းစိန်က လူသတ်မှုနဲ့ ရောက်လာတယ်ဆိုတော့ ဘယ် သူ့များ သတ်မိလို့တုန်း။ ပြောစမ်းပါအုံး"

"ပြောရင်တော့ နဲနဲရှေမယ် ဆရာ။ အစကနေ ပြန်ပြောရ လိမ့်မယ်"

"ရှေရှေဗျာ၊ ပြောသာပြောပါ။ ကျနော်သိချင်တယ်"

"ကဲ၊ ဆရာသိချင်ရင်လဲ ပြောပြပါ့မယ်။ ကျနော့် အဖြစ် အပျက်က"

×

"ကျနော်က သာယာဝတီ နယ်ဘက်ကပါ။ ငယ်စဉ်က သုန်းကြီးကျောင်းမှာဘဲ စာသင်တယ်။ ဖေဖေင်လေး ဘာလေးလဲ နဲနဲ ဝါသနာပါတယ်။ အင်္ဂလိပ်တွေ ဘာတွေလဲ ဝါသနာပါတယ် ဆရာ။ ဒါနဲ့ အသက် ဆယ်ခြောက်နှစ်လောက်မှာ ဘုန်းကြီး ကျောင်းက ထွက်ပြီး ကျနော့် ဘကြီးနဲ့ အတူနေတယ်။ ကျနော့် ဘကြီးက ဗမာ ဆေးဆရာကြီးပေါ့။ ဘကြီးနဲ့ အတူ နေရင်း ကျနော့် ဘကြီးက ကိုယ်ခံအကာအကွယ် ရအောင်ဆိုပြီး ကာယ သိဒ္ဓိမှော် ထိုးပေးတယ် ဆရာ။ ဒီ မှော်မထိုးခင် က ငါးပါးကို လုံခြုံအောင် ထိန်းပါမယ်လို့ သစ္စာဆိုရတယ်။ ကာယသိဒ္ဓိမှော် ထိုးပြီး ဆယ်နှစ်လုံးလုံး ကျနော် ကငါးပါးကို ထိန်းပါတယ် ဆရာ။ အဲ့ အသက် နှစ်ဆယ့်ခုနစ်နှစ်မှာတော့ ကျနော့် အရက်





သောက်မိတယ် ဆရာ။ ဒီတင် ကျနော်ထားခဲ့တဲ့ သစ္စာလဲ ပျက် သွားတာပေါ့။ ဒါပေမယ့် ကျနော် ဘာမှ မဖြစ်သေးဘူး"

"ဒါဖြင့် ခင်ဗျား မှော်ပေါက်သွားတာပေါ့။ အရက် သွား သောက်မိတာကိုး"

ကျွန်တော်က ဖြတ်၍ မေးလိုက်သည်။

"ဒါပေါ့ ဆရာ၊ အဲဒီအတွက် ကျနော် စိတ်မကောင်း ဖြစ်မိ တာပေါ့"

"အင်း၊ ဆက်ပြောပါအုံး။ နောက် ဘာဖြစ်သေးသလဲ"

ဦးထွန်းစိန်က ဆက်ပြောပြသည်။

"အသက် နှစ်ဆယ့်ရှစ်နှစ်မှာ အိမ်ထောင်ကျတယ်။ အရက်လဲ ဆက်မသောက်တော့ဘူး ဆရာ။ ကျနော်နဲ့ ကျနော့် မိန်းမ ကြံ စိုက်ပျိုးတဲ့အလုပ် လုပ်ပါတယ်။ ဒီလိုနဲ့ ကျနော်တို့ လင်မယား ချစ်ချစ်ခင်ခင် ပေါင်းသင်းလာခဲ့ရာက အသက်သုံးဆယ်ကျတော့ ကျနော် အအေးမိပြီး ဖျားတော့တာဘဲ ဆရာ။ အဖျားက သိပ် ပြင်းတော့ သတိတွေ ဘာတွေတောင် လစ်တယ် ပြောကြတယ်။ ဗမာအလိုအရ ငမ်းဖမ်းတယ် ဆိုမှာပေါ့။ ကျနော်လဲ သတိလစ်ပြီး သွားမိသွားရာ ရှောက်သွားနေလိုက်တာ ကျနော့် အရပ်က မိုင် ခြောက်ဆယ်လောက် ဝေးတဲ့ နေရာကို ရောက်သွားတယ်။

"ကျနော့် ဘကြီးက လိုက်ခေါ်ပြီး ဆေးကုပေးလို့ သက်သာ သွားတယ်။ ကျနော့် စိတ်လဲ ပြန်ပြီး မှန်လာတယ်။ အဲလို နေပြီး တလလောက်လဲ ကြာရော၊ ကျနော်တို့ရွာကို ဓါးပြတိုက်တော့တာ ပါဘဲ။ ကျနော့် အိမ်ကို အတိုက် မခံရပေမယ့် တခြားအိမ်တွေ အတိုက်ခံရတာ မြင်တော့ ကျနော် သိပ်ကြောက်သွားတယ်ဆရာ။

"မမြတွေ ပြန်သွားပေမယ့် နောက်ထပ် လာတိုက်အုံးမလား ဆိုပြီး ကျနော် တွေးကြောက်နေတယ်၊ သိပ်ပြီး ကြောက်တယ် ဆရာ။ ညည မအိပ်ဝံ့ဘူး။ မမြတွေက ကျနော့်ကို လာသတ်လိမ့်မယ်လို့ဘဲထင်နေတယ်။ အအိပ်ရေးအစားပါ ပျက်လာတယ်။ ညည မအိပ်ဝံ့လို့ ကျနော့် မိန်းမရယ်၊ ယောက်ဖတွေရယ်က ကျနော့်ကို ဝိုင်းပြီး အိပ်ခိုင်းရတယ်။ ကျနော်လဲ တနေ့တခြား ပိုပို ကြောက်လာတယ်။ ဘာမြင်မြင် ကြောက်တော့တာဘဲ။ ဒါကြောင့် အကာအကွယ်ရအောင်ဆိုပြီး အမြဲ ဓားကိုဆွဲနေမိတယ်။ ဓားနဲ့ ရန်သူကို ကာကွယ်မယ်လို့ ဆုံးဖြတ်ထားတယ်။

"တနေ့တော့ နေ့ခင်းကြီးမှာပေါ့၊ ကျနော် ဘယ်လိုဖြစ်သွားတယ် မသိဘူး။ သတိလစ်ပြီး လူသတ်မှု ကျူးလွန်လိုက်မိတော့တာဘဲ။

"နှစ်ရက်လုံးလုံး ကျနော် သတိမရဘူး။

"သတိရတော့ အချုပ်ခန်းထဲ ရောက်နေတာ တွေ့ရတယ်။ ဘာ ဖြစ်ခဲ့မှန်းလဲ မသိဘူး။ ကျနော်တို့ရွာက သူကြီးက လာပြီး 'မင်း မင်းမိန်းမကို ဓားနဲ့ခုတ်သတ်လို့ အချုပ်ခံနေရတယ်' ပြောမှ ကျနော့်မိန်းမကို ကျနော် ဓားနဲ့ ခုတ်သတ်မိမှန်း သိရတယ်။ ကျနော် ဝမ်းနဲပြီး ငိုမိတာပေါ့။ ကျနော့် မိန်းမက ကျနော့်အပေါ် အင်မတန် ကောင်းရှာတာပါ။

"အမှုနဲ့ ပတ်သက်ပြီး ရုံးခန်းမှာကော တရားသူကြီးဆီမှာပါ ကျနော်ဘာမှမသိဘဲ သတိလစ်ပြီး လုပ်မိကြောင်း ဝန်ခံပါတယ်။ ရွာက လူကြီးနဲ့ ယောက်ဖတွေကပါ ကျနော်ဟာ အဖျားဝင်ပြီး ကတဲက စိတ်မမှန်ကြောင်း၊ စိတ်နောက်နေကြောင်း သက်သေခံ





ကြတော့ တရားသူကြီးက အမှုအတွက် သက်သေ ခံနိုင်အောင်ဆိုပြီး ဆေးကုဘို့ စိတ္တဇ ဆေးရုံကို ပို့လိုက်တော့တာပါဘဲ။

"ဆေးရုံမှာ လေးငါးလ နေပြီးကုတော့ ကျနော်နေကောင်းသွားလို့ ရုံးမှာ အမှုသွားဆိုင်ရပါတယ်။ရုံးတော်က စိတ်ဖောက်ပြန်၍ လူသတ်မှု ကျူးလွန်မိကြောင်း မှတ်ချက်ချပြီး အမှုက တရားသေလွှတ်လိုက်ပါတယ်။ဒါပေမယ့် ဒီဆေးရုံမှာဆက်ပြီး ဆေးဝါးကုသရမယ် အမိန့်ချလို့ ကျနော် ခုထိ ဒီဆေးရုံမှာဘဲ နေရပါတယ်။

"ကျနော့် အဖြစ်ကတော့ ဒါပါဘဲ ဆရာ"

ဦးထွန်းစိန်၏ ရှည်လျားစွာ ပြောပြသော ဇာတ်ကြောင်းကို နားထောင်ရင်း ကျွန်တော်စိတ်မကောင်း ဖြစ်မိပါသည်။

ဦးထွန်းစိန်သည်ကာယသိဒ္ဓိမှော်ဆေးထိုးပြီး အရက်သောက်မိသောအခါ မိမိ၏ ဂတိသစ္စာ ပျက်လေပြီဟု စိတ်မကောင်းဖြစ်ခြင်း၊အပြင် ဖျားနာမှု ငမ်းဝင်ပြီး စိတ်ဖောက်ပြန်သွားခြင်း၊ရွာတွင် ဓားပြ အတိုက်ခံရစဉ်က ကြောက်လန့်သွားခြင်း စသော အဖြစ်အပျက်သုံးခုကြောင့် စိတ္တဇဝေဒနာ စွဲကပ်လာခြင်းဖြစ်ပေမည်။ ဦးထွန်းစိန်၏ ရောဂါမှာ အပြင်းအထန် ဖျားနာမှု စိတ်ဖောက်ပြန်ခြင်းဖြစ်၍ တောက်ဇစ်ဆိုက်ကို[၂]ဟု ခေါ်ပါသည်။

စိတ္တဇ ဝေဒနာတမျိုး ဖြစ်ပေါ်ရန် မူရင်းအကြောင်းခံတခုရှိတတ်ပါသည်။ဦးထွန်းစိန်သည် အရက်သောက်မိသဖြင့် မှော်ကျိုးပေါက်သွားပြီဆိုကာ စိတ်မကောင်းဖြစ်ခဲ့ခြင်း အကြောင်း

[၂] TOXIC PSYCHOSIS





ခံ ရှိသည်။၎င်းနောက် အပြင်းအထန် ဖျားသောအခါ ရောဂါပိုးမွှားများ၏ အဆိပ်အတောက်များ ဦးနှောက်အတွင်း ဝင်ရောက်ခြင်းကြောင့် စိတ်ဖောက်ပြန်လာသည်။ကယောင်ကတမ်းတွေ့ကရာ ရှောက်ပြောလာသည်။ သွားမိသွားရာ ရှောက်သွားနေတတ်သည်။

ဤကဲ့သို့သော အချိန်မှ အနည်းငယ် သက်သာလာသော်လည်း ရွာတွင် ဓားပြအတိုက် ခံရသောအခါ စိတ္တဇ ဝေဒနာ ဖြစ်ပေါ်လာတော့သည်။ပြင်းစွာ ကြောက်လန့်လာတော့သည်။ မအိပ်ဝံ့၊မစားဝံ့ ဖြစ်လာသည်။ ဓားပြများက သူ့ကို လာသတ်ကြတော့မည်ဟု ထင်လာသည်။ ကြောက်စရာ ခြိမ်းခြောက်သံများ နားထဲတွင် ကြားယောင် လာတတ်သည်။ မျက်စိထဲတွင်လည်း ကြောက်စရာများ မြင်လာတတ်သည်။

ကြောက်စိတ်မှာ တနေ့တခြား ပိုမိုလွန်ကဲလာတတ်သည်။လူအများက မိမိအပေါ် မကောင်းကြံစည်ကြတော့မည်ဟု ထင်လာတတ်သည်။လူအများကို ရန်သူဟု ထင်လာတတ်သည်။ရန်သူက ရန်မမူခင် မိမိက လက်ဦးအောင် ပြုလုပ်ထားမှဟု ဆုံးဖြတ်ချက် ချထားတတ်သည်။

ဤသို့ဖြင့် ဦးထွန်းစိန်သည် ဇနီးကို ရန်သူထင့်မှတ်ကာ ဓားနှင့် ခုတ်သတ်မိခြင်း ဖြစ်ပေလိမ့်မည်။

ဤအဖြစ်အပျက်ကို ကြည့်လျှင် ဦးထွန်းစိန်၏ ဆွေမျိုးသားချင်းများသည် စိတ္တဇ ဝေဒနာကို ဗမာဆရာနှင့်ပင် ကုသခြင်း၊ စိတ္တဇ ဆေးရုံသို့ လာရောက်ကုသရန် နားမလည်ခြင်း၊စိတ္တဇဝေဒနာသည်တဦးသည် အဆင်မသင့်လျှင် ရာဇဝတ်မှုများ ကျူး





လွန်တတ်ခြင်းကို မသိခြင်းစသော အကြောင်းများကြောင့်သာ ဦးထွန်းစိန် ဤကဲ့သို့ ရာဇဝတ်မှု ကျူးလွန်မိခြင်းဖြစ်ပေသည်။

အကယ်၍သာ စိတ္တဇဝေဒနာကို ခေတ်မီ ဆေးဝါးများဖြင့် ကုသခြင်းဖြင့် စိတ္တဇဝေဒနာ ပျောက်ကင်းသွားနိုင်ကြောင်းကို သိထားကြလျှင် ဦးထွန်းစိန် ဤကဲ့သို့ ဖြစ်မည်မဟုတ်ဟု ကျွန်တော် ထင်ပါသည်။

ယခုတော့ ဦးထွန်းစိန်သည် စိတ္တဇကြောင့် ရာဇဝတ်မှု ကျူးလွန်ခဲ့ပေပြီ။ထို့ကြောင့် ဥပဒေအတိုင်း စိတ္တဇဆေးရုံ၌ ဖြနှစ်ပြည့်အောင် နေရပေတော့မည်။

နောက်ထပ် ဦးထွန်းစိန်ကဲ့သို့ တခြား စိတ္တဇဝေဒနာရှင်များ မဖြစ်ကြစေရန် ကျွန်တော် ဆန္ဒ ပြုမိပါသတည်း။ ■

## ကိုယ့်ကိုကိုယ် သတ်သေခြင်း

စိတ္တဇဆေးရုံတွင် လူနာအမျိုးမျိုး လာကုကြရာ၊ ကျွန်တော်တို့ အထူးဂရုပြု ကုသရသည့်လူနာမှာ ကိုယ့်ကိုကိုယ် သေကြောင်းကြံစည်သည့် လူနာများ ဖြစ်ပါသည်။ ဤလူနာမျိုးလာလျှင် အိမ်က လူတယောက်ယောက်ကို အစောင့် ထားစေပါသည်။ လူနာရှင်၏ အိမ်သားများ မစောင့်နိုင်လျှင် တနေ့ သုံးကျပ်ဖြင့် ငှား၍ အစောင့်ထားစေပါသည်။ ဤကဲ့သို့ လူနာကို အစောင့်များထား၍ မျက်ခြေမပြတ် စောင့်ကြည့်ခိုင်းရုံမက တာဝန်ကျဆရာမနှင့် အနီးဆုံးနေရာ၊ လူနာကို ကောင်းကောင်း မြင်နိုင်သော နေရာများတွင် လူနာကို ထားရှိပါသည်။ ဤမျှဖြင့်ပင် မကျေနပ်သေးဘဲ တာဝန်ကျ လူနာထိန်းများကိုလည်း တနာရီလျှင် တယောက်ကျ လဲပြောင်း၍ လူနာ၏ အခြေအနေကို စောင့်ကြည့် ခိုင်းထားပါသည်။ စာရွက်နီ*၁ပေါ်တွင် လူနာ၏ အခြေအနေကို တနာရီတခါ ရေးမှတ်ထားခိုင်းပါသည်။

*၁ RED CARD



ဥပမာ၊ လူနာသည် ကောင်းစွာ အိပ်မအိပ်၊ သတ်သေရန် နည်းလမ်းများ ရှာမရှာ စသည်တို့ဖြစ်ပါသည်။ဤကဲ့သို့ အမျိုးမျိုးစောင့်ကြည့်၍ ဂရုစိုက်သည့်ကြားမှပင် လူနာ မောင်မြင့်ဦးမှာ သတ်သေသွားခဲ့ပါသည်။ ကြိုးဆွဲချ၍ သတ်သေသွားခဲ့ပါသည်။

မောင်မြင့်ဦးမှာ အသက် နှစ်ဆယ့်သုံးနှစ်သာ ရှိသေးသည်။ ဆေးရုံတက်သည်မှာ သုံးကြိမ်ရှိပေပြီ။ပထမအကြိမ် ဆေးရုံတက်စကပင် စိတ်အားငယ်သည့် ရောဂါ''နှင့် ဆေးရုံတက်ခြင်း ဖြစ်သည်။ ဆေးရုံမတက်ခင်တွင် အိမ်မှာ ရေနံဆီသောက်၍ သေကြောင်းကြံစည်သဖြင့် ဆေးရုံသို့ လာပို့ခြင်း ဖြစ်သည်။

ပထမ အကြိမ် ဆေးရုံတက်စဉ်တွင် ဓာတ်နှိပ်ကုခြင်း၊ စိတ်ကြည်လင်သည့် ဆေးများ ကျွေးခြင်း၊ စိတ်ငြိမ်သည့် ဆေးများ ကျွေးခြင်းဖြင့် နှစ်လလောက်အကြာတွင် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပါသည်။

ဒုတိယ အကြိမ်တွင်လည်း ပထမအကြိမ်မှာကဲ့သို့ သတ်သေရန် ကြိုးစားသောကြောင့် ဆေးရုံ တဖန် ပြန်တက်ရပေသည်။ ဆေးကောင်းကောင်း ကုပေးပြန်သည်။ လူနာတွင် သတ်သေလိုသည့် စိတ်ဓာတ်များ လုံးဝမရှိတော့ပါဆိုမှ ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပါသည်။

ယခု တကြိမ်သည် တတိယအကြိမ်မြောက် ဆေးရုံတက်ခြင်း ဖြစ်ပေသည်။အိမ်မှာ ရေနံဆီသောက်၍ သေကြောင်းကြံစည်ခဲ့





သည်။ဤ တကြိမ်တွင်တော့ သေသေချာချာ ဂရုစိုက်မှုဖြစ်ပေမည်။လူနာကို သေသေချာချာ မေးရသည်။ ဘာကြောင့် သတ်သေချင်ရသနည်း။ လူ့လောကမှာ နေရတာ မပျော်ဘူးလား စသည့် မေးခွန်းများ မေးရသည်။ လူ့လောကမှာ နေရတာ မပျော်ကြောင်း၊ စိတ်အား အင်မတန်ငယ်ကြောင်း၊ ပျော်စရာ ရွှင်စရာများကို စဉ်းစား၍မရကြောင်း၊မိမိမှာ အခြား သူများနှင့်ယှဉ်လျှင် များစွာနိမ့်ကျနေကြောင်း၊ မိမိသည် လူ့လောကတွင် နေရသည်မှာ အပြစ်တခုဟု ထင်ကြောင်း၊မိမိကို လူအများက ဝိုင်းပယ်ထားကြောင်း စသည်ဖြင့် သနားစဖွယ် ပြန်ဖြေသည်။

ကျွန်တော်သည် အဆိုပါလူနာ အတွက် အထူး ဂရုစိုက်ခဲ့သည်။ဓာတ်နှိပ်ကုခြင်း၊ ရဲဆေးတင်သည့်ဆေးများ ကျွေးခြင်း၊ သတ်သေချင်သည့် စိတ်များ ငြိမ်သက်အောင် ဆေးများကျွေးခြင်း စသည်တို့ အပြင် နေ့စဉ် လူနာကိုခေါ်၍ စိတ်ဓာတ်ကို အားပေးသည့်စကားများ ပြောပြပါသည်။

ဤသို့ဖြင့် လူနာမှာ သက်သာလာခဲ့ပါသည်။ ဆေးရုံတွင် အလုပ်ကိစ္စများကို ကူညီလုပ်ကိုင်ခြင်း၊ပန်းပင်များ စိုက်ပျိုးခြင်း စသည်တို့ဖြင့် နေကောင်းနေပါပြီ။ လူနာ၏ စိတ်ဓာတ်ပျော်ရွှင်အောင် လူအများနှင့်ရောထွေးကာ ပျော်ပျော်ရွှင်ရွှင် နေတတ်အောင်ဟူသော ရည်ရွယ်ချက်ဖြင့် နေ့ဆေးရုံ*၁သို့ နေ့ပိုင်းတွင် ပို့ထားပါသည်။ညနေကျမှ ဆေးရုံသို့ ပြန်ရပါသည်။တနေ့လုံး

*၁ DAY HOSPITAL





အခြားလူနာများ (မိန်းမလူနာများ အပါအဝင်) နှင့် ကစားခုန်စားမှုများ၊လေ့ကျင့်ခန်းများ၊ စာဖတ်ခြင်းများ စသည်ဖြင့် စုပေါင်းလုပ်ရသော အလုပ်များ လုပ်စေခဲ့ပါသည်။

ညနေပိုင်း ဆေးရုံသို့ပြန်လာလျှင် ထမင်းစား၍ အိပ်ရုံသာ ရှိပါတော့သည်။လူနာမှာ နေကောင်းနေပြီဖြစ်၍ အစောင့်များလည်း မထားတော့ပါ။

သို့သော်—

တညတွင် ရေချိုးခန်းထဲ၌ လူနာသည် မိမိ၏ပုဆိုးဖြင့် သတ်သေ သွားခဲ့ပါ၏။ကြိုးဆွဲချခြင်း ဖြစ်သည်။ထိုနောက ကျွန်တော် များစွာ စိတ်မကောင်း ဖြစ်မိပါသည်။ အမျိုးမျိုး ဂရုစိုက်၍ ကုသသည့်ကြားမှ သုံးကြိမ်မြောက် သတ်သေရန် ကြိုးစားသည့် ကိစ္စ အောင်မြင်သွားခဲ့သည်။

အထက်ပါ လူနာသည် စိတ်အားငယ်သည့် ရောဂါကြောင့် သတ်သေခြင်း ဖြစ်ပါသည်။ စိတ်အားငယ်သည့် ရောဂါ အပြင် အခြား စိတ္တဇဝေဒနာများကြောင့်လည်း သတ်သေနိုင်ပါသည်။ တချို့က ကြောက်လန့်စရာ အသံများ အမြဲကြားနေရ၍ အသံ၏ဒဏ်ကို မခံနိုင်ဘဲ သတ်သေခြင်း ဖြစ်ပါသည်။တချို့က အသံက သတ်သေခိုင်းသောကြောင့် သတ်သေကြပါသည်။

ကျွန်တော် နောက်ထပ် စိတ်မကောင်းဖြစ်စေသော လူနာ တဦးမှာ ဦးခင်မောင်ဖြစ်ပါသည်။အသက် လေးဆယ့်ငါးနှစ်ခန့် ရှိပေပြီ။သားမယားမရှိ၊ အလုပ်မရှိ၊ဘာမှ အတွယ်အတာမရှိပေ။ ငယ်စဉ်ကတည်းက ... ရှိပေပြီ။ ပန်းနာရောဂါမှ တဆင့် စိတ္တဇ ငှင်းတွင် ပန်းနာရောဂါ ရှိသည်။ပန်းနာရောဂါမှ တဆင့် စိတ္တဇ ... စိတ်အားငယ်ခြင်းကလည်း ပိုများလည်း အနည်းငယ်ရှိသည်။

သည်။ ပထမအကြိမ် ဆေးရုံတက်စဉ်က ပန်းနာရောဂါ စိတ္တဇပါ ကောင်းသွားသည်။ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပါသည်။

လေးလလောက်အကြာတွင် ဆေးရုံသို့ ပြန်ရောက်လာသည်။ အိမ်တွင် ကိုယ့်ကိုကိုယ် သေကြောင်းကြံ၍ ပြန်ရောက်လာခြင်း ဖြစ်သည်။သေကြောင်းကြံပုံမှာ ပန်းနာဆေးသုံးမျိုးနှင့် စိတ္တဇ ဆေးတမျိုး အားလုံးပေါင်း၍ ပုလင်းလိုက်သောက်၍ ကြံစည်ခြင်း ဖြစ်ပါသည်။ဆေးရုံရောက်စတွင် သတိရတချက် မရတချက် ဖြစ်နေသည်။ကျွန်တော်တို့ ကြိုးစား၍ ကုပေးသည်။အသက်ရှင်မည် မထင်သော ဦးခင်မောင်သည် တပတ်ကြာသော အခါ လမ်းလျှောက်နိုင်သောဘဝသို့ ရောက်လာသည်။

လူနာကိုခေါ်၍ သတ်သေရန်မသင့်ကြောင်း၊ သတ်သေခြင်းသည် အဖန်ငါးရာ ငါးကမ္ဘာဟု မြန်မာတို့တွင် အယူရှိကြောင်း ပြောပြသည်။ လူနာကတော့ သတ်သေခြင်းသည်သာ ကောင်းမည်ထင်ကြောင်း၊ မိမိ၏ ဘဝသည် မွန်မြတ်သော ဘဝ မဟုတ်ကြောင်း ပြောတော့သည်။

ခက်ပေပြီ။ လူနာတွင် သတ်သေချင်သေစိတ်များ ရှိတုန်းပင် ဖြစ်သည်။ ကျွန်တော်သည် ဂရုတစိုက် ဆေးကုပေးပါသည်။ သူနာပြုများကိုလည်း စောင့်ကြပ်စေပါသည်။တွေ့တိုင်းလည်း သတ်မသေရန် တရားဟောသည်။ ဤသို့ဖြင့် လူနာမှာ သိသိသာသာ ကောင်းမွန်လာပါသည်။ပျော်ပျော်ရွှင်ရွှင် နေထိုင်ပါသည်။သို့သော် လူနာ့ဆီမှာ ဘာဆေးပုလင်းမှမထားရန် ဆရာမများကို ညွှန်ကြားထားရသည်။





မမျှော်လင့်သော အဖြစ်သည် တနေ့တွင် ဖြစ်ပေပြီ။ မနက် လင်းအားကြီးအချိန်တွင် ဦးခင်မောင်ဘယောက်သည် သူ့ကိုယ်သူ လည်ပင်းကို မုတ်ဆိတ်ရိတ်ဓားဖြင့် လှီးကာ သတ်သေသွားခဲ့ပါသည်။

ကျွန်တော်သည် ထိုကိစ္စအတွက် ယခုထိ စိတ်မကောင်းပေ။ ကြိုးစား၍ ကုသပေးသော်လည်း အချည်းနှီးပင် ဖြစ်ခဲ့သည်။ သို့သော် နောင်တွင် ဤကဲ့သို့မဖြစ်စေရ။လူနာကို ဆေးရုံမှမဆင်းမချင်း ကျွန်တော်ကိုယ်တိုင် ကြပ်ကြပ်မတ်မတ် ဂရုစိုက်မှ ဖြစ်မည်ဖြစ်ကြောင်း သန္နိဋ္ဌာန် ချမိပါသည်။

ဤနေရာ၌ ကိုယ့်ကိုကိုယ် သတ်သေခြင်းအကြောင်းကို သေချာစွာ လေ့လာရန် လိုပါသည်။

၁။ အသက်အပိုင်းအခြား။ အရွယ်ရောက်စမှ အသက်ခုနစ်ဆယ် အရွယ်လောက်ထိ သတ်သေနိုင်သည်။

၂။ ယောကျ်ားနှင့် မိန်းမ။ မိန်းမများသည် ယောကျ်ားထက် လေးဆမျှသတ်သေရန် ကြိုးစားကြသော်လည်း မအောင်မြင်ကြပေ။

၃။ စိတ္တဇဝေဒနာသည်များ။ အထူးသဖြင့် စိတ်အားငယ်သည့် ဝေဒနာရှင်နှင့် အကြောက်လွန်သည့် ဝေဒနာရှင်များသည် သတ်သေတတ်သည်။

၄။ အခြားရောဂါဝေဒနာများ။ ပြင်းထန်သောရောဂါ ဝေဒနာနှင့် (ကင်ဆာ၊နာတာရှည်)စသည်တို့ ဖိစီးနှိပ်စက်ခံရသူများသည်လည်း သတ်သေရန် ကြိုးစားကြသည်။





၅။ အထွေထွေပြဿနာများ။ အလုပ်အကိုင် မရှိသော သူများ၊အိမ်ထောင်မရှိသော သူများ၊အိမ်ထောင် ရှိသော်လည်း သားသမီးမရှိသော သူများ၊ ဆင်းရဲသော သူများ၊ အပေါင်းအသင်းနည်းသော သူများ၊မိဘ ဆွေမျိုးသားချင်း နည်းပါးသူများ စသည်တို့သည်လည်း သတ်သေတတ်ကြပါသည်။

ကိုယ့်ကိုကိုယ် သတ်သေသော သူများတွင် ငါးဆယ်ရာခိုင်နှုန်းသည် စိတ္တဇ ဝေဒနာကြောင့်ဟု စိတ္တဇ ဆေးကျမ်းများက ဆိုပါသည်။လူတယောက်သည် သတ်သေရန် မလွယ်ကူပါ။ မိမိစိတ်ကို မိမိ အရှုံးပေးသော အခါမှ သတ်သေကြခြင်း ဖြစ်ပါသည်။

ကျွန်တော် ရှေးဦးစွာ ဖော်ပြခဲ့သော လူနာမှာ ပထမတွင် စိတ္တဇဝေဒနာကြောင့် အစစအရာရာ နှေးကွေးခြင်း၊ဘာမှ လုပ်ကိုင်လိုစိတ် မရှိခြင်း စသည်တို့ကြောင့် မိမိ၏ စိတ်က သတ်သေလိုသော်လည်း တကယ် လက်တွေ့တွင် နှေးကွေးနေခြင်းဖြစ်ပါသည်။ကျွန်တော်တို့က စိတ္တဇဝေဒနာကို သက်သာအောင် ကုသပြီးသောအခါ ၎င်းသည် အလုပ်အကိုင် လုပ်ကိုင်ရာတွင် သွက်လက်လာပါသည်။ ဖျပ်လတ်လာပါသည်။ သို့သော် သတ်သေချင်သည့် စိတ်ဓာတ်ကလေးကတော့ ပျောက်မသွားပေ။ ဤအချိန်တွင် သတ်သေခြင်း အထမြောက်သွားခြင်း ဖြစ်ပါသည်။

ဤအချက်ကို လေ့လာလျှင် သတ်သေမှုကို ကာကွယ်ရန်မှာ စိတ္တဇဝေနာကို ဆေးကုပေးပြီး သက်သာလာသော အချိန်တွင်





ကြပ်ကြပ်မတ်မတ် ဂရုစိုက်လျှင် သတ်သေမှုကို ကာကွယ်ပေးနိုင်ခြင်း ဖြစ်ပါသည်။ဤသဘောကို ကျွန်တော်တို့ များစွာဂရုစိုက်ပါသည်။ဂရုစိုက်သည့်ကြားမှ သတ်သေမှု ဖြစ်ပွားရခြင်းဖြစ်ရာ နောင်တွင် သည့်ထက်တိုး၍ ဂရုစိုက်ရန် ဆုံးဖြတ်မိပါတော့သတည်း။ ∎

## ကြောက်စရာ စိတ္တဇ

ကျွန်တော်တို့ ဆေးရုံတွင် နှစ်ပတ် တကြိမ်လောက် လူနာ အကြောင်း ဆွေးနွေးပွဲ*[၆] ပြုလုပ်သည်။ဤ ဆွေးနွေးပွဲတွင် အလှည့်ကျ ဆရာဝန် တဦးက စိတ်ဝင်စားဖွယ် ကောင်းသော လူနာ အကြောင်း ဆွေးနွေး တင်ပြပါသည်။ ဆွေးနွေးပွဲ၏ အဓိက ရည်ရွယ်ချက်မှာ လူနာ၏ ရောဂါကို အမည်တပ်ရေးနှင့် ၎င်း လူနာကို မည်ကဲ့သို့ ကုသသင့်ကြောင်း ဆွေးနွေးကြရန် ဖြစ်ပါသည်။ ဆွေးနွေးပွဲတွင် ဆေးရုံရှိ ဆရာဝန်များအားလုံး၊ဆရာမများနှင့် ဆေးကုသဘက်ဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြသည်။

ယခုအပတ် ဆွေးနွေးပွဲတွင် ဒေါက်တာ စောနိုင် တင်ပြသွားသော လူနာမှာ အင်မတန် ကြောက်စရာ ကောင်းသော စိတ္တဇဝေဒနာတမျိုး စွဲကပ်နေသဖြင့် ၎င်းလူနာအကြောင်းကို ဖော်ပြအပ်ပါသည်။

*၆ CASE CONFERENCE



ဒေါက်တာ စောနိုင်က

"ယခုအပတ် ကျနော် တင်ပြမယ့် လူနာက မြန်မာလူမျိုး အရပ်ရှည်ရှည် အသက် ဆယ့်ခြောက်နှစ် အရွယ် ခြောက်တန်း ကျောင်းသားလေး တယောက် ဖြစ်ပါတယ်။ သူ ကျနော်တို့ ဆေးရုံတက်တာ သုံးကြိမ် ရှိပါပြီ။ ဆယ်နှစ်ရွယ်က တကြိမ်၊ ဆယ့်နှစ်နှစ်ရွယ်က တကြိမ်၊အခု ဆယ့်ခြောက်နှစ်ရွယ်မှာ တကြိမ်ပါ။ ဆေးရုံရောက်တာ ဆယ်ရက်ရှိပါပြီ။ ရောဂါ အခြေအနေ သိရအောင် ဘာဆေးမှ မကျွေးသေးပါဘူး။

"ဆေးရုံတက်ရတဲ့အကြောင်းတွေက သူ့ အမေအဖေ အမနဲ့ ဒေါ်လေးတို့ကို နှိပ်စက်ညှဉ်းပန်းလွန်းလို့ ဖြစ်ပါတယ်။ နှိပ်စက် ညှဉ်းပန်းတာကလဲ နည်းအမျိုးမျိုးကို အသုံးပြုပါတယ်။ ဥပမာ တွေကတော့ အမေကို နှစ်ရက်သုံးရက် စသဖြင့် ထမင်း အငတ် ထားခြင်း၊ ခိုးစားတာတွေ့လျှင် ပါးရိုက်ခြင်း၊ ရင်ဘတ်ကို လက်သီးနဲ့ထိုးခြင်း၊ ခြေထောက်ဖြင့် ရင်ညွန့်ကိုကန်ခြင်း၊ ညည်းသည် လာလျှင် စကားမပြောရဟု အမိန့်ပေးခြင်း၊ စကားပြေ မိလျှင် ရိုက်နှက်ခြင်း၊ ထို့ပြင် တခုခုကို မကျေနပ်လျှင် အခန်းတံခါး ပိတ်၍ အမေကို ဓားမြှောင်ဖြင့်ထောက်၍ ခြိမ်းခြောက်ခြင်း၊ 'သတ်ပစ်မယ်'ဟု ကြိမ်းမောင်းခြင်း၊ အဒေါ်ကိုလည်း နည်း အမျိုးမျိုးဖြင့် နှိပ်စက်ခြင်း၊ထမင်းပွဲပြင်ရာတွင် လူနာ စိတ်တိုင်း မကျက ရိုက်နှက်ခြင်း၊ ရုပ်ရှင်ကြည့်လျှင် မေးခွန်းများ မေး၍ မေးခွန်းများကို လျှင်မြန်စွာ မဖြေနိုင်ပါက လိမ်ဆွဲခြင်း၊ အိမ် အပြင်တွင် ရိုက်နှက်ခြင်း၊ အိမ်သာသို့သွားလျှင် အိမ်သာအပြင် ဘက်မှ စက္ကူကိုင်၍ စောင့်ရခြင်း၊ ညဘက်တွင် ကျောင်းစာ





များကို ပြောပြရခြင်း၊ မြန်မြန် ပြောမပြနိုင်လျှင် ခြေဖြင့် ကန်ခြင်း၊ အဝတ်အစား သပ်သပ်ရပ်ရပ် မဝတ်လျှင် ရိုက်နှက်ခြင်း၊ ကျောင်းမှပြန်လာလျှင် လွယ်အိတ်နှင့် ဖိနပ်ကို ဆီးကြိုယူရခြင်း၊ လွယ်အိတ်ကို တည့်တည့်မချိတ်မိဘဲ အနည်းငယ်စောင်းနေလျှင် ပါးရိုက်ခြင်း၊ အမ၏ ကျောင်းစာအုပ်များကို စာမေးပွဲနီးတိုင်း မီးရှို့ခြင်း၊ အမကိုလည်း အကြောင်းအမျိုးမျိုးရှာ၍ ရိုက်နှက် သဖြင့် အမမှာ ယခု လူနာနှင့်အတူမနေဝံ့ဘဲ တခြားမှာ သွား နေရခြင်း၊ဖခင်မှာ လူမမာဖြစ်၍ အနည်းငယ်သာ နှိပ်စက်ခြင်း၊ တခါက ဦးလေးတယောက်ကို ရိုက်နှက်ရာ ဦးလေးက ပြန်ရိုက် သဖြင့် ဦးလေးကို နောက်ထပ်ရန်မမူတော့ခြင်း စသည်တို့ ဖြစ်ပါတယ်။

"ထူးခြားတာက အိမ်သားတွေကို အမျိုးမျိုးနှိပ်စက်ပေမယ့် ကျောင်းမှာတော့ ဘယ်သူ့မှ ရန်မရှာပါဘူး။ အားလုံးနဲ့ အဆင် ပြေတယ်။ အတန်းထဲမှာ ပထမချည်း ရပါတယ်။ ဒါ့ကြောင့် ကျောင်းကောင်စီဝင် အဖြစ် အရွေးခံရပါတယ်။ အတန်းငယ် အသက်ငယ်သေးပေမယ့် စာအုပ်တွေဖတ်ပြီး ရေဒီယို ဆင်တာ ပြင်တာတို့၊ခေတ်ငွေတွေ ထုတ်ယူတာတို့ကို တတ်ကျွမ်းပါတယ်။ အိမ်မှာ လက်တွေ့လုပ်ကြည့်လေ့ရှိတယ်။ စကားပြော မများဘူး။ ပထမအကြိမ်နဲ့ ဒုတိယအကြိမ် ဆေးရုံတက်တုန်းကလဲ အခုလို ရိုက်နှက် ညှဉ်းပန်းခြင်းကြောင့် ဖြစ်ပါတယ်။

"ဆေးရုံ ရောက်စက သူ့ရဲ့ စိတ်အနေအထားကို စစ်ဆေး ကြည့်တော့ အားလုံး လူကောင်းလိုပါဘဲ။ ဘာ ထူးခြားချက်မှ မတွေ့ရပါ။ စကားပြော အင်မတန် ကျွမ်းကျင်ကြောင်း တွေ့ရ





ပါတယ်။ စိတ်နောက်သောလက္ခဏာ လုံးဝမတွေ့ရပါ။သို့သော် သူ့ အိမ်သူအိမ်သားများကို မရိုက်နှက်ရပါဟု ပြောင် ငြင်းဆို ပါတယ်။

"မေ့ဆေးဖြင့် စူးစမ်း လေ့လာတဲ့အခါမှာလဲ မရိုက်ပါဘူး ဟုသာ ပထမ ငြင်းဆိုပြီး နောက်ပိုင်းတွင် ရိုက်မိပါသည် ဟု တကြိမ် ဝန်ခံပါတယ်။

"မှတ်ဉာဏ် အသိဉာဏ်တို့ လုံးဝ ကောင်းမွန်ပါတယ်။ကိုယ်ခန္ဓာနဲ့ ပတ်သက်လို့လဲ ရောဂါ ရှာမတွေ့ပါ။

"လူနာရဲ့မိခင်ဟာ တချိန်က စိတ္တဇဖြစ်ဖူးပါတယ်။ ခုတော့ ကောင်းနေပါပြီ။

"လူနာဟာ အရှက်အကြောက် ကြီးတတ်သူ ဖြစ်ပါတယ်။ အပေါင်းအသင်း မများပါ။

"လူနာရဲ့ အထက်ပါအချက် အားလုံးကိုခြုံကြည့်ပြီး ဒီလူနာ ဟာ ကိုယ်ရည်ကိုယ်သွေးချို့တဲ့သော ဝေဒနာ၊ တဇောက်ကန်း တဇွတ်ထိုး လုပ်တတ်တဲ့ ဝေဒနာ"*[၇] စွဲကပ်နေတယ်လို့ ကျနော် ထင်ပါတယ်။

"အခု တင်ပြတာက ကျနော့်ရဲ့ ထင်မြင်ချက် မှန် မမှန်နှင့် ကုသရေးကို ဆွေးနွေးကြဖို့ပါဘဲ"

ဒေါက်တာစောနိုင်က လူနာအကြောင်း စုံစေ့စွာတင်ပြရင်း အဆုံးသတ်သွားပါသည်။တခန်းလုံး ငြိမ်၍နားထောင်နေကြရာမှ တယောက်က

*၇ PSYCHOPATHIC PERSONALIYT; AGGRESSIVE TYPE

"နေပါအုံး၊ အခု ဆေးရုံ ရောက်တော့ကော ဒီ့ပြင် လူနာတွေကို ရိုက်သလား"

"မရိုက်ပါဘူး။ ဆေးရုံရောက်ကတဲက ကျနော် စောင့်ကြည့်တာ လူကောင်းလိုပါဘဲ"

"ကျောင်းမှာလဲ တခြားကျောင်းသားတွေနဲ့ ဘာမှမဖြစ်ဖူးနော်"

"ဟုတ်ပါတယ်"

ကျွန်တော်တို့ အစဉ်းစားရ ကြပ်သွားပါသည်။ အကယ်၍ အထက်ပါ လူနာတွင် တဇွတ်ထိုး စိတ္တဇ စွဲကပ်လျှင် အိမ်သားများကိုသာမက အခြားလူများကိုပါ ရန်မူပေလိမ့်မည်။ ဘယ်အရာ မဆို တဇွတ်ထိုး တဇောက်ကန်း လုပ်မည့်သူ ဖြစ်သည်။ စာလည်း ယခုလောက် တော်မည် မဟုတ်ချေ။ ထို့ကြောင့် လူနာ့အဒေါ်နှင့် အမေကို ခေါ်ယူတွေ့ဆုံ၍ မေးမြန်းကြည့်ကြရာ အခြားသူများကို လုံးဝ ရန်မမူကြောင်း၊ အိမ်သူအိမ်သားများကိုသာ ဒေါက်တာ စောနိုင် တင်ပြသကဲ့သို့ အမျိုးမျိုး နှိပ်စက်ခြင်း ဖြစ်ကြောင်း ဖြေကြားကြပါသည်။ (မှတ်ချက်။ လူနာအကြောင်း ဆွေးနွေးပွဲတွင် လူနာနှင့် ၎င်း၏ဆွေမျိုးများကို ခေါ်ယူထားပါသည်။)

ထို့နောက် လူနာကို ခေါ်ယူတွေ့ဆုံကြပြန်သည်။လူနာမှာ ပိန်ပိန်ပါးပါးနှင့် အရပ်အနည်းငယ်ရှည်သည်။ ပြုံးပြုံးရွှင်ရွှင်နှင့် မေးသမျှ မေးခွန်းများကို ဖြေကြားရာတွင် အမှား မရှိအောင် ဖြေကြားသွား၏။ မရိုက်နှက်ရပါဟု ငြင်းဆိုသွားသည်။ အခြား





စိတ္တဇနှင့်ပတ်သက်သော မေးခွန်းအားလုံးကို မှန်ကန်စွာ ဖြေဆိုနိုင်သည်။

ဤအချိန်တွင်လည်း ကျွန်တော်တို့ အစဉ်းစားရ ကြပ်ပြန်ပေပြီ။လူနာမှာ တကယ့်လူကောင်းတယောက်ကဲ့သို့ ဖြစ်နေသည်။ စိတ္တဇလက္ခဏာများ ရှာမတွေ့။ 'စကီဇိုဖရီးနီးယား' ဝေဒနာ၏ လက္ခဏာများလည်း မရှိ။ ဂွကျပေပြီ။ တဇွတ်ထိုး စိတ္တဇလည်း မဟုတ်၊ စကီဇိုဖရီးနီးယားလည်း မဟုတ်။ ရောဂါနာမည်တပ်ရန် ပင် ဂွကျနေသည်။

"ကျနော် အင်္ဂလန်မှာ ယခုလိုလူနာတယောက်တွေ့ဘူးတယ်။ အရပ်နဲနဲရှည်တယ်။ အခုလိုဘဲ အိမ်သားတွေကို ဒုက္ခပေးတယ်။ အလုပ်အမျိုးမျိုးပြောင်းတယ်၊ ဉာဏ်အင်မတန်ကောင်းတယ်။ အိမ်သားတွေကို ဒုက္ခပေးတာက လွဲလို့ တခြား စိတ္တဇလက္ခဏာ မရှိဘူး။အဲဒီ့လူနာကို ခုလို ဆွေးနွေးပွဲမျိုးမှာ တင်ပြပြီး စစ်ဆေးကြည့်တော့ XYY ဆင်ဒရုမ်** ရောဂါ ဖြစ်နေကြောင်း တွေ့ရတယ်။ ဒါ့ကြောင့် ဒီလူနာလဲ ဒီရောဂါစွဲကပ်တယ်လို့ ထင်စရာရှိပါတယ်"

ဆရာဝန်ကြီးက မှတ်ချက်ချလိုက်ပါသည်။

ယောကျ်ားလေးတွင်XYဟူသော ကရိုမိုဆုံး(ChroMosome) ရှိ၍ မိန်းကလေးတွင် XXဟူသော ကရိုမိုဆုံးများ ရှိကြသည်။ မိခင်ဘက်မှ Xသည် ဖခင်ဘက်မှ Yနှင့် ပေါင်းဆုံလျှင် သားယောကျ်ားလေး(XY)မွေး၍ မိခင်ဘက်မှ Xသည် ဖခင်ဘက်မှ

** XYY SYNDROME





Xနှင့် ပေါင်းဆုံလျှင် မိန်းကလေး(XX)မွေးဖွားမည်။အကယ်၍ XX သို့မဟုတ် XY နှစ်ခုထဲ မကဘဲ XXYဖြစ်စေ၊ XYYဖြစ်စေ တခု ပိုလာပါက စိတ္တဇ ဖြစ်နိုင်ပါသည်။ တချို့က နှစ်ခုမရှိဘဲ တခုသာ ရှိပါကလည်း စိတ္တဇ ဖြစ်စေနိုင်ပြန်သည်။ ဤကဲ့သို့သော လူနာ၏ စိတ္တဇမှာ ကြောက်စရာကောင်းလှသည်။

ဆရာဝန်ကြီး၏ မှတ်ချက်သည် မှန်ပေလိမ့်မည်။ ထို့ကြောင့် ကျွန်တော်တို့သည် လူနာကို ဆေးသုတေသနဌာန၏ အကူအညီဖြင့် စစ်ဆေးကြည့်ရန် ဆုံးဖြတ်လိုက်ကြသည်။

ဒေါက်တာစောနိုင်၏ တင်ပြချက်လည်း မှားသည်ဟု တထစ်ချ မပြောနိုင်။ ဘယ်ရောဂါမဆို စာအုပ်ကြီးအတိုင်း ဖြစ်ချင်မှ ဖြစ်ပေမည်။

ထို့နောက် ကုသရေးအတွက် ဆက်၍ဆွေးနွေးကြပြန်သည်။

"ကျနော့်လူနာက ဆေးရုံက ဆင်းလာရင် သူ့အမေကို သတ်ပစ်မယ်လို့ ကြိမ်းထားပါတယ်။ အရင်အကြိမ်တွေ ဆေးရုံတက်တုန်းကလဲ သူ့ကို မရှုးဘဲနဲ့ ဆေးရုံ ပို့တာဟာ သူ့ကို အရှက်ခွဲတာဘဲဆိုပြီး သူ့အမေကို ရိုက်နှက်ဖူးပါတယ်။ ဒီတခါတော့ သတ်ပစ်မယ်လို့ကြိမ်းထားတော့ သူ့ကို ဘယ်လိုထိန်းသိမ်းကုသသင့်ပါသလဲ"

ဒေါက်တာစောနိုင်က မေးသည်။

"အကောင်းဆုံးကတော့ သူ့ကို ဒီဆေးရုံမှာ ကြာကြာထားပြီး စောင့်ကြည့်ဘို့ဘဲ။ ကြာကြာ စောင့်ကြည့်ရင် သူ့ရောဂါ ပေါ်လာလိမ့်မယ်။ သူ့စိတ်ဓာတ်ကို ပြုပြင်ပေးရင်လဲ ကောင်းလိမ့်မယ် ထင်တယ်။နောက်ပြီး သူ့အိမ်ကို လူမှုဝန်ထမ်း အရာရှိက





သွားကြည့်စေချင်တယ်။ဒီသူ့ကို အိမ်သားတွေက ဘယ်လို ဆက်ဆံတယ်ဆိုတာ အသေးစိတ် လေ့လာသင့်တယ်။ အိမ်သားတွေကိုလဲ နေရာတကာ အလိုမလိုက်ဖို့ ပညာပေးရမယ်။ ဖြစ်နိုင်ရင် သူ့ကို လူငယ်သင်တန်းကျောင်းတခုကိုပို့ထားဘို့ပါ ပြောခဲ့ပါ"

ဆရာဝန်ကြီးက ကုသနည်းကို အကြံပေးသည်။ ထို့နောက် ဆွေးနွေးပွဲ ပြီးသွားသည်။

လူနာ၏ရောဂါသည် ကြောက်စရာကောင်းလှသည်။ သွေးအေးအေးဖြင့် လူသတ်မှု ကျူးလွန်မှာ စိုးရသည်။ နိုင်ငံခြားတိုင်းပြည်များတွင် တအိမ်သားလုံးကို သွေးအေးအေးဖြင့် သတ်ပစ်သော အမှုများ ရှိသည်။ ယခု လူနာလည်း မလုပ်ဖူး ဟု မပြောနိုင်။

ကြမ်းတမ်းသော လူနာက ခဏသာ ကြောက်စရာ ကောင်းသည်။ ခပ်ယဉ်ယဉ်နှင့် ယခုလို နှိပ်စက်ညှဉ်းပန်းတတ်သော လူနာက ပို၍ ကြောက်စရာကောင်းလှသည်တကား။ ။

အပိုင်း ၂

# ကိုယ်တွေ့စိတ္တဇဝေဒနာများ

## စိတ္တဇအတု

အတုတွေ များလှချေသည်၊စစ်ပိုလ်အတု၊ စုံထောက်အတု၊ဆေး
ဝါးအတု၊စားစရာအတု၊ဆရာဝန်အတုစသဖြင့် အတုများ တခု
ပြီးတခု ပေါ်လာသည်။အတုတို့၏ သဘောကို လေ့လာသော်
မကောင်းသော နည်းလမ်းဖြင့် စီးပွား ရှာလိုခြင်း၊ အချောင်
အကျိုးစီးပွား ရလိုခြင်းတို့ကြောင့် ပေါ်ပေါက် လာသည်ဟု
ထင်ပါသည်။လွယ်ကူသော နည်းလမ်းဖြင့် မိမိအတွက်အကျိုးရှိ
လိုခြင်း၊ရာဇဝတ်မှုများမှ လွတ်ကင်းလိုခြင်း စသောအကြောင်း
များကြောင့် 'စိတ္တဇအတု'သည်လည်း ပေါ်လာပြန်တော့သည်။
သူရှုးဥပဒေသည် "ရူးသွပ်နေခြင်းကြောင့် ရာဇဝတ်မှုတခုခု
ကို ကျူးလွန်မိလျှင် ထိုသူအား အပြစ်မှ လွတ်ကင်းစေရမည်" ဟု
ဆိုထားပါသည်။ ဤဥပဒေကို အများ နားလည်ထားပါသည်။
ထို့ကြောင့် တခါတရံ စိတ်နှောက်ချင်ဟန်ဆောင်သော အပြု
အမူများ ပြုမူကြသည်ကို တွေ့ရှိရသည်။
တခါက ရန်ကုန်မြို့လယ်တွင် အနုကြမ်း စီးမှုတခု ဖြစ်ပွား
သည်။ နေ့ခင်းအချိန်တွင် ဖြစ်ပွားသဖြင့် လူဆိုးတဦးကို မိလိုက်

သည်။ ရဲက ချုပ်ထားလိုက်သည်။ ထို့နောက်လူဆိုးသည် အိမ်သာသွားချင်သည်ဟု ရဲကိုပြော၏။ ရဲက အိမ်သာကို လိုက်ပို့သည်။ အချိန် တော်တော်ကြာသွား၏။ လူဆိုး အိမ်သာမှ မထွက်သေး၍ ရဲက စောင့်နေသည်။ လူဆိုးကလည်း အိမ်သာမှ ထွက်မလာတော့ချေ။ ကြာသော် ရဲက အိမ်သာတံခါးကို အတင်းဖွင့်တော့သည်။ လူဆိုးကို တွေ့ရသည်။ သို့သော် မျက်နှာနှင့် တကိုယ်လုံးတွင် မစင်များ လိမ်းကျံလျက် ရှိသည်။ ပါးစပ်မှလည်း တွေ့ကရာ ရှောက်ပြောတော့သည်။ ရဲက ရူးချင်ယောင်ဆောင်မှန်း သိသည်။ သို့သော် သိရအောင် စိတ္တဇ ဆေးရုံသို့ စမ်းသပ်ရန် ပို့အပ်တော့သည်။

ဆေးရုံတွင် လူဆိုးကို စိတ္တဇဝေဒနာ ရှိမရှိ စမ်းသပ်ကြည့်သည်။ လူနာတွင် စိတ္တဇဝေဒနာ မရှိချေ။ ဆေးရုံတွင် လေးငါးရက်သာ ထားလိုက်ရသည်။ လူနာက မိမိစိတ်မနောက်ကြောင်း၊ လိမ်လည်မိကြောင်း ဝန်ခံတော့သည်။ ထို့ကြောင့် လူဆိုးကို ရဲလက်သို့ ပြန်အပ်လိုက်ရသည်။

စိတ္တဇဝေဒနာ ရှိချင်ယောင် ဆောင်မရပါ။ အထူးသဖြင့် လူကောင်းတယောက် စိတ်နောက်ချင်ယောင် ဆောင်သည့်အခါ အလွန်သိသာပါသည်။ စမ်းသပ်သော နည်းများလည်း များစွာရှိ၏။ အလွယ်ဆုံးသော နည်းကို ဖော်ပြလိုပါသည်။ စိတ္တဇဖြစ်ချင်ယောင်ဆောင်သောလူကို စိတ္တဇ လူနာများနှင့်ရောနှောထားလိုက်လျှင် လူကောင်းဖြစ်ပါက ဘယ်လိုမှ နေ၍မရချေ။ လောလောဆယ် စိတ္တဇလူနာက ရန်မူမည်ကို စိုးရိမ်၍ စိတ်မနောက်ကြောင်း ဝန်ခံပေလိမ့်မည်။ အကယ်၍ စိတ်နောက်နေသောသူ





ဖြစ်ပါက ရန်မူမှာကို တွေး၍ပူသောစိတ် သူ့တွင်မရှိချေ။ စိတ္တဇလူနာများနှင့် အတူတူနေမည်သာ ဖြစ်ပေသည်။ ရာဇဝတ်မှုများကြောင့်သာမက အခြား ကိုယ်ရေးကိုယ်တာ ကိစ္စများ၊ အစိုးရလခစားများဖြစ်လျှင်ခွင့်ကိစ္စများ စသည်တို့ကြောင့်လည်း စိတ္တဇအတုများ ပေါ်လာကြပြန်သည်။

တချို့က အိမ်တွင်းရေး အဆင်မပြေမှုများ၊ မကျေနပ်မှုကြောင့် တကယ် စိတ္တဇ မဖြစ်သော်လည်း စိတ္တဇဖြစ်သယောင်ယောင် ပြုမူလာကြသည်။ လူနာအဖြစ် ၎င်းတို့ကို ဆက်ဆံလာသောအခါ ပို၍အရေးပေးခြင်း၊ ဂရုစိုက်ခြင်းခံလာရသည်။ ဤအကြောင်းများကြောင့်လည်း စိတ္တဇ အတုများ ပေါ်လာကြသည်။ သို့သော် ဤကဲ့သို့သော လူနာများသည် ဆေးရုံရောက်ခဲသည်။ များသောအားဖြင့်အိမ်မှာပင် အဆင်ပြေသွားတတ်သည်။

ခွင့်ကိစ္စများကြောင့် (ခွင့်ယူလိုသောကြောင့်) စိတ္တဇ ဖြစ်ချင်ယောင် ဆောင်သော လူနာများကို စိတ္တဇ ဆေးရုံတွင် အများအပြားတွေ့ရ၏။

တခါက မိန်းမလူနာတဦး စိတ္တဇ ဆေးရုံသို့ လာပြသည်။ လူနာ၏ အဓိက လက္ခဏာမှာ စကားမပြောခြင်း ဖြစ်သည်။ တခါတရံ ငိုလိုက် ရယ်လိုက်လည်းလုပ်၏။ အလုပ်မှာ ရုံးတရုံးမှ စာရေးမတဦး ဖြစ်သည်။ လူနာမှာ လုံးဝ စကားမပြောသဖြင့် နောက်တနေ့တွင် လူနာကို ဆေးရုံတွင် တင်ထားလိုက်ရ၏။ မှတ်နိုပ်ကိုသရန် ဓာတ်နိုပ်သည့် အခန်းထဲသို့ ခေါ်သွားသည်။ ဓာတ်မနိုပ်ရန် ဆရာဝန် ဤတွင် လူနာက စကားပြောတော့၏။ စကားမပြောဘဲ ရူးချင်ယောင်အား တောင်းပန်တော့၏။





ဆောင်မိခြင်း ဖြစ်ကြောင်း၊ တကယ်မရူးကြောင်း ပြောတော့သည်။ ဘာကြောင့် ယခုကဲ့သို့ ရူးချင်ယောင် ဆောင်ရကြောင်း မေးကြည့်ရာ ခွင့်ယူလို၍ ဖြစ်ကြောင်း ပြောပြသည်။ သို့နှင့် လူနာကို ခွင့်မပေးတော့ဘဲ ဆေးရုံမှ ဆင်းခွင့် ပြုလိုက်ရတော့သည်။

နောက်တယောက်မှာ ခပ်ကြမ်းကြမ်း လူနာတဦးဖြစ်သည်။ ထိုသူ၏ စိတ္တဇ အတုမှာ ကြမ်းရမ်း၍ ပြပုံဖြစ်၏။ လူနာ၏ မျက်နှာ အမူအရာကို ကြည့်ရပုံမှာ လူကောင်းကဲ့သို့ ဖြစ်နေသည်။ မျက်စိကြည့်ပုံမှာ ကောင်း၏။ ထို့ကြောင့် စိတ္တဇ အဟုတ်ပင် ထင်မိသည်။ လူနာကို အတွင်းလူနာအဖြစ် လက်ခံပြီး 'စခန်း'[၁] ထဲတွင် ထားလိုက်၏။ အခန်းထဲတွင် တယောက်တည်း နေရခြင်း၊ မီးမလင်းခြင်း၊ အနေအထိုင် ဆင်းရဲခြင်း၊ အိမ်သာနံ့နံ့နေခြင်း စသည်တို့ကို တညတာမျှ ခံစားရပြီးနောက် လူနာသည် လိမ်လည်မိကြောင်း ဝန်ခံတော့သည်။ (စိတ်တကယ်နောက်နေလျှင် အသိဥာဏ် နည်းပါး သွားသဖြင့် အထက်ပါ ဒုက္ခတို့ကို ခံနိုင်သည်။) သူမှ သည်လည်း ခွင့်ရလို၍ ကြံမိခြင်းဖြစ်ကြောင်း ဝန်ခံရှာသည်။ သို့ဖြစ်၍ ခွင့်မပေးဘဲ ပြန်လွှတ်လိုက်ရ၏။

နောက်တယောက်ကို ပြင်ပလူနာ ဌာနတွင် တွေ့ရခြင်းဖြစ်သည်။ လူနာမှာ လူငယ်တယောက် ဖြစ်၏။ စက်ရုံတရုံတွင် အလုပ်လုပ်သည်။ လူနာသည် မြုံးကနဲ စကားမပြောနိုင် ဖြစ်

[၁] CELL





လာသည် ဆို၏။ ဘာပြောချင် ပြောချင် စာဖြင့်ရေးပြောသည်။ သို့နှင့် ဆေးရုံသို့ ခေါ်လာခဲ့သည်။ လူနာကို စာနှင့်ရေး၍ မေးရသည်။ ဘာဖြစ်သလဲဟု ရေးပြီးမေးလျှင် စိတ်ညစ်ကြောင်း စကား ပြောမရကြောင်း၊ အိပ်မပျော်ကြောင်း စာနှင့်ပြန်ရေးပြ၏။ ၎င်း၏ လက်ရေးမှာ လှသည်။ (စိတ်နောက် နေသောသူ၏ လက်ရေးမှာ တမျိုး ဖြစ်နေတတ်သည်။ လှလည်းမလှ၊ သပ်လည်း မသပ်ရပ်ပေ။ စာလုံးပုံသဏ္ဌာန်မှာ အမျိုးမျိုးဖြစ်၏။) လူနာသည် စာရေး၍ မေးသမျှကို ကောင်းမွန်စွာ ဖြေနိုင်၏။ မိန်းမပြဿနာ များလည်းပါ၏။

လူနာ၏ အမူအရာ ကောင်းမွန်ခြင်းနှင့် ၎င်း၏ ကောင်းမွန်စွာ ရေးသား ဖော်ပြနိုင်ခြင်းတို့ကြောင့် လူနာတွင် စိတ္တဇ မရှိဟု ခန့်မှန်းမိပါသည်။ သို့နှင့် လူနာကို အားဆေးတလုံး ထိုးပေးလိုက်သည်။ စားရန် အားဆေးလည်း ပေးလိုက်သည်။ စိတ်ငြိမ်ဆေးများ မပေးလိုက်။

နောက်နေ့တွင် လူနာ ရောက်လာပြန်သည်။ လူကောင်းတယောက်ကဲ့သို့ စကားကောင်းစွာ ပြောနေပေပြီ။ လူနာက ခွင့်ပေးရန် ပြောဆိုသည်။ ၎င်း၏ခွင့်မှာ ကုန်လွန်ခဲ့သောခွင့်[၂] ဖြစ်နေသည်။ လူနာသည် အလုပ်ခွင်မှ မိန်းမကိစ္စကြောင့် ခွင့်မတိုင်ဘဲ သုံးလတိတိ ပျက်ကွက်နေခဲ့သည်။ ထို့ကြောင့် စိတ်နောက်ချင်ယောင် ဆောင်၍ ဆေးရုံသို့ လာပြခြင်းဖြစ်သည်။ ထိုလူနာကိုလည်း ကျွန်တော် ခွင့်မပေးလိုက်ပါ။

[၂] BLACK LEAVE

နောက်တမျိုးမှာ ကျွန်တော်တို့ ဆီတွင် အတွေ့ရနည်းသော စိတ္တဇ အတုမျိုးဖြစ်သည်။ ၎င်းမှာ အလုပ်ခွင်အတွင်း ခေါင်းကို ထိခိုက် ဒဏ်ရာရမိလျှင် စိတ္တဇ ဖြစ်ချင်ယောင် ဆောင်၍ အလုပ်ရှင်ထံမှ လျော်ကြေး တောင်းဆိုခြင်း ဖြစ်သည်။ ဤစိတ္တဇ အတုမျိုး အနောက် နိုင်ငံများတွင် အတွေ့ရ များသည်။သူတို့ဆီက လူများသည် စိတ္တဇနှင့် ပတ်သက်၍ အတော်နားလည်သဘော ပေါက်ထားကြသည်။ ခေါင်းကို ဒဏ်ရာရလျှင် စိတ္တဇ ဖြစ်တတ်ကြောင်း သိထားကြသည်။ ခေါင်းတွင် ထိခိုက်မိသော ဒဏ်ရာမှာ စိတ္တဇ ဖြစ်လောက်အောင် မပြင်း ထန်သော်လည်း ပြင်းထန်စွာ ဝေဒနာခံစားရသကဲ့သို့ ဟန်ဆောင်၍ လျော်ကြေး တောင်းကြသည်။ သို့သော် အလုပ်ရှင်က စိတ္တဇ အထူးကု ဆရာဝန်နှင့် ပြသ၍ ကုသစေသည်၊ စိတ္တဇ ရှိမရှိ ဆုံးဖြတ်စေပါသည်။ အများအားဖြင့် လိမ်ညာကြောင်း တွေ့ရသည်။ (စိတ္တဇ ရှိချင်ယောင် ဆောင်၍ မရကြောင်း ကျွန်တော် အထက်က ဆိုခဲ့ပါပြီ။)

တခါက မြေလပ်ပိုင်းမှ အလုပ်သမား တဦး သတိမေ့ ရောဂါဖြင့် စိတ္တဇ ဆေးရုံသို့ ရောက်လာသည်။ အလုပ်ခွင် အတွင်း ခေါင်းကို ဒဏ်ရာရခဲ့သည် ဆို၏။ ဒဏ်ရာရပြီးမှ သတိမေ့ ရောဂါ ပေါက်လာပါသည် ဆို၏။ ဆေးရုံတွင် အတွင်းလူနာ အဖြစ် တင်၍ စမ်းသပ်ကုသပေးပါသည်။ လူနာကလည်း ၎င်း၏ ထိခိုက်မှုအတွက် လျော်ကြေး ရလိုကြောင်း လျှောက်ထား၏။

ခေါင်းကို မှတ်မှန် ရိုက်ကြည့်သည်။ ဦးခေါင်းရိုးလည်း မကျိုးမအက်၊ တခြား ဒဏ်ရာများလည်း မတွေ့ရချေ။သို့သော်





လူနာ၏ သတိမေ့ ရောဂါသည် ဦးနှောက်နှင့် ပတ်သက်နေကြောင်းတော့ ကျွန်တော်တို့ သိထားကြသည်။လူနာ၏သွေးတွင် ကာလသား ရောဂါပိုးများ ရှိမရှိ စစ်ဆေးကြည့်သည်။တွေ့ရပေပြီ။ ကာလသား ရောဂါပိုးများကို သွေးထဲတွင် တွေ့ရ၏။ ဦးနှောက်ထဲသို့ ကာလသား ရောဂါ ရောက်မရောက် တဖန် စစ်ဆေးပြန်၏။ ဦးနှောက်ထဲတွင်သည်း တွေ့ရသည်။

ဤတွင် လူနာ၏ သတိမေ့ ရောဂါသည် ဦးနှောက်တွင် ကာလသား ရောဂါ စွဲကပ်ခြင်း၊ ဂျီ ဒီ အိုင် ရောဂါကြောင့် ဖြစ်နိုင်သည်ဟု ကျွန်တော်တို့ ယူဆပါသည်။ ခေါင်းကို ဒဏ်ရာ ရခြင်းကြောင့် မဖြစ်နိုင်ပေ။ သို့သော် နဂိုက ဦးနှောက်တွင် ရောဂါရှိနေသူအဖို့ ဒဏ်ရာထပ်၍ ရခြင်းသည် ရောဂါကို နှိုးဆွလိုက်သည်နှင့် တူ၏။ ထို့ကြောင့် ခေါင်းတွင် ဒဏ်ရာရခြင်းသည် သတိမေ့ ရောဂါ ဖြစ်လာရန် အထောက် အကူတော့ ပြုပေးသည်။ သတိမေ့ ရောဂါ၏ အဓိက အကြောင်း ရင်းမဟုတ်ကြောင်း စာပြန်လိုက်ရသည်။ (ခေါင်းတွင် ဒဏ်ရာရခြင်းနှင့် ဦးနှောက်တွင် ရောဂါရှိနေခြင်းတို့ တိုက်ဆိုင်သွားသည်။)

အထက်ပါ လူနာသည် စိတ္တဇ အတုတော့ မဟုတ်ချေ။ စိတ္တဇ အတုနှင့် စိတ္တဇ အစစ်ကို ကျွန်တော်တို့ လွယ်ကူစွာခွဲခြားနိုင်ကြပါသည်။ မိမိ၏ အကျိုးအမြတ်ကို မျှော်ကိုး၍ စိတ္တဇ ဖြစ်ချင်ယောင်၊ မဆောင်ကြပါနှင့်၊ လူပင်ပန်းရုံသာ ရှိပါမည်။ အတုသည် သေချာစွာ ဆန်းစစ်လျှင် အတုသာဖြစ်ကြောင်း ပေါ်လာစမြဲ ဖြစ်ပေသည်။ ။



## ငမ်းဖမ်းခြင်း

ယနေ့ စိတ္တဇဆေးရုံ ပြင်ပလူနာဌာနတွင် လာပြသော လူနာမှာ အမျိုးသမီးဖြစ်၍ အသက်မှာ ဆယ့်ခြောက်နှစ်သာ ရှိသေးသည်၊ ကျောင်းသူတယောက် ဖြစ်သည်။

၎င်း၏ ပြောဆိုချက်များသည် စိတ်ဝင်စားစရာကောင်းသဖြင့် တင်ပြလိုက်ရပါသည်။

ပထမတွင် လူနာမှာ အားနည်း၍ ဖျားသည်။ အဖျားမှာ ဆယ်ရက်လောက် ကြာသည်။ အဖျားဒီဂရီမှာ တရာ့နှစ်လောက် ရှိသည်။ အဖျား ဆယ်ရက်မြောက်တွင် လူနာမှာ စိတ်ဖောက် လာတော့သည်။ညည မအိပ်ပဲ ထထအော်သည်။ ငိုလိုက်ရယ်လိုက် လုပ်လာသည်။ တွေ့ကရာစကားတွေ လျှောက်ပြောတော့သည်။ ဘာမှ မစားနိုင်ပေ။ တနေ့တခြား အားအင် ချိနဲ့လာသည်။ သို့သော် စကားတော့ မရပ်မနား ပြောသည်။

လူနာရှင်များသည် ထုံးစံအတိုင်း ဗမာဆရာများနှင့် ကုသသည်။ဗမာဆရာ ငါးယောက်နှင့် ကုကြည့်သည်။ မသက်သာပေ။ နောက်ဆုံး စိတ္တဇဆေးရုံသို့ ရောက်လာတော့သည်။



လူနာ့ အခြေအနေ ကြည့်ရသည်မှာ အားနည်းနေသည်။ သို့သော် စကားပြောတော့ မပျက်ပေ။ ကျွန်တော်က လူနာကို စစ်ဆေးသောအခါ လူနာက ခေါင်းတွင် အဝတ်စည်းထား၍ လက်တဖက်တွင် နတ်အုန်းသီးကိုင်ထားသော မိန်းမ တယောက်နှင့် ယောကျ်ား တယောက်တို့ကို မြင်ရကြောင်း၊ ၎င်းတို့က 'နင်တို့ ငါတို့ကို ဝက်သုံးကောင်နှင့် အရက်သုံးပုလင်း ဆက်သရမည်။ မဆက်သနိုင်လျှင် တအိမ်သားလုံးကို သတ်ပစ်မည်' ဖြစ်ကြောင်း ပြောဆိုကြသည်ဟု ဆိုပါသည်။

နားထဲတွင်လည်း အခြားအသံများ ကြားရကြောင်း၊ ပန်းရထားနှင့် လာခေါ်၍ လိုက်သွားချင်ကြောင်း၊ ကောင်းကင်သို့ ခေါ်သွားမည်ဟုပြောကြောင်း စသည်ဖြင့် ပြောပြတော့သည်။

၎င်းပြင် လူနာက ငိုလိုက် ရယ်လိုက် လုပ်သည်မှာ ကျွမ်းသဘောဖြင့် မဟုတ်ကြောင်း၊ တိုင်နှင့်ခေါင်းနှင့် ဆောင့်သည်မှာလည်း သူ့သဘောဖြင့် မဟုတ်ကြောင်း၊ အသံရှင်က ခိုင်းစေ၍ လုပ်ရခြင်းဖြစ်ကြောင်း၊ မိမိ လုပ်သမျှ အလုပ်များသည် မိမိက လုပ်ခြင်း မဟုတ်ကြောင်း၊ အသံရှင်က လုပ်ခိုင်း၍ လုပ်ရခြင်း ဖြစ်ကြောင်း ပြောဆိုပြန်သည်။

ကျွန်တော်သည် သူ့တွင် စိတ္တဇရောဂါရှိမရှိ မေးရာ စိတ္တဇ ရောဂါ မရှိကြောင်း ငြင်းဆိုပါသည်။ (စိတ်နောက်သောလူများသည် သူတို့ကိုယ်သူတို့ စိတ်နောက်သည်ဟု မဖြေကြချေ။ ဤအချက်သည်ပင် စိတ်နောက်သော ဝေဒနာ၏ အရေးကြီးသော လက္ခဏာ ဖြစ်ပါသည်။ လူနာ တဦးသည် မိမိကိုယ်မိမိ စိတ်

နောက်နေပါသည်ဟု သိလာလျှင် ထိုသူသည် စိတ္တဇ ဝေဒနာမှ ပျောက်ကင်းပေပြီ။)

အထက်တွင် ဖော်ပြခဲ့ပြီးသော ဝေဒနာမှာ 'တောဇစ်ဆိုက်ကိုဆစ်'[၂]ဟု ခေါ်သည်။အဖျားရောဂါပိုးများမှ ထွက်လာသော 'တော်ဇင်'အဆိပ်ဓာတ်[၂၂]များကြောင့် စိတ်နောက်ခြင်း ဖြစ်ပါသည်။ ဗမာလို ယူဆလျှင် ငမ်းဝင်ခြင်း၊ငမ်းဖမ်းခြင်းဟု ခေါ်ဆိုနိုင်ပါသည်။ အဖျားရောဂါ ပြင်းထန်လျှင်၊ အဖျားကြာရှည်လျှင် ဖြစ်တတ်ပါသည်။ ဖျားသည့် အချိန်ကြောင့် လူနာမှာ စိုးရိမ်ပူပန်သော စိတ်သည် ရောဂါဖြစ်စေရန် အထောက်အကူပြုပေးပါသည်။

တိုက်ဖွိုက် ရောဂါနှင့် အဆုပ်နာ ရောဂါသည်များ ပို၍ဖြစ်တတ်ပါသည်။ အခြား အဖျား ရောဂါများကြောင့်လည်း ဖြစ်နိုင်ပါသည်။

ငမ်းဖမ်းခြင်းကြောင့် စိတ္တဇ ဝေဒနာများ ပေါ်လာသော လူငယ်တဦးကို ပယောဂ ဆရာနှင့် ကုသရာ ဆရာကို အာခံပြီး တွေ့ကရာ လျှောက်ပြောသည်။ ဆရာက သူ့ကို အာခံရကောင်းလားဟုဆိုကာ ကြိမ်လုံးဖြင့်ရိုက်၍ လူငယ်တဦး သေဆုံးရသော သတင်းဘုဝ်ကို သတင်းစာထဲတွင် ဖတ်လိုက်ရပါသည်။ပယောဂဆရာလည်း အဖမ်းခံလိုက်ရပါသည်။

ဤအဖြစ်အပျက်ကိုကြည့်လျှင် ယင်းလူငယ်မှာ မသေသင့်ဘဲ သေဆုံးသွားရခြင်း ဖြစ်ပေသည်။ အဖျားရောဂါကြောင့် စိတ်

[၂] TOXIC PSYCHOSIS
[၂၂] TOXINS





ဖောက်ပြန်တတ်သည် ဟူသော အသိသည် လူတိုင်းတွင် မရှိပေ။ ဖျားနာနေသော လူတယောက် စကားပြော မမှန်လျှင် အပမှီသည်၊ဖုတ်ဝင်သည်ဟု ထင်မှတ်သူတို့သာ များသည်။ ဤအချက်ကို ပယ်ဖျောက်ရန် ကျွန်တော် ဤဆောင်းပါးကို ရေးခြင်း ဖြစ်ပါသည်။ သို့အတွက် ဖျားနာသော လူနာတယောက် စိတ်ဖောက်ပြန်လာလျှင် စိတ္တဇ ဆေးရုံသို့ လာပြသင့်ပါသည်။ ရုပ်ဝေးမှ ဖြစ်ပါက သက်ဆိုင်ရာ ဆရာဝန်များထံ ပြပြီး ကုသသင့်ပါသည်။ အဖျား မြန်မြန်ပျောက်လျှင် မြန်မြန် သက်သာမည် ဖြစ်ပါသည်။

'တောဇစ် ဆိုက်ကိုဆစ်' သည် အဖျားရောဂါများ အပြင် အခြား အဆိပ်အတောက်များကြောင့်လည်း ဖြစ်တတ်ပါသည်။ အဆိပ်အတောက် ဖြစ်စေသော ဆေးများမှာ

၁။ အိပ်ဆေးများ
၂။ ကော်တီဆုံး ဆေးများ
၃။ အကိုက်အခဲပျောက် ဆေးများ
၄။ ခဲ
၅။ ပြဒါး
၆။ မူးနောက်စေသော ဓာတ်ငွေ့များ
၇။ မူးယစ်စေသော အရာများ
(အရက်၊ ဆေးခြောက် စသည်)

စိတ္တဇဆေးရုံတွင် အတွေ့များသည်မှာ အဖျားရောဂါများ၊ အဆုပ်နာ ရောဂါများ၊ အသဲယောင် ရောဂါများ၊ ဦးနှောက်





ယောင် ရောဂါများ စသည်တို့ကြောင့် စိတ္တဇရောဂါ အဖြစ်များတတ်ပါသည်။ မည်သို့သော အကြောင်းများကြောင့်ပင် ဖြစ်စေ၊ စိတ္တဇဝေဒနာဖြစ်နိုင်သော လက္ခဏာများ ပေါ်ပေါက်လာလျှင် ဆရာဝန်နှင့် ကုသသင့်ပါသည်။ ပို၍ကောင်းသည်မှာ စိတ္တဇဆေးရုံ၊ သို့မဟုတ် စိတ္တဇဘက် ဆိုင်ရာ ဆရာဝန်များကို ပြသခြင်းပင် ဖြစ်သည်။

ဆေးရုံတွင် စိတ်ငြိမ်ဆေးများ ကျွေးခြင်း၊ အားဆေး ကျွေးခြင်း၊ မူလ ရောဂါကို ပျောက်ကင်းအောင် ကုသပေးခြင်းဖြင့် စိတ္တဇကို ပျောက်ကင်းစေပါသည်။

ရောဂါလက္ခဏာများမှာ အခြား ရောဂါများကဲ့သို့ပင် ဖြစ်ပါသည်။

၁။ အစား မမှန်ခြင်း
၂။ အအိပ် မမှန်ခြင်း
၃။ စကားပြော မမှန်ခြင်း
၄။ မူးဝေခြင်း၊ခေါင်းကိုက်ခြင်း
၅။ နားထဲတွင် အသံများ ကြားရခြင်း
(မိမိကို လာခေါ်ပြီ စသည်ဖြင့်)
၆။ မိမိ နေမကောင်းအောင် သူတပါးက ပြုလုပ်ထားသည် ထင်ခြင်း
၇။ ဘဝင်မြင့်သော စကားများ ပြောလာခြင်း
၈။ ကြောက်လန့်ခြင်း
၉။ စကား သိပ်ပြောလာခြင်း
၁၀။ လူနာ ပိန်ချုံးသွားခြင်း





၁၁။ ငိုလိုက် ရယ်လိုက် ဖြစ်လာခြင်း
စသည်တို့ ဖြစ်ပါသည်။

စိတ္တဇဝေဒနာများတွင် ရောဂါလက္ခဏာတို့မှာ များသောအားဖြင့် တူညီကြပါသည်။ အနည်းငယ်သာ ကွဲပြားကြသည်။ ဤသို့သော ကွဲပြားချက်နှင့် ရောဂါဖြစ်ခြင်းအကြောင်းခံများကို လေ့လာ၍သာ ရောဂါအမည် တပ်ကြရပါသည်။

အိပ်ဆေးများကြောင့် စိတ်နောက်နိုင်သည်ဟု ကျွန်တော် ဖော်ပြထားပါသည်။ အိပ်ဆေး အလွန်အကျွံ သောက်၍ သေကြောင်း ကြံစည်သော လူနာများသည် မသေဘဲနေပါက စိတ်နောက်တတ်ပါသည်။ ဤသို့သော လူနာများလည်း စိတ္တဇ ဆေးရုံတွင် ရှိပါသည်၊အိပ်ဆေးသည် လူနာများအဖို့ ဦးနှောက် ထိခိုက်စေပါသည်။

မည်သည့်ဆေးမဆို အလွန်အကျွံ သောက်ပါက အဆိပ်ဖြစ်စေနိုင်ပါသည်။ ဆေး အလွန်အကျွံသောက်၍ အဆိပ်ဓာတ်သင့်ကာ စိတ္တဇရောဂါ ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် ဆေး အလွန်အကျွံ သောက်ခြင်းကို ရှောင်သင့်ပါသည်။ အထူးသဖြင့် 'အဆိပ်'ဟု ဆေးပုလင်းတွင်ရေးထားသော ဆေးများကို အလွန်အကျွံ မသောက်ပါနှင့်။အလွန်အကျွံ သောက်ပါက သေလျှင်သေ၊ မသေလျှင် စိတ္တဇ ဖြစ်တတ်ပါသည်။ သို့မဟုတ် အာရုံကြောများ သေတတ်ပါသည်။

ကုသနည်းများ

အခြား ရောဂါများ အတိုင်းပင် ဖြစ်ပါသည်။ သို့ရာတွင် စိတ္တဇ ဖြစ်သည့် အကြောင်းရင်းကို ပထမဆုံး ကုရပါသည်။

ဥပမာ အဖျားရောဂါ အမျိုးမျိုးကြောင့်ဆိုလျှင် အဖျားကို အရင် ကုရပါသည်။ တချိန်တည်းပင် စိတ်ငြိမ်ဆေးများ ကျွေးရပါသည်။ ဤရောဂါရှင်များကို ခွတ်နှိပ်ကုသရန် မလိုအပ်ပါ။ နဂို ရောဂါအခံ ပျောက်ကင်းပြီးမှ၊ စားဆေးများနှင့် မသက်သာသော အခါမှသာ ခွတ်နှိပ်ရန် စဉ်းစားပါသည်။

အရက်ကြောင့် ကြောင်ခြင်း၊ ဆေးခြောက်ကြောင့် ကြောင်ခြင်း များကိုတော့ ခွတ်နှိပ် ကုသပေးရပါသည်။ အရက်နှင့် ဆေးခြောက်သည်လည်း အဆိပ်အတောက်များ ဖြစ်၍ စိတ္တဇ ဖြစ်နိုင်ပါသည်။ ■



# ကြမ်းသော စိတ္တဇ

လူနာမောင်မြင့်သည် အထက်မြန်မာပြည်မှ ရောက်လာသည်။ အလွန်ကြမ်းသဖြင့် လက်နှစ်ဖက်စလုံးကို ကြိုးဖြင့်တုပ်ထားသည်။ သူ့ဘေးတွင် လူသုံးယောက် ပါလာသည်။ ကိုယ်တွင်လည်း ဒဏ်ရာ ဒဏ်ချက်များ ရှိနေသည်။ အိမ်သားများက ထိန်းရလွန်းသဖြင့် ရိုက်ထားသော ဒဏ်ရာများဖြစ်သည်။

လူနာကို အကဲခတ်ကြည့်ရသည်မှာ ကြမ်းပုံရသည်။ မျက်စေ့မှာ စူးရှလွန်းသည်။ ချော့ပြော၍ ရမည်မဟုတ်ချေ။ စကားတခွန်းနှစ်ခွန်းပြောကြည့်ရာ ဘုပြန်ပြောသည်။ သူ့ကို ကိုင်ထားသူများ လက်ထဲမှ ရုန်းထွက်ရန် ကြိုးစားသည်။ ဤအတိုင်းထား၍ မဖြစ်တော့ချေ။ လူနာကို ချက်ခြင်း ဆေးထိုးပေးလိုက်ရသည်။

၎င်းနောက် လူနာအား အကျိုးအကြောင်း မေးကြည့်ရာ အောက်ပါအတိုင်း သိရှိရပါသည်။

လူနာသည် လယ်သမားတဦးဖြစ်ကာ မိန်းမနှင့် ကလေးများ ရှိသည်။နေ့ခင်း လယ်လုပ်ရသည့်ပြင် ညပိုင်းတွင်လည်း အိပ်ရေး





ပျက်ရာမှ တစတစ စိတ်ဖောက်လာတော့သည်။ အနေ အထိုင် မမှန်၊ အမူအရာ ပြောင်းလာတော့သည်။ စကားပြောရှုပ်ရှုပ်များလာတော့သည်။ မိန်းမနှင့် ကလေးများအား ရိုက်နှက်တော့သည်။ ညည လုံးဝမအိပ်တော့။ အလုပ်လည်း မလုပ်တော့၊ အစားလည်း မမှန်တော့ချေ။ တနေ့တခြား ကြမ်းလာတော့သည်။ သတ်မည် ဖြတ်မည် ကြိမ်းမောင်းလာသည်။ ဒုတ်ဆွဲ ဒါးဆွဲ လုပ်တော့သည်။ ဤတွင် ထုံးစံအတိုင်း အပမှီသည်၊ ပယောဂ ရှိသည်ဆိုပြီး ပယောဂ ဆရာနှင့် ကုလေတော့သည်။

သို့သော် လူနာက ကြမ်းလွန်းသဖြင့် ပယောဂ ဆရာလည်း အနားမကပ်နိုင်ပေ။ လူနာကို အတင်း ဝိုင်းဝန်းချုပ်ကာ ကြိုးနှင့်တုပ်ပြီး ဆေးကုရသည်။ မသက်သာချေ။ ပယောဂ ဆရာ လက်ချက်ကြောင့် လူနာမှာ ဒဏ်ရာများသာ ရရှိလေသည်။ စိတ်ကတော့ မပျော့ပျောင်း။ ကြမ်းမြဲကြမ်းသည်။ နောက်ဆုံး ပယောဂ ဆရာပါ လက်လျှော့လိုက်သဖြင့် ဆေးရုံသို့ လာပို့ရခြင်းဖြစ်ကြောင်း ပြောပြသည်။

လူနာကို စမ်းသပ် စစ်ဆေးကြည့်ရာ စကစ်ဇိုဖရီးနီးယားရောဂါ၏ ကက်တာတောနစ် အိပ်ဇိုက်မင့် အမျိုးအစား စွဲကပ်နေကြောင်း သိရှိရပါသည်။ ဆေးရုံရောက်စ အခြေအနေကို ကက်တာတောနစ် အိပ်ဇိုက်မင့်[၂၄]ဟု ခေါ်ပါသည်။ ၎င်းအခြေအနေတွင် လူနာမှာ ပြင်းစွာတုန်လှုပ်နေသည်။ အကြမ်းဆုံးအချိန် ဖြစ်သည်။ လူသတ်မှု ကျူးလွန်မည်ကိုပင် စိုးရိမ်ရသည်။

[၂၄] CATATONIC EXCITEMENT





လူနာမှာ ဆောက်တည်ရာ မရ ဖြစ်နေသည်။ စိတ်ခွတ်ပြင်းထန်လွန်းသဖြင့် သာမန် လူကောင်းထက် သန်မာနေသည်။လူကောင်း ငါးယောက်လောက် မနည်း ထိန်းချုပ်ရသည်။ လူနာသည် ဘယ်ရောက်နေသလဲ၊ ဒီနေ့ ဘာနေ့လဲ ဘယ်က လာသလဲ စသည့် မေးခွန်းများကို မဖြေတတ်ချေ။ လူနာ၏ စိတ်ထဲတွင်မူ သူ့ကို သူများက မကောင်း ကြံစည်သည်ဟု စွဲစွဲ မြဲမြဲ ယုံကြည်ထားသည်။ လူများက သူ့ကို မကောင်း ကြံစည်ထားသောကြောင့်သာ သူ့မှာမအိပ်နိုင် မစားနိုင် ဖြစ်နေသည်။သို့သော် သူ မရှုံးပါဟု ငြင်းဆိုထားသည်။ သူ့ကို ရှုံးသည်ဟု စွပ်စွဲလျှင် အကြီးအကျယ် ဒေါသထတော့သည်။ နောက်တချက်မှာ လူနာသည် အငြိမ်မနေတော့ပေ။ ဟိုသွားလိုက် ဒီသွားလိုက် ဖြစ်နေသည်။ လူနာသည် မိမိကိုယ်ကိုမိမိ အကြီးအကဲ လူကြီးလူကောင်းဟု ထင်လာသည်။ သူ့စကားကို နားထောင်မှ ကြိုက်သည်။

လူနာ၏ နားတွင် အသံတွေကြားနေရသည်။ ကြောက်စရာ လန့်စရာနှင့် အခြား မနှစ်သက်ဖွယ်များသာ ကြားရသည်။ ဤအသံများကို မကြားရအောင် လူနာက ကြိုးစားရှာသည်။ ဤအသံများသာ လွှမ်းမိုးနေသဖြင့် နောက်ဆုံး လူနာသည် ထွက်ပြေးရှာတော့သည်။အပြင်းအထန်တုန်လှုပ်လာသဖြင့် ကြမ်းတမ်းလာသည်။ နားထဲတွင် ကြားနေရသော အသံများကို မနိုင်သဖြင့် နိုင်ရာလူများကို ဂလဲ့စား ချေလိုစိတ်များ ပေါ်လာသည်။ တွေ့ကရာ ပစ္စည်းများကို ရိုက်ခွဲတော့သည်။ လူတွေကို ရန်မူချင်စိတ် ရှိလာသည်။ အသံများ၏ ဘေးရန်မှ လွတ်ကင်းရန် ရှောင်ပြေးတော့သည်။ ဤသည်တို့မှာ စကစ်ဇိုဖရီး

နီးယား ရောဂါ၏ လက္ခဏာများ ဖြစ်ကြပါသည်။ 'ကက်တာတောနစ် အိပ်ဇိုတ်မင့်'ဟု ခေါ်ပါသည်။

မင်းနစ် အိပ်ဇိုက်မင့်[၂၄]ခေါ် စိတ္တဇ ဝေဒနာ တမျိုးမှာလည်း ကြမ်းလှပါသည်။ လူနာသည် ဆေးရုံမှ အတင်းထွက်ပြေးသည်။ လူနာထိန်း လေးငါးယောက်က အတင်းလိုက်၍ ဖမ်းကြရသည်။ လူနာတွင် ပုဆိုးမရှိတော့ချေ။ အတင်း ရုန်းကန်လျက်ရှိသည်။ စိတ်ဓာတ်သည် အပြင်းအထန် လှုပ်ရှားလျက် ရှိပါသည်။ လူနာသည် ဆေးရုံမရောက်ခင်က အိမ်ရှိ ပစ္စည်းအားလုံးကို ဖျက်ဆီးပစ်ခဲ့လေသည်။ တံခါးများကို လက်သီးဖြင့်ထိုး၊ နံရံနှင့် ခေါင်းနှင့်တိုက် စသည်ဖြင့် ကိုယ့်ကိုယ်ကို နာကျင်အောင် ပြုလုပ်ခဲ့လေသည်။ မျက်နှာ အမူအရာမှာလည်း ကြောက်မက်ဖွယ်ရာ အဆင်းကို ဆောင်နေသည်။

အေဂျီတိတ်တက်ဒီပရက်ရှင်[၂၅] ဝေဒနာသည်လည်း ကြမ်းသည်။ တရုပ်အမျိုးသား တယောက်သည် တရုပ်ဗမာအရေးအခင်းကြောင့် စိတ်နောက်သွားသည်။ ဆေးရုံ လာပြသည်။ ကျွန်တော်က အဖြစ်အပျက် အားလုံး မေးကြည့်ရာ ကြာသော် လူနာက စိတ်တိုလာတော့သည်။ ကျွန်တော့် အမေးများကို မဖြေချင်တော့။ တရုတ်အရေးအခင်းများကို မျက်စေ့ထဲတွင် ပြန်၍ မြင်လာဟန် ရှိသည်။

"နားထဲမှာ အလိုလိုနေရင်း အသံတွေ ကြားသလား"

"ဘာဗျ၊ခင်ဗျား ဘာတွေမေးနေတာလဲ။ ခင်ဗျား ကျုပ်ကို

၂၄ MANIC EXCITEMENT
၂၅ AGITATED DEPRESSION





ဘာမှတ်သလဲ။ ခင်ဗျား ဒုက္ခ များသွားမယ်။ ဆက် မမေးရင် ကောင်းမယ်"

ကျွန်တော်လည်း လူနာကိုဆက်မမေးရဲတော့ချေ။ ဓာတ်နှိပ်သည့် အခန်းထဲသို့ လူနာကို သွင်း၍ ဓာတ်နှိပ် ကုသလိုက်ရပါသည်။ဓာတ်မနှိပ်ခင် "ကျုပ် တခုခုဖြစ်ရင် ခင်ဗျား ဒုက္ခရောက်မယ်"ဟု လူနာက ကြိမ်းသွားသေးသည်။

စကီဇိုဖရီးနီးယား ဝေဒနာ၏ ဟက်ဘီဖရီနစ်[၂၆]အမျိုးအစားသည်လည်း တခါတလေ ကြမ်းတတ်သည်။ မျက်လုံး များမှာ တခုခုကို စူးစိုက် ကြည့်နေတတ်သည်။အိုးခွက် ပန်းကန်များကို ရိုက်ခွဲ တတ်သည်။ဆဲဆို ကြိမ်းမောင်းတတ်ကြ၏။အဖေအမေကို ရိုက်နှက် တတ်သည်။ကလေးများကိုလည်း ရန်မူတတ်သည်။

ဦးနှောက် မဖွံ့ဖြိုးသော ချို့ယွင်းသော ဝေဒနာ ရှင်များသည်လည်း ကြမ်းတတ်သည်။ လူနာတယောက်သည် သူ့အမေကို လက်သီးနှင့်ထိုး ချေနှင့်ကန်သဖြင့် လာပြဘူးသည်။နောက်တယောက်ကတော့ ကလေးများ၏လည်ပင်းကို လက်နှင့် ဖျစ်ညှစ်တတ်သည်။ ဆွေမျိုးများကို ပါးရိုက် တတ်သည်။ ထို့ကြောင့် ဆေးရုံမှာ တင်ထားလိုက်ရ ပါသည်။ဆေးရုံတွင် အခြားလူနာများကို လက်သဲနှင့် ကုတ်ချစ်ပြန်သည်၊ ကိုက်ဆွဲတတ်သည်။ထို့ကြောင့် သူ့ကို တယောက်တည်း ထားရပါသည်။

ဆိုက်ကိုပက်[၂၇]ခေါ် ကိုယ်ရည်ကိုယ်သွေး ချို့သည့် ဝေဒနာမှာ တမျိုးကြမ်းပြန်သည်။ တဇွတ်ထိုး တဇောက်ကန်း လုပ်တတ်

၂၆ HEBE PHRENIC
၂၇ PSYCHOPATH





သည့် အမျိုးအစားဖြစ်သည်။လူစုလူဝေးနှင့်လည်း အကြမ်းဖက်တတ်၏။တယောက်ထီးလည်း အကြမ်းဖက်တတ်သည်။စိတ်မထင်လျှင် အိမ်ရှိ ပစ္စည်းများကို အကုန် ဖျက်ဆီးမည် ဖြစ်သည်။ တယောက်နှင့်အများ ဖြစ်စေကာမူ မကြောက်မရွံ့ ရန်ဖြစ်တတ်သည်။ ထစ်ကနဲဆို ရန်ထဖြစ်သည့် သူများမှာ ဤဝေဒနာမျိုးစွဲကပ်သော သူများဖြစ်သည်။ အမှားအမှန် ဘယ်တော့မှ စဉ်းစားလေ့ မရှိ၊ ရာဇဝတ်မှုများ ကျူးလွန်တတ်သည်။

XYYဆင်ဒရုမ်း[၂၈]ခေါ် ကရိုမိုဆုန်းဓါတ် ဖောက်ပြန်၍ စိတ်နောက်ခြင်းကတော့ လူသတ်မှုများကျူးလွန်သည်အထိ ကြမ်းတတ်သည်။ (ကြောက်စရာ့ စိတ္တဇနှင့် ရှစ်လောင်းပြိုင်သတ်မှုကို ကြည့်ပါ။)သွေးအေးအေး ဦးနှောက်ကောင်းကောင်းဖြင့် ရက်စက်ကြမ်းကြုတ် တတ်ကြသည်။

လူငယ်များတွင် ဖြစ်တတ်သော အမူအရာ ပြောင်းလဲခြင်းရောဂါ[၂၉]သည်လည်း ကြမ်းတတ်သည်။ရန်ဖြစ်ခြင်း၊ ဖျက်ဆီးပစ်ခြင်းများ ပြုလုပ်တတ်ကြသည်။လူငယ်ဖြစ်သော်လည်း ထိန်းမရသဖြင့် ဆေးရုံလာပြကြရသည်။

ဟစ်ကီးရီးယား ဝေဒနာသည်လည်း တခါတလေ ကြမ်းတတ်သည်။ သို့သော် အတွေ့ရနည်းသည်။ သူများကို ရန်မမူတတ်မူ ကိုယ့်ကိုယ်ကို ရန်မူတတ်သည်။

ကျွန်တော် နောက်ဆုံး ဖော်ပြချင်သည်မှာ ဝက်ရူးပြန်ရော

၂၈ XYY SYNDROME
၂၉ BEHAVIOUR DISORDER





ဂါ ဖြစ်သည်။ ဝက်ရူးဖြစ်ကါနီး ဇဝေဇဝါဖြစ်ခြင်း[၃၀]သည် ကြောက်စရာ အင်မတန်ကောင်းသည်။ လူနာသည် သတိမရတော့။ ဘာလုပ်၍ ဘာကိုင်မှန်း မသိချေ။စိတ်ဓာတ်အပြင်းထန်ဆုံး တုန်လှုပ် ချောက်ချားလျက် ရှိသည်။ ဝက်ရူးပြန်ခြင်းကို ကြောက်လန့်ကာ၊ ဆန့်ကျင်ချင်သောစိတ်များ ရှိသဖြင့် လုပ်မိလုပ်ရာ လုပ်ပစ်တတ်သည်။ လူသတ်မှုများ ကျူးလွန်တတ်သည်။ ('ဝက်ရူးပြန်လူသတ်သမား'ကို ကြည့်ပါ။)

ဆေးရုံတွင် ကျွန်တော်တို့ သတိထားရသော လူနာများမှာ ထိုသူများပင်ဖြစ်သည်။ သူတို့ကို အခြားအမှုထမ်းများကလည်း ကြောက်ကြ၏။

နိဂုံး ဆိုရသော် မည်သည့် စိတ္တဇဝေဒနာပင်ဖြစ်စေ ကြမ်းသည့်အခါ ကြမ်းတတ်၏။ ရာဇဝတ်မှုများ ကျူးလွန်တတ်သည်။ ထို့ကြောင့် လူနာအနည်းငယ် ကြမ်းလာလျှင် ဆေးရုံသို့ ချက်ခြင်းလာပြပါ။ ။ဆေးရုံ၌ ရောဂါအမျိုးအစားအလိုက် အမျိုးမျိုး ကုသပေးပါသည်။ ဆေးကုသလိုက်သောအခါ လူနာများသည် ငြိမ်သက်သွားကြကြောင်း တွေ့ရလေသည်။များသောအားဖြင့် ဓာတ်နှိပ်ကုသလျှင် ငြိမ်သွားကြပါသည်။ တချို့က ထိုးဆေးဖြင့် ငြိမ်သက်သွားကြ၏။

ရောဂါအခြေအနေ ခန့်မှန်းချက်

တချို့ ကြမ်းသောဝေဒနာများမှာ ဆေးကုရ လွယ်ပါသည်။ ကြာခပ်ယဉ်ယဉ်ကလေးဆိုလျှင် ဆေးကုရ ခက်ခဲတတ်ပါသည်။ ကြာရှည်တတ်ပါသည်။ ■

၃၀ EPILEPTIC TWILIGHT STAGE

## စကားမပြောသော စိတ္တဇ

စိတ္တဇဝေဒနာများတွင် စကားအလွန်ပြောသော ဝေဒနာများလည်းရှိ၏။ စကားပြောမမှန်သော ကဘောက်တိကဘောက်ချော ပြောသော ဝေဒနာများလည်းရှိ၏။ဘဝင်မြင့်သော စကားများချည်း(မိမိကိုယ်ကို ဘုရား၊ဘုရင်၊ စကြာမင်း၊ နတ်၊ သူဌေးကြီးစသည်ဖြင့်)ပြောနေသော ဝေဒနာများလည်းရှိ၏။ လောကတွင်နေ၍မဖြစ်တော့ပါ၊ လောကကြီးတွင် သာယာပျော်ရွှင်မှုဟူသရွေ့ ပျက်ပြုန်းနေပါပြီဟု စိတ်အားငယ်စွာဖြင့်ပြောနေသော သူများလည်းရှိ၏။ ဤသည် ဤသည်တို့အပြင် လုံးဝစကားမပြောတော့သော စိတ္တဇဝေဒနာများလည်း ရှိပြန်သည်။ဤဝေဒနာကို 'စကျူပါ'[၂၀]ဟု ခေါ်ပါသည်။

ဤဝေဒနာဖြစ်လျှင် လူနာသည် လုံးဝ စကားမပြောတော့ချေ။မလှုပ်မရှက် ထိုင်ချင် ထိုင်နေမည်။ ရပ်လျှင် ရပ်နေမည်။

၂၀ STUPOR



အိပ်လျှင် အိပ်နေမည်။ငင်းကို ဘာမေးခွန်းပင်မေးမေးပြန်မဖြေ။ ပြုံးခြင်း၊ရယ်ခြင်းမရှိ။ ခပ်တည်တည်ကြီးနေသည်။ အပြင်မှငင်းကို ဘယ်လိုပင် ခြိမ်းချောက်ခြိမ်းချောက် မတုန်လှုပ်ချေ။နည်းနည်းမှ မလှုပ်ရှားချေ။ မိုးရွာထဲနေပူထဲတွင်လည်း မလှုပ်မရှက်ကြီး နေတတ်သည်။ ချေးယိုသေးပေါက် စသည်တို့နှင့် အစာရေစာ စားသောက်ခြင်းတို့လည်း ငင်းတို့ကိုယ်တိုင် မပြုလုပ်တော့ချေ။ ဆွေမျိုးသားချင်းများက ပြုလုပ်ပေးမှသာ ပြုလုပ်တော့သည်။

အချို့'စကျူပါ'ဝေဒနာများတွင် အထက်ပါ အလုပ်များကို လူနာကိုယ်တိုင်ပင် ပြုလုပ်သည်။'စကျူပါ' ဝေဒနာများ၏ နောက်တချက် ထူးခြားမှုမှာ ငင်း၏ ကိုယ်အနေအထားသည် အခြားလူတဦး၏ ပြုပြင်ထားမှုအတိုင်း နေထိုင်ခြင်း ဖြစ်သည်။ ဥပမာ–လက်တဖက်ကို အပေါ် မြှောက်ထားလျှင် တနေ့လုံး အပေါ်မြှောက်ထားခြင်း ဖြစ်သည်။ လက်ကို ကွေးထားလျှင်လည်း တနေ့လုံး ကွေး၍ပင် ထားသည်။အဝတ် အစား စသည်များကိုလည်း အခြားသူ လဲလှယ်ပေးမှ လဲလှယ်သည်။သို့မဟုတ် မလဲတော့ချေ။ ထမင်းကို ခွံ့မှစားသည်။ ရေကိုလည်း တိုက်မှသောက်သည်။ရေလည်း မချိုးတော့ချေ။

အထက်ပါ အကြောင်းအရာတို့သည် 'စကျူပါ'ဝေဒနာ၏ အဓိက လက္ခဏာများဖြစ်ကြသည်။အကြမ်းအားဖြင့်'စကျူပါ' ဝေဒနာလေးမျိုးရှိရာ တခုနှင့်တခု အနည်းငယ် ကွဲပြားသည်။ ငင်းဝေဒနာလေးမျိုးမှာ အောက်ပါအတိုင်းဖြစ်၏။





(၁) စကစ်ဇို ဖရီးနီးယား စကျူပါ၊[၂၁]
(၂) စိတ်အားငယ်ခြင်း စကျူပါ၊[၂၂]
(၃) ဦးနှောက်ရောဂါ စကျူပါ၊[၂၃]
(၄) ဟစ်စတီးရီးယား စကျူပါ[၂၄]

### စကစ်ဇို ဖရီးနီးယား စကျူပါ

'စကစ်ဇို ဖရီးနီးယား' ဝေဒနာကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဆိုခဲ့သည့် အတိုင်း လုံးဝ စကားမပြောတော့ချေ။ လှုပ်ရှားမှု ဟူ၍လည်းမရှိ။ထားသည့်အတိုင်း နေသည်။ အထူးခြားဆုံးအချက်မှာ ငင်း၏ ခြေလက်များကို ကွေးချည်ဆန့်ချည် ပြုလုပ်ကြည့်လျှင် အသားဆိုင်များသည် ဖယောင်းကဲ့သို့ ပျော့ပျော့ပျောင်းပျောင်း ဖြစ်နေခြင်းပင် ဖြစ်သည်။မာတောင့် နေခြင်းကို မတွေ့ရချေ။

နောက်တခု ထူးခြားသည်မှာ ချေးယို၊ သေးပေါက်စသော ကိစ္စများတွင် အိမ်သာသို့ သွားလေ့မရှိ။ငင်းနေသော နေရာ၌ပင် ကိစ္စပြီးလေ့ရှိသည်။

တခါတရံ မလှုပ်မရှား ငြိမ်သက်နေရာမှ ကြမ်းကြမ်း တမ်းတမ်း ဘဝသို့လည်း ကူးပြောင်းသွားတတ်ပြန်သည်။ဤအချက်သည် ငင်း၏ဝေဒနာ 'စကစ်ဇို ဖရီးနီးယား'ကို ပေါ်လွင်စေသည်။

၂၁ SCHIZOPHRENIC STUPOR
၂၂ DEPRESSIVE STUPOR
၂၃ ORGANIC STUPOR
၂၄ HYSTERICEL STUPOR





### စိတ်အားငယ်ခြင်း စကျူပါ

စိတ်အားငယ်သည့် ဝေဒနာမှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ စိတ်အားငယ်လွန်းသဖြင့် လုံးဝ စကားမပြော၊မလှုပ်မရှက်ကြီး လုပ်နေခြင်း ဖြစ်သည်။မျက်နှာအမူအရာမှာ စိတ်အားငယ်သည့် အမူအရာကို ပြသနေသည်။ငေးငိုင် နေတတ်သည်။ ထမင်းမစားဟင်းမစားဖြစ်၍ အိပ်လည်း မအိပ်တော့ချေ။ ရောဂါဖြစ်သော အကြောင်းရင်းကို မေးကြည့်လျှင် စိတ်အား ငယ်စေသည့် အကြောင်းများကို တွေ့ရသည်။

ဤရောဂါ၏ အဓိက ထူးခြားချက်မှာ ချေးယို-သေးပေါက်စသော ကိစ္စများတွင် အိမ်သာသို့ သွားတတ်သည်။အိမ်သာထဲတွင် ကိစ္စမပြီးတတ်။များသောအားဖြင့် ကိုယ့်ကိုယ်ကို သန့်ရှင်းမှု လိုလားသည်။

### ဦးနှောက်ရောဂါ စကျူပါ

ဦးနှောက်တွင် အကြီးအကျယ် ဒဏ်ရာရခြင်း၊ဦးနှောက်တွင် ကြီးကျယ်သော ရောဂါဝေဒနာများ ရရှိခြင်း၊(ဥပမာ-ကင်ဆာ) စသည်တို့ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဦးနှောက်ရောဂါသည် ဦးနှောက်ရောဂါသာဖြစ်၍ စိတ္တဇ ဝေဒနာသည် စိတ္တဇ ဝေဒနာသာဖြစ်ကြောင်း ဤနေရာတွင် အလျဉ်းသင့်၍ အနည်းငယ် ဖေါ်ပြလိုပေသည်။

ဦးနှောက်တွင် ဒဏ်ရာရခြင်း၊ရောဂါဖြစ်ခြင်းတို့ကြောင့် စိတ္တဇ ဝေဒနာ ဖြစ်ပေါ်နိုင်သည်မှာ မှန်သည်။သို့ရာတွင် စိတ္တဇဝေဒနာရှင် အားလုံးသည် ဦးနှောက်ကြောင့် မဟုတ်ချေ။ဦးနှောက်တွင် ဘာရောဂါမှ မရှိဘဲ စိတ္တဇဖြစ်နိုင်သည်။စိတ္တဇဝေဒနာ အများစု

သည် ဦးနှောက်နှင့် မပတ်သက်ချေ။ ကျွန်တော်တို့ မြန်မာအယူအဆတွင် လူတယောက် စိတ်နှောက်သွားလျှင် "ဦးနှောက်ပျက်သွားသည်။ ဦးနှောက်ချောင်သွားသည်" စသဖြင့် ပြောကြသည်။ အမှန်မှာ ဦးနှောက်သည် သူ့ဘာသာသူ နေနေခြင်းဖြစ်သည်။ စိတ္တဇနှင့် တိုက်ရိုက် သက်ဆိုင်နေသည် မဟုတ်ချေ။

ဦးနှောက်ရောဂါ စကျိုပါတွင် အခြားလက္ခဏာ အားလုံးရှိသည်။ စကားလုံးဝမပြောချေ။ ယခင်က စိတ္တဇ ဖြစ်ခဲ့ဘူးခြင်း အထောက်အထားများ မတွေ့ရဘဲ ဦးနှောက်တွင် အကြီး အကျယ်ဒဏ်ရာရခြင်း၊ ဦးနှောက်နှင့် ပတ်သက်သော ဝေဒနာ ဖြစ်ခဲ့ဘူးခြင်း စသည့် အထောက်အထားများကို အချို့တွင် တွေ့ရသည်။ အချို့တွင်လည်း ဘာအထောက်အထားမျှ မတွေ့ရချေ။

ချေးယို သေးပေါက်စသော ကိစ္စများတွင် အိပ်ရာထဲ စသော နေရာများတွင်ပင် ကိစ္စ ပြီးတတ်သည်။ အိမ်သာသို့ မသွားတတ်ချေ။ မိမိကိုယ်ကို သန့်ရှင်းရမှန်း မသိတော့ချေ။

### ဟစ်စတီးရီးယားစကျိုပါ

ဟစ်စတီးရီးယား ဝေဒနာကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ လုံးဝစကားမပြော မလှုပ်မရှက်ပင်ဖြစ်သည်။ ဤဝေဒနာတွင် လူနာသည် ကောင်းစွာ သတိရနေသည်။ သို့ရာတွင် သူ၏အခက်အခဲများကို ကျော်လွှန်နိုင်လိုခြင်း၊ တစုံတခုကို ရယူလိုခြင်း၊ မကျေနပ်သော အကြောင်းအချက်များ ရှိနေခြင်း စသော အကြောင်းရင်းများကြောင့် ဟစ်စတီးရီးယား ဝေဒနာ ဖြစ်ပေါ်လာပြီး 'စကျိုပါ' ဖြစ်ခြင်းဖြစ်သည်။





ဟစ်စတီးရီးယား ဝေဒနာကြောင့် စကားလုံးဝ မပြောသော လူနာတယောက်အကြောင်း မြဝတီမဂ္ဂဇင်းတွင် ရေးသားခဲ့ဘူးသည်။ သူ့တွင် ဇနီးနှစ်ယောက်ရှိရာ ဇနီးအငယ်နှင့် ကွဲသွားသဖြင့် စိတ္တဇဖြစ်လာကြောင်း ရေးခဲ့ပါသည်။

ဟစ်စတီးရီးယားစကျိုပါတွင် လူနာသည် ကောင်းစွာ သတိရနေသဖြင့် သန့်ရှင်းမှုကို ကြိုက်သည်။ သို့အတွက် ချေးယိုသေးပေါက် စသော ကိစ္စများတွင် အိမ်သာသို့သာ သွားလေ့ရှိသည်။ အထက်ပါ ဝေဒနာလေးမျိုးတွင် စကစ်ဇိုဖရီးနီးယား စကျိုပါနှင့် စိတ်အားငယ်ခြင်း စကျိုပါတို့သာ အတွေ့များကြသည်။

### ကုသနည်းများ

ပထမ ရောဂါဖြစ်သော အကြောင်းရင်းကို ရှာရပါသည်။ ဦးနှောက်ရောဂါ စကျိုပါမှလွဲ၍ အခြားစကျိုပါဝေဒနာများကို ဓာတ်နှိပ်ကုသခြင်းဖြင့် ချက်ခြင်း ပျောက်ကင်းနိုင်ပါသည်။ စိတ်ကြည်လင်သည့် စားဆေးများ ကျွေးခြင်းဖြင့်လည်း ရောဂါသက်သာစေပါသည်။ ဦးနှောက်ရောဂါစကျိုပါကိုမူ ဓာတ်နှိပ်မကုသပါ။ ဆေးဖြင့်သာ ကုသပေးပါသည်။

စကျိုပါဝေဒနာများသည် ဆေးကုရ လွယ်ပါသည်။ အချို့က စကားလုံးဝမပြောဘဲ နေခြင်းကို 'ပယောဂ' ဟု ဆိုတတ်၏။ ဤသို့ယူဆပြီး ဆေးကုလွဲနေပါလျှင် ရောဂါရင့်ရုံသာ ရှိပေမည်။ သက်သာမည် မဟုတ်ချေ။ ။



## လူငယ်နှင့် ဆေးခြောက်

ယနေ့ လူငယ်များသည် အနာဂတ်၏ တောက်ပသော ကြယ်ပွင့်များ ဖြစ်ကြသည်။ အနာဂတ် မြန်မာပြည်အတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သော တိုင်းပြည်၏ သားကောင်းများ ဖြစ်စေချင်သည်။ တိုင်းပြည်မှ ပေးအပ်သော တာဝန်ကို စွမ်းစွမ်းတမန် ထမ်းဆောင်နိုင်စေချင်ပါသည်။

ဤသို့ တိုင်းပြည် တာဝန် ထမ်းဆောင်နိုင်ရန် ပညာတတ်ရန် လိုသည်။ ကျန်းမာရန်လိုသည်။ ပညာသင်ချိန်တွင် ပညာရေးနှင့် ကျန်းမာရေးကို အနှောက် အရှက် မဖြစ်ရန် အထူးအရေးကြီးသည်။ အနှောက် အရှက် အမှောင့် ပယောဂ ဝင်လာပါက လိုရာပန်းတိုင်သို့ မရောက်နိုင်ဘဲ ဖြစ်တတ်သည်။

အမှောင့် ပယောဂဆိုသည်မှာ အဘယ်နည်း။ မကောင်းသော အပေါင်း အသင်းပင် ဖြစ်သည်။ မကောင်းသော အပေါင်း အသင်းနှင့် ပေါင်းသင်းမိပါက မိမိလည်း မကောင်းသော အပြုအမူကို ပြုကျင့်မိတတ်သဖြင့် မိမိ၏ ဘဝ နစ်နာတတ်သည်။ မကောင်းသော အပေါင်း အသင်းများ အမျိုးမျိုးရှိရာတွင်



ဆေးခြောက်ရှူသော လူများနှင့် ပေါင်းသင်းမိသဖြင့် စိတ္တဇဖြစ်ရသော လူငယ် တယောက် အကြောင်း ဖော်ပြချင်သည်။

လူငယ်မှာ ရန်ကုန်မြို့လယ် အထက်တန်း ကျောင်းတကျောင်းမှ ၈–တန်း ကျောင်းသား တယောက်ဖြစ်သည်။ မိဘများမှာလည်း လူကုံထန်များ ဖြစ်ကြသည်။ သားကိုလည်း အထူးအလိုလိုက်သည်။

တနေ့တွင် လူငယ်သည် ဆေးခြောက်ရှူသော အပေါင်းအသင်း များနှင့် ပေါင်းဖက် မိတော့သည်။ နဂိုကပင် စိတ်ဓာတ်ပျော့ညံ့သူ ဖြစ်ရာ အပေါင်း အသင်းများ၏ အဆွယ် ကောင်းမှုကြောင့် ဆေးခြောက် ရှူမိတော့သည်။ ဆေးခြောက်ဆိုသော အရာမှာ ရှူမိလျှင် စွဲတတ်သော ဘိန်းတမျိုး ဖြစ်ရာ လူငယ်လည်း ဆေးခြောက်ကို စွဲနေတော့သည်။ ဆေးခြောက် စွဲနေပြီဖြစ်၍ တဖက်မှ ဆေးခြောက် ရရေး ကြိုးပမ်းရရာ ကျောင်းမတက်နိုင် တော့ချေ။ ပညာရေးကို များစွာထိခိုက်ပေပြီ။ နှစ်ကုန်သဖြင့် စာမေးပွဲ ဖြေရာတွင်လည်း ကျဆုံးတော့သည်။

စာမေးပွဲကလည်း ရှုံး၊ စိတ်ဓာတ်ကလည်း ဆေးခြောက်ကြောင့် မခိုင်တော့။ သည်ကြားထဲ ဆေးခြောက်က လည်း ဝယ်မရတော့ရာ လူငယ်မှာ အခက် အခဲနှင့် ရင်ဆိုင်ရတော့သည်။ သူမှေးခဲ့သော မီးသည် သူ့ကို ပြန်၍ လောင်နေပေပြီ။ အိမ်မှာ အခန်း အောင်းနေတော့သည်။ ထမင်း အစား အသောက်လည်း ပျက်လာ၏၊ အအိပ်လည်း ပျက်လာ၏၊ စိတ်ချောက်ချားဘွယ် အိပ်မက်ဆိုးများကိုလည်း မက်လာ၏။ ညည ကယောင် ကတန်း ထထ အော်တတ်၏။ ကြောက်စိတ်များ ဝင်လာတော့သည်။

ကျောင်းစာများကိုလည်း လှည့်၍ပင် မကြည့်နိုင်တော့ချေ။ အမူ အရာလည်း တမျိုး ပြောင်းလဲလာသည်။ ဤအချိန်တွင်မှ လူငယ့် မိဘများသည် လူငယ်၏ စိတ်ဓာတ် မူမမှန်သောကြောင့် ရိပ်မိထေသည်။ သို့နှင့် စုံစမ်းကြည့်ရာ ဆေးခြောက်များ ရှူ ကြောင်းသိရတော့သည်။သူတို့ သားသည် ဆေးခြောက်ကြောင့် စိတ္တဇ ဖြစ်နေကြောင်း သိရှိရတော့သည်။

စိတ္တဇ ဖြစ်နေပြီဖြစ်၍ စိတ္တဇ ဆေးရုံသို့ လာပြရတော့သည်။ လူနာကို မြင်ရပုံမှာ မကောင်းလှချေ။ ဆံပင်ဘုတ်ပွ ဖြစ်နေရုံ မက ရှည်လည်း ရှည်နေသည်။ဆီလည်းမရှိချေ။အသားအရေမှာ ဖြူဖပ် ဖြူလျော်ကြီး ဖြစ်နေသည်။ မျက်လုံးများမှာ ချိုင့်ဝင် နေသည်။ ပုဆိုး ချက်အောက်ဝတ်ထားသည်။

ကျွန်တော်က ဘာဖြစ်သလဲဟု မေးရာ ဘာမှမဖြစ်ကြောင်း ပြန်ဖြေသည်။

"ဘာမှမဖြစ်ဘဲ မင်း ဒီဆေးရုံ ရောက်လာပါ့မလားကွ"

"ဘာမှ မဖြစ်ပါဘူးဆရာ၊ကျွန်တော့်ကို သက်သက် ဒီဆေးရုံ လာပို့တာပါ"

လူငယ်သည် ပြောပြောဆိုဆို သူ့မိခင်ကို ဖက်၍ ငိုတော့ သည်။ ပါးစပ်မှလည်း "ဆေးရုံမှာ မနေချင်ကြောင်း" ပြော နေတော့သည်။

"ဟေ့ မောင်ငယ်၊ မင်းဟာ ဆေးခြောက်ကြောင့် စိတ္တဇ ဖြစ်နေတာကွ၊ ဆေးခြောက် ပြတ်အောင် ဆေးရုံတက်နေမှ ဖြစ်မှာ"





ကျွန်တော်က ဆေးရုံမှာ တက်နေရန် ပြောရသည်။ သူ့မိဘ များကလည်း ဆေးရုံတက်ရန် သဘောတူသဖြင့် မောင်ငယ်ကို ဆေးရုံမှာ တင်လိုက်ရသည်။

ဆေးခြောက်တွင် ဘိန်းထဲမှ ထုတ်ယူထားသော မူးယစ်စေ တတ်သည့် ဓာတ်တမျိုးပါဝင်သည်။ထိုဓာတ်သည် ဆေးအဖြစ် အသုံးပြုရန် အလွန် အန္တရာယ်များသဖြင့် တကမ္ဘာလုံးတွင် ဆေးအဖြစ် မသုံးကြပေ။ ၎င်း၏ အန္တရာယ်မှာ မူးယစ်စေခြင်း စွဲလမ်းစေခြင်း၊ စိတ်ချောက်ချားစေခြင်း၊နောက်ဆုံး စိတ်နောက် စေခြင်းတို့ဖြစ်သည်။ အရက်နှင့် ထပ်တူပင် စိတ်နောက်စေပါ သည်။ သို့ရာတွင် ဆေးခြောက်သည် အရက်ထက် ဆိုးကြောင်း တွေ့ရပါသည်။

ယခု ဖော်ပြခဲ့သော မောင်ငယ်မှာ ပထမတော့ ခပ်ယဉ်ယဉ် စိတ်နောက်ခြင်း ဖြစ်၍ နောက်ပိုင်းတွင် ဆေးရုံမှ ဆင်းလိုက်၊ ဆေးခြောက် ပြန်ရှူလိုက်၊ ဆေးရုံ ပြန်တက်လိုက်နှင့် ယခုအခါ တော်တော် ဆိုးနေပေပြီ။ မောင်ငယ်သည် ခုထိ မပြတ်နိုင် သေးပေ။

ဆေးခြောက်ကြောင့် ဆိုးဆိုး ရွားရွား စိတ်နောက်သော လူနာ လူနာများလည်း ရှိသည်။ တခါက အင်မတန်ကြမ်းသော လူနာ တဦး ရောက်လာသည်။ အတွင်းလူနာအဖြစ် လက်ခံ ကုသပေး ရသည်။ လူနာ၏ အကျိုးအကြောင်း မေးကြည့်ရာ အဲ့ရ ရသည်။ လူနာ၏ အကျိုးအကြောင်း မေးကြည့်ရာ ဆေးခြောက် ရှူမိဆော ဌာန တခုတွင် အမှုထမ်းနေသူ ဖြစ်၍ ဆေးခြောက် ရှူမိဆာ ယခုကဲ့သို့ စိတ်နောက်လာကြောင်း သိရသည်။လူနာကို ဆေး ထိုးပေးရာ နောက်နေ့တွင် သတိ ပြန်ရလာသည်။ ဆေးခြောက်





ပြတ်သွားသည် ထင်သည်။ လူနာ့ အမများ လိုက်လာ၍ ဆေး ရုံမှ ပြန်ခေါ်သွားတော့သည်။

နောက် နှစ်ရက် သုံးရက် အကြာတွင် တဖန် ပြန်ရောက်လာ ပြန်သည်။ လူနာသည် ဆေးခြောက်ကို ပြန်ရှူသဖြင့် စိတ်ပြန် နောက်ခြင်းပင်။ ဤသို့ဖြင့် လူနာမှာ ဆေးရုံမှ ဆင်းချည် တက် ချည်ဖြင့် သုံးကြိမ်လောက် ပြုလုပ်သည်။ အမှန်မှာ ဆေးရုံတွင် တကြိမ်တည်းတက်၍ ပျောက်ကင်းမှ ဆင်းလျှင် ကောင်းမည်။ ယခုတော့ လူနာ့ဆွေမျိုးများက စိတ္တဇ ဆေးရုံတက်ရသည်ကိုပင် ရှက်ကြသည်။ သူတို့ မောင်ကလည်း ဆေးခြောက်ကို မပြတ် သဖြင့် တက်လိုက် ဆင်းလိုက် ဖြစ်နေသည်။ နောက်ဆုံး ဆေး ခြောက် ပြတ်သွားမှပင် ဆေးရုံနှင့် ဝေးသွားတော့သည်။

နောက်တယောက်က ပိုဆိုးသည်။ ဆေးခြောက် ရှူမိလျှင် လူစိတ် ပျောက်တော့သည်။ အချက်မှူးသော သူများကဲ့သို့ ဘေးပတ်ဝန်းကျင်မှ လူများကို ရန်ရှာတော့သည်။ ဆဲရေးတိုင်း ထွာခြင်း၊ ခဲဖြင့် ပေါက်ခြင်း၊ ရပ်ရွာကို မီးရှို့မည်ဟု ကြိမ်း မောင်းခြင်းများ ပြုလုပ်သည်။ ရပ်ကွက်ထဲမှ ရဲသွားတိုင်ရာ ရဲက ဖမ်းပြီး ဆေးရုံပို့ရတော့သည်။ စိတ်နောက်နေ၍ အမှုတော့ မဖြစ်ပေ။

ဆေးခြောက်ကို ကုလား အမျိုးသားများ ပို၍ ရှူကြောင်း တွေ့ရသည်။ အထူးသဖြင့် ဇေယျဝတီနှင့် ကျောက်တံခါးမှ ကုလားအမျိုးသား စိတ်နောက်သူများ မကြာခဏ လာရာ သူတို့ သည် များသောအားဖြင့် ဆေးခြောက်ရှူသဖြင့် စိတ်နောက် သည်ဟု ထင်ရသည်။ ဆေးခြောက် ရှူကြောင်းကို သိရှိရသည်။





အထက်ပါ သာဓကများကို ကြည့်လျှင် ဆေးခြောက်သည် ရှူပါများလျှင် စိတ်နောက်တတ်ကြောင်း အခိုင်အမာ သိရှိနိုင် သည်။ စိတ်နောက်၍ ရာဇဝတ်မှုများလည်း ကျူးလွန်တတ် သည်။

ထို့ကြောင့် ဆေးခြောက်ကို လုံးဝ မရှုကြရန် ယခု လူငယ်များကို သတိ ပေးလိုသည်။ အထူးအရေးကြီးသည်မှာ အပေါင်း အသင်းဖြစ်သည်။ မကောင်းသော အပေါင်းအသင်း ကြောင့် မိမိလည်း ဆေးခြောက် သမားမဖြစ်စေနှင့်၊ သို့မှသာ ဆေးခြောက်ကြောင့် စိတ်နောက်ခြင်းဘေးမှ လွတ်ကင်းနိုင်မည် ဖြစ်သတည်း။ ။

## လူငယ်နှင့် ကြောက်စိတ်

တလောက စိတ္တဇ ဆေးရုံသို့ အသက် ဆယ့်သုံးနှစ်ရွယ် လူငယ် ထဦး လာပြသည်။ လူငယ့်မိခင်က 'ကလေးသည် ယခု အိမ်မှာ မနေကြောင်း၊ တနေ့လုံး အပြင်သို့ ထွက်လည်နေတတ်ကြောင်း၊ ညညတွင် မအိပ်ပဲ 'ကြောက်တယ် ကြောက်တယ်'နှင့် အော်ဟစ်နေကြောင်း၊ 'ကြောက်တယ်'ဆိုပြီး ထွက်ပြေးကြောင်း၊ ကစားလည်း ကစားကြောင်း၊ မျက်စေ့ထဲ ကြောက်စရာများ မြင်နေကြောင်း၊ ကျောင်းလည်း မတက်နိုင်တော့ကြောင်း' ပြောပြသည်။

ကျွန်တော်က ကျောင်းတွင် ဘယ်နှစ်တန်း ရောက်ပြီလဲဟု မေးကြည့်ရာ ငါးတန်းသို့ရောက်နေပြီ ဖြစ်ကြောင်း၊ ယခု စာမေးပွဲဖြေရန် နီးကပ်မှ စိတ္တဇ ဖြစ်လာသဖြင့် စာမေးပွဲပင် မဖြေနိုင်ကြောင်း ပြန်ပြောသည်။

"စိတ္တဇဝေဒနာ ဖြစ်လာရင် အကြောင်း တခုခုတော့ ရှိစမြဲဘဲ။ သူကော ဘာဖြစ်လို့ စိတ္တဇ ဖြစ်လာသလဲ"

ကျွန်တော်က အကြောင်းရင်းကို မေးရသည်။



"ဒီလို ဆရာ။လွန်ခဲ့တဲ့ လေးငါးရက်က ကျနော်တို့ကျောင်းက သူငယ်ချင်းတယောက်ရဲ့အဖေ သေဆုံးတော့ ကျနော်တို့ အသုဘ လိုက်ပို့တယ်။ အဲဒီ သင်းချိုင်းကုန်းမှာ လူသေတွေ ချလာတာ မြင်ရ၊ အုတ်ဂူတွေ မြင်ရ၊ လူသေတွေကို မီးရှို့တာ မြင်ရတော့ ကျနော့်စိတ်ထဲ ကြောက်သွားမိတယ်။

"စာမေးပွဲ နီးလာတော့ စာကလဲ သိပ်ကျက်ရတယ် မဟုတ်လား။ တညမှာ စာကျက်နေရင်း ကျနော့်မျက်စိထဲမှာ လူသေကောင်တွေ မြင်လာပါရော။ဒါနဲ့ ကြောက်ပြီး ထအော်မိတာဘဲ ဆရာ"

ကျောင်းသားကလေးသည် ကောင်းစွာ သတိရနေသည်။ သူ့အကြောင်းကို ကောင်းစွာ ပြန်ပြောနိုင်သည်။ ကျွန်တော်သည် အဆိုပါ ကျောင်းသားကလေးကို အပြင်လူနာ အနေဖြင့်သာ ကုသစေခဲ့သည်။ သို့သော် မသက်သာချေ။ ကောင်းတချီ ဆိုးတလှည့် ဖြစ်နေသည်။နောက်ဆုံးတွင် ကိုယ့်ကိုကိုယ်ရိုက်ခြင်း၊ ကိုက်ခြင်း၊ ငိုလိုက်ရယ်လိုက် ဖြစ်ခြင်း၊ အတင်း အော်ဟစ်နေခြင်း စသည်များကြောင့် ဆေးရုံတွင် အတွင်းလူနာ အဖြစ် တလလောက် ကုသခဲ့ရသည်။

ဆေးရုံတွင် နှစ်ပတ် ကျော်ကျော်လောက် ကုသပြီးသောအခါမှ တကယ့် လူကောင်းတယောက်ကဲ့သို့ ပြန်ဖြစ်လာသည်။ လူနာသည် ငြိမ်သက်လာသည်။ အအိပ်အစား မှန်လာသည်။ ဆေးရုံတက်စ က ဆူညံစွာ အော်ဟစ်နေသော်လည်း ယခုသော် ဆေးရုံမှ မအော်တော့။ သို့နှင့် လူနာကျောင်းသားကလေးကို ဆေးရုံမှ ဆင်းစေခဲ့ပါသည်။ ငယ်ရွယ်သူများ၊အတူးသဖြင့် ကြောက်လန့်





တတ်သူများကို ဆေးရုံတွင် ကြာရှည်မထားပါ။ ကြာရှည်ထားလျှင် ပို၍ ဆိုးသွားမည် စိုးရသည်။

အထက်ပါလူနာကျောင်းသားကလေး၏ရောဂါကို အမူအရာ ပြောင်းလဲခြင်းရောဂါ[၇၆]ဟု ကျွန်တော်တို့ ဆုံးဖြတ်ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် လူနာသည် သတိရသည့်အခါ ကောင်းစွာ ရနေသည်။ သို့သော် တချီတချီ ၎င်း၏ပြုမူပုံ (အမူအရာ) သည် ပြောင်းလဲသွားသည်။

တဖန် ဤရောဂါ အဘယ့်ကြောင့် ရလာသနည်းဟု ဆန်းစစ်ကြည့်ကြပြန်သည်။ လူနာသည် ဖခင်နှင့် အတူမနေရ။ မိခင်နှင့် ဖခင်တို့ ကွဲနေကြသည်။ သို့အတွက် ဖခင်၏ ချစ်ခင် ယုယမှုကို မရခဲ့။ (ငယ်ရွယ်သူများသည် မိဘများ၏ ချစ်ခင်ယုယမှုကို ခံယူလိုသည်။ မိဖ၏ ချစ်ခင် ယုယမှုကို မရလျှင် စိတ်အနေအထားအားဖြင့် အခြားသူများနှင့် ကွာခြားတတ်ကြသည်။ ရှင်းရှင်းဆိုရသော် စိတ်မမှန်တတ်ပေ။ ဤအကြောင်းနှင့် ပတ်သက်၍ 'စိတ္တဇနှင့် မိဖ၏ချစ်ခင်မှု'ဟု ဆောင်းပါးတပုဒ် ရေးခဲ့သည်။)

ဖခင်၏ချစ်ခင်မှုမရရှိသော ထိုကလေးသည် စိတ်အနေအထားအားဖြင့် ကျပ် မပြည့်ပေ။ ထို အချိန်တွင် သင်းချိုင်းကုန်း၌ လူသေ အလောင်းများ မီးရှို့သည်ကို မြင်တွေ့ရခြင်း၊ စာကို အလွန်အမင်း ကျက်ခြင်းဖြင့် ဦးနှောက်ကို ပြင်းထန်စွာ အလုပ်ပေးခြင်း စသည်တို့ ပေါင်းစပ်လိုက်သောအခါ စိတ္တဇ ဖြစ်လာပေတော့သည်။

[၇၆] BEHVIOUR DISORDER





နောက်တချက် ကျွန်တော် တင်ပြချင်သည်မှာ ကလေးများကို လူမှန်းသိစ အရွယ်ကပင် မိခင် ဖခင်နှင့် ဆွေမျိုးများက တခုခုနှင့် ချောက်လှန့်တတ်ခြင်း ဖြစ်သည်။ 'သရဲရှိသည်၊ကုလားကြီး ဖမ်းလိမ့်မည်' စသည်ဖြင့် ကလေး ငိုသောအခါ အငိုတိတ်အောင် ချောက်လှန့်တတ်ကြသည်။ ဤ အချက်သည် အလွန်မှားသော အချက်ဖြစ်သည်။ ကလေးကို ငယ်စဉ်ကပင် ကြောက်စိတ်များ ဝင်စေသည်။ငယ်စဉ်က ဝင်ခဲ့သော ကြောက်စိတ်များသည် ကြီးသည်အထိ ပျောက်မသွားတော့ပေ။ ဦးနှောက်တွင် စွဲမြဲသွားလေ့ရှိသည်။ ထို ကြောက်စိတ်သည် ကြောက်စရာ၊လန့်စရာ၊သွေးပျက်စရာများနှင့် တွေ့ကြုံရသောအခါ အလွန်အမင်း ကြောက်၍ထိတ်လန့်ပြီး စိတ်ကို မထိန်းနိုင်ဘဲ စိတ္တဇ ဖြစ်လာပေတော့သည်။ ကြောက်စိတ်ကြောင့် စိတ္တဇ ဖြစ်ရသူများ စိတ္တဇ ဆေးရုံတွင် ဒုနှင့်ဒေး ပင်။

ထို့ကြောင့် စိတ္တဇ မဖြစ်စေလိုလျှင်

၁။ မိဖများသည် သားသမီးများကို ချစ်ခင်ကြင်နာကြရန် လိုသည်။

၂။ မိဖ ဆွေမျိုးများသည် သားသမီးများကို ကြောက်စိတ် ဝင်အောင် မည်သည့်နည်းနှင့်မျှ မချောက်လှန့်ပါနှင့်။

၃။ လူငယ်များသည် ကြောက်စိတ်ကို ပယ်ဖျောက်ပစ်ကြရန် လိုသည်။ တကယ့်တကယ် တွေးလျှင် ဘာမျှ ကြောက်လန့်စရာမရှိပေ။အားလုံးကို သိပ္ပံနည်းကျကျ တကယ်ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားကြည့်ရန် လိုသည်။

၄။ ကျောင်းသားများသည် စာကို မှန်မှန်သာ ကျက်စေလိုသည်။ စာကျက်ချိန်မှာ ကျက်၍ ကစားချိန်မှာ ကစားခြင်းဖြင့် အနား ယူရပါမည်။ စာကိုချည်း အတင်းအဓမ္မ ဖိကျက်လျှင် (အဆင်မသင့်သောအခါ) စိတ္တဇ ဖြစ်လာနိုင်သည်။

ကြောက်စိတ်ကြောင့် စိတ္တဇ မဖြစ်စေသင့်။ ။



## လိင်ကိစ္စ ပြဿနာများ

ဆရာခင်ဗျား၊

ကျွန်တော်သည် အသက်ဆယ့်ခြောက်နှစ်ရှိ ကျောင်းသားတယောက် ဖြစ်ပါသည်။ ဆရာ၏ "စိတ္တဇလောပယောဂလော"စာအုပ်ကိုဖတ်ရ၍ ကျွန်တော်ခံစားနေရသော အမည်မသိရောဂါကို စိတ်မသိုးမသန့်ဖြစ်မိ၍ ဆရာ့ထံ အကူအညီတောင်းရင်း တင်ပြအပ်ပါသည်ခင်ဗျား။

ကျွန်တော်သည် အိန္ဒိယ တိုင်းရင်းသား ဂေါ်ရခါးလူမျိုး ဖြစ်ပါသည်။ ကျွန်တော်သည် စာဖတ် အလွန်ဝါသနာပါ၍ တခါတခါ လိင်မှုစာအုပ်များပါ ဖတ်မိပါသည်။ကျွန်တော်သည် လိင်မှုစာအုပ်များကိုဖတ်မိပြီး အင်္ဂါဇာတ်ကို ခံစားမှု ပြည့်ဝအားကျ၍လားမသိပါ။ အင်္ဂါဇာတ်ကို ၁၉၆၄ ခုနှစ်မှ စ၍ စေရန် ဆော့ကစားနေခဲ့မိပါသည်။ ယနေ့တိုင်အောင် ထို အကျင့်များကို ဖျောက်မရပါ။

ထိုအကျင့်ကို ဖျောက်ရန် စာဖိကျက် မိပါသည်။ သို့သော်လည်း ကျား မ တို့၏ လူမဆံမှု၊သဘာဝခံစားမှု၊





မိန်းကလေးမြင်လျှင် ထိုမိန်းကလေး၏ အင်္ဂါဇာတ်မှာ မည်သို့ ရှိမည်ဟု စိတ်က တွေးထင်ပြီး လိင်ကို ဆော့ကစားမှုများ ကျွန်တော့်စိတ်တွင် တခုပြီးတခု လာ၍ ထင်ဟပ်နေပါသည်။

ထို့ကြောင့် ၎င်းကိစ္စများသည် မကောင်းမှန်းသိလျက် ကြိတ်မှိတ်ခံစားနေရသော ကျွန်တော့်ကို ဆရာ ကူညီစေချင်ပါသည်။

ကျွန်တော့်စိတ်တွင်
လူစဉ်မမှီတဲ့ ရောဂါများ ရမလား။
အကြောများ သေမလား။
ပန်းသေပန်းညှိုးများ ဖြစ်မလား။
ဟု စိတ်အထင့်ထင့် ဖြစ်နေပါသည်။

အထက်ပါ သဘောပါသော စာတစောင် ကျွန်တော့်ထံ ရောက်လာသည်။လူငယ်တယောက်၏ လိင်ကိစ္စ ပြဿနာတခုပင်။

ဆက်လက်၍ စိတ္တဇဆေးရုံတွင် တွေ့ကြုံရသော လိင်မှုပြဿနာများကို တင်ပြချင်ပါသည်။

တခါက လူနာတယောက် လာပြသည်။ ဘုရား ရှိခိုးနေစဉ် ဘုရား၏ရုပ်ပုံမမြင်ဘဲ မိခင်၏ အင်္ဂါကို မြင်မိသဖြင့် မိခင်အား ပြစ်မှားသလို ဖြစ်မိကြောင်း၊ ထို အမှုအတွက် မိမိတွင် အပြစ်ကြီးလေးစွာရှိနေသည် ထင်ကြောင်း၊ မိမိသည် ဤကိစ္စ အတွက် စိတ်အားငယ်မိကြောင်း၊ ထိုအပြစ်ကို အမြဲတွေးတောနေသဖြင့် အိပ်ရေးပျက်၊အစားပျက်၊ကျောင်းပျက်ဖြစ်နေကြောင်း စသဖြင့် ကျွန်တော့်ကို ပြောပြရှာသည်။လူနာသည် မိခင်အား ပြစ်မှား





မိပြီအထင်ဖြင့် စိတ်ဓာတ်ကျလျက်ရှိသည်။ စိတ်ညစ်လျက်ရှိသည်။ စိတ်အားငယ်ခြင်း ဝေဒနာ တမျိုးပင်။

နောက်တယောက်မှာ လူငယ်ကျောင်းသားလေးတယောက်ပင်ဖြစ်သည်။ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသနေရသည်။သူ၏ အဖြစ်အပျက်မှာ အထက်ပါလူနာနှင့် ခပ်ဆင်ဆင်တူသည်။

တနေ့တွင် လူနာသည် မိန်းကလေး တယောက်ကို ဗလက်ကာယပြုမိသည်။ မိန်းကလေးက ရှန်းကန် သဖြင့် အိမ်ပေါ်မှ ဆင်းပြေးခဲ့သည်။လူနာက ထိုအပြုအမူအတွက် သူ့တွင် အပြစ်ရှိသွားပြီဟု ထင်သည်။ လူအများက ဝိုင်း၍ ရှုံ့ချပြစ်တင်ကြပြီထင်၏။လူနာသည် တခြား အိမ်တအိမ်တွင် သွား၍ပုန်းနေတော့သည်။ လူအများနှင့် အတွေ့မခံတော့ချေ။ ကျောင်းလဲမတက်တော့ချေ။ထိုမှစ၍ လူနာသည် စိတ္တဇရောဂါဖြစ်လာလေတော့သည်။စိတ်နောက်နေစဉ်အတွင်း လူနာသည် မကြာခဏ လိင်မှု ဆော့ကစားခြင်း ပြုလုပ်သည်။ လိင်နှင့်ပတ်သက်၍ စိတ္တဇဖြစ်ခြင်းပင်။

နောက်တယောက်မှာ မိန်းမရွာဖြစ်သည်။လူနာသည် ပြင်ပလူနာဌာနသို့ လာပြသည်။၎င်းသည် ငယ်စဉ်က မိန်းမတယောက်ကို အသေအလဲကြိုက်မိကြောင်း၊ သို့သော် ထိုမိန်းမက ပစ်ခွာသွားသဖြင့် မိန်းမများကို မုန်းတီးစိတ် ဝင်လာကြောင်း၊ ထိုအချိန်မှစ၍ ယောကျ်ားလေးနှင့်သာ ပေါင်းသင်းတော့ကြောင်း၊ ယခုအခါ ယောကျ်ား အချင်းချင်း လိင်မှုကိစ္စများ ကျူးလွန်သည်အထိ ဖြစ်လာကြောင်း၊ မိန်းကလေးများကို ကြိုးစားမြှ

ချစ်ကြိုက်ကြည့်သော်လည်း နည်းနည်းမျှ ချစ်ကြိုက် မရသဖြင့် ဆေးရုံသို့ လာပြကြောင်း ပြောပြရှာသည်။

လူနာသည် တက္ကသိုလ်သို့ ရောက်နေပေပြီ။ ပိန်ပိန်ပါးပါးနှင့် မိန်းမရှာရုပ် ပေါက်နေသည်။ သို့သော် စဉ်းစားတွေးခေါ်တတ်သော အသိဉာဏ်ရှိသဖြင့် ဆေးရုံသို့လာပြခြင်းဖြစ်သည်။ 'ဂန်ဒူး' ဟု ခေါ်ခံရမှာ ရှက်နေသည်။ လူနာတွင် အသိစိတ်[၃၃]ရှိသဖြင့် မျှော်ကင်းဘို့ များပါသည်။

နောက် တယောက်မှာလည်း ကောလိပ်ကျောင်းသား တယောက်ပင် ဖြစ်သည်။ လူနာသည် ဆရာမများသွားသည့်အိမ်သာကို ချောင်းမြောင်းကြည့်လေ့ ရှိသည်။ ထို့ကြောင့် စိတ္တဇရောဂါ ရှိမရှိ စမ်းသပ်ရန် ဆေးရုံသို့ရောက်လာသည်။ လူနာတွင် လိင်နှင့်ပတ်သက်သော စိတ္တဇဝေဒနာ ရှိနေပါသည်။

နောက်တယောက်မှာ အဆိုးဆုံးဟု ထင်သည်။ လူနာသည် စိတ္တဇဝေဒနာ စွဲကပ်နေသဖြင့် ၎င်း၏မိခင်နှင့် ကျူးလွန်မိခြင်း ဖြစ်သည်။ လူနာ၏သာမက ၎င်းမိခင်ပါ စိတ္တဇဝေဒနာ စွဲကပ်နေနေသည် ထင်သည်။ ဤအဖြစ်မျိုး တကြိမ်သာ ကြားဘူးပါသည်။

နောက်ထပ် ဖော်ပြချင်သည်မှာ အမျိုးသမီးများအကြောင်း ဖြစ်သည်။ တချို့က စိတ္တဇ ဖြစ်လာသောအခါ ကာမဆန္ဒအားကြီးလာသည်။ အိမ်မှ သွားမိသွားရာထွက်သွားကြပြီး ယောကျ်ားလေးများနှင့် တွေ့လျှင် ကျူးလွန်တတ်ကြသည်။ ထို့ကြောင့်

၃၃ INSIGHT





အဖေမပေါ်ဘဲ ကိုယ်ဝန်ရှိလာသော လူနာအများအပြားတွေ့ရသည်။

မိန်းကလေး တယောက် စိတ်နောက်ရာ ယောကျ်ားယူချင်သည်ဟုပြောတော့သည်။ မိဘများက အဟုတ်မှတ်၍ ယောကျ်ားပေးစားသည်။ ယောကျ်ားလေးက မိန်းကလေးစိတ်နောက်နေမှန်း သိသွားသောအခါ ထွက်ပြေးသွားတော့သည်။ ဤတွင် မိန်းကလေး၏ အဖေမှာ အရှက်တကွဲ ဖြစ်ပြီး စိတ်နောက်သွားတော့သည်။

မိန်းကလေးများ စိတ်နောက်လျှင် စိတ်ဆန္ဒ အားကြီးလာကြောင်းတွေ့ရပါသည်။ အထူးသဖြင့် စိတ်တက်ကြွ လွန်းခြင်းဝေဒနာ (စိတ်ရူးဝေဒနာ)တွင် ပို၍ ထင်ရှားလာသည်။ မိန်းမတယောက်သည် ဤ ဝေဒနာမျိုးဖြစ်ရာ ယောကျ်ားလေးများရှေ့တွင် လိင်မှု ကိစ္စများ ကို အကုန် ဖွင့်ပြော တော့သည်။ ယောကျ်ားလေးများ မပြောရဲသော စကားများကို လူနာက ဖွင့်ပြောသဖြင့် အံ့အားသင့်ကုန်၏။

မိန်းကလေးများ စိတ်နောက်၍ သတိ ကင်းလွတ်နေခြင်းကို အခွင့်ကောင်းယူသော လူမသမာများလည်းရှိသည်။ ဤလူမသမာများကြောင့် စိတ်နောက်နေသော မိန်းကလေးများ နစ်နာဆုံးရှုံးရခြင်းများလည်း ရှိပါသည်။

အထက်ပါတို့သည် ကျွန်တော်၏ ကိုယ်တွေ့များဖြစ်သည်။ အတွေ့ရနည်းသော အခြား စိတ်ဝင်စားဘွယ် အဖြစ် အပျက်များကို ဖော်ပြပါဦးမည်။





လိင်ကိစ္စတွင် စိတ်ကျေနပ်မှု ရစေရန် တဖက်လူကို ထိခိုက်နာကျင်အောင် ပြုလုပ်သော သူများလည်း ရှိသည်။ ဤသည်ကို ဆာဒီဇင်[၃၄]ဟု ခေါ်ပါသည်။ များသောအားဖြင့် နာကျင်အောင် ပြုသူမှာ ယောကျ်ားဖြစ်သည်။ နာကျင်အောင် ပြုလုပ်ခံရသူမှာ မိန်းမဖြစ်သည်။ တချို့က မိန်းမကို အတင်း ကုတ်ဖဲ့တတ်သည်။ ကိုက်တတ်သည်။ အပြင်းထန်ဆုံးဖြစ်ပါမူကား သတ်၍ပင်ပစ်တတ်ပါသည်။ ဤကဲ့သို့ စိတ္တဇ ရှိသူများသည် များသောအားဖြင့် ပြည့်တန်ဆာများကို အသုံးပြုတတ်သည်။ ပြည့်တန်ဆာများမှာ သူတို့၏ အနှိပ်စက်ခံ၊ အညှင်းဆဲခံ သားကောင်များ ဖြစ်ကြရသည်။ သို့သော် ဤအဖြစ်အပျက်မှာ နည်းပါသည်။ (တကြိမ်သာ ကြားဘူးသည်။)

နောက်တမျိုးမှာ မက်ဆိုရှိဇင်[၃၅] ဖြစ်သည်။ ဤ စိတ္တဇတွင် လူနာသည် နာကျင်ခြင်းခံစားရမှ လိင်ကိစ္စတွင် စိတ်ကျေနပ်မှု ရပါသည်။ နာကျင်ခြင်း ခံစားချင်သူမှာ မိန်းမ ဖြစ်တတ်သည်။ (လူနာသည် မိန်းမ ဖြစ်တတ်သည်။) ဤ အမျိုးအစားမှာ ပို၍ ရှားသည်ထင်သည်။ ဤ ဝေဒနာမျိုးရှိသူ မိန်းမနှင့် အိမ်ထောင်ကျသော ယောကျ်ားသည် ပန်းသေ ပန်းညှိုး ပြဿနာ ပေါ်လာတတ်သည်။ တချို့က မိမိကိုယ်ကို နာကျင်အောင် ကြိမ်နှင့်ဖြစ်စေ၊ အခြား အရာဝတ္ထု တခုခုနှင့် ဖြစ်စေ မိမိ ကိုယ်တိုင် သို့မဟုတ် ယောကျ်ား ဖြစ်သူအား ရိုက်နှက်စေသည်။ သို့မှသာ ခံစားမှု ပြည့်ဝသည်ဟု ထင်ပေသည်။

၃၄ SADISM
၃၅ MASO CHISM





နောက်တမျိုးမှာ ဖက်တီရှိဇင်[၃၆] ဖြစ်သည်။ ဤဝေဒနာ ဖြစ်သူမှာ ယောကျ်ား ဖြစ်တတ်သည်။ လူနာသည် မိန်းမ၏ အသုံးအဆောင် များ၊ အောက်ခံ ဘောင်းဘီ၊ ချွေးခံ အင်္ကျီ၊ ဘီနပ်၊ ခြေအိတ် စသည်တို့ကို မြင်လျှင် စိတ်ဆန္ဒ ဖြစ်ပေါ်လေ့ရှိသည်။ ခန္ဓာကိုယ် အစိတ်အပိုင်း များတွင် ခြေထောက် နှင့် ဆံပင်ကို မြင်ရုံနှင့်ပင် သောင်းကြမ်းလာတတ်သည်။

အချို့က မိန်းမ ဘဝမှ ယောကျ်ား အဝတ်အစားများကို နှစ်သက်လာသည်။ နောက်ဆုံးတွင် မိန်းမ ဘဝမှ ယောကျ်ား ဘဝသို့ လုံးဝ ခွဲစိတ်၍ ပြောင်းလဲချင်လာသည်။ ယောကျ်ား ဖြစ်လျှင် မိန်းမ ဘဝကို ပြောင်းလဲချင်သည်။ ဤကဲ့သို့သော အပြုအမူမျိုးကို ထရန်ဗက်ဇ်တီဇင်[၃၇]ဟု ခေါ်ပါသည်။ အနောက်နိုင်ငံများတွင် လိင်အင်္ဂါပြုပြင်ပြောင်းလဲမှုပြုလုပ်၍ ယောကျ်ား ဘဝမှ မိန်းမ ဘဝသို့ ၎င်း၊ မိန်းမဘဝမှ ယောကျ်ား ဘဝသို့ ၎င်း တဖြစ်လဲသွားကြခြင်းသည် ဤ ဝေဒနာကြောင့် ဖြစ်ပါသည်။ များသောအားဖြင့် မိန်းမရှာ၊ ယောကျ်ားရှာများ ဖြစ်တတ်ကြသည်။

ကိုယ်အင်္ဂါကို လှစ်ပြတတ်သော သူများလည်း ရှိပြန်သည်။ တချို့က တဖက်လူကို မုန်း၍ တမင် လှစ်ပြခြင်း ဖြစ်သည်။ ဤသည်ကို စိတ္တဇဟု မခေါ်ချေ။ ကိုယ်အင်္ဂါကို လှစ်ပြရမှ စိတ်ကျေနပ်မှုရရှိသော သူများကိုကား စိတ္တဇရှိသူများဟု ခေါ်ရပါမည်။ ဤသည်ကို အိတ်ဆီဘီရှင်နီဇင်[၃၈]ဟု ခေါ်ပါသည်။

၃၆ FETISHISM
၃၇ TRANSVESTISM
၃၈ EXHIBITIONiSM

ဤ အပြုအမူကို ယောကျ်ားများတွင်သာ တွေ့ရတတ်သည်။ မိန်းမများတွင် မတွေ့တတ်ပါ။ (ဤ အပြုအမူကို မကြာခဏ တွေ့ရတတ်ပါသည်။)

မိန်းမများ အိမ်သာ သွားသည်ကို ချောင်းကြည့်သော လူတယောက် အကြောင်း ကျွန်တော် ဖော်ပြ ထားပါသည်။ ဤကဲ့သို့ လိင်အင်္ဂါများ၊ လိင်အပြုအမူများ (တိရစ္ဆာန်များ အပါအဝင်) လိင်နှင့်ပါတ်သက်သော ဓာတ်ပုံများ၊ပန်းချီများ၊ ရုပ်ရှင်များ စသည်တို့ကို ကြည့်၍ စိတ်ကျေနပ်မှု ရှာသော သူများကို စိတ္တဇ ရှိသူများဟု ခေါ်ပါသည်။ ရောဂါမှာ ဗွိုင်ယာရိဇင်[33]ဟု ခေါ်သည်။ တချို့က လိင်အပြုအမူများကို ချောင်းကြည့်တတ်သည်။ ချောင်းကြည့်ပြီး ကျေနပ်နှစ်သိမ့်ကြသည်။ တချို့က အဆောက် အဦများပေါ်သို့ တက်၍ရင်း၊ တချို့က မှန်ပြောင်းများဖြင့်ရင်း၊ သူတို့၏ ဝေဒနာကြောင့် ချောင်းကြည့်လေ့ရှိသည်။

တချို့က ပါးစပ်မှ မြိန်ရေယှက်ရေ ကာမရာဂ စကားများ ပြောတတ်သည်။ သို့မဟုတ် စာဖြင့်ရေးပြတတ်သည်။ ဤသူများတွင် အော့ဗဆင်းနတီ[34]ရောဂါ ရှိနေပါသည်။ အိမ်သာနံရံများပေါ်တွင် အများအားဖြင့် ရုပ်ပုံများရေးဆွဲ၍ စာလုံးများပါ ရေးထားတတ်သည်။

မိန်းမ အိမ်သာများ အတွင်းသို့ ဝင်၍ ကျင်ငယ်စွန့်ချင်သော သူများ၏ ရောဂါကို ကော်ပရိုဖီလီယား[35]ဟု ခေါ်ပါသည်။

[33] VOYEURISM
[34] OBSCENITY
[35] COPROPHILIA





သူတို့သည် ကိုယ်အင်္ဂါကို လှစ်ပြချင်၍ မိန်းမ အိမ်သာအတွင်းသို့ ဝင်ခြင်းမဟုတ်ပါ။ မိန်းမ အိမ်သာထဲ၌သာ ကြုံကြုံ ဖန်ဖန် ကျင်ငယ်စွန့်ချင်သောသူ ဖြစ်သည်။

လိင်အပြုအမူတွင် သဘာဝ မဟုတ်သောနည်း (ပါးစပ်ဖြင့်) ပြုလုပ်ခြင်းကို အိုရယ်ပါဗားရှင်း[36]ဟု ခေါ်ပါသည်။ အများအားဖြင့် ပြည့်တန်ဆာများက ပြုကျင့်ကြသည်။

မာစတာဗေးရှင်း[37]ခေါ် တကိုယ်တည်း လိင်မှုပြုလုပ်ခြင်းကို လူတိုင်း သိထားကြပါသည်။ ဤ အပြုအမူသည်လည်း မကောင်းချေ။ သို့သော် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ တချိန်တခါတွင် ဤအပြုအမူ ပြုမူခဲ့ကြသည်ဟု ဆိုသည်။ မည်သူမျှ မလွတ်ကင်းဟု ဆိုလိုခြင်းပင်။ ဤကိစ္စနှင့် ပါတ်သက်၍ ပြဿနာများ ဖြစ်ပေါ်ကြသည်။ ဤအပြုအမူကြောင့် ပန်းသေပန်းညှိုး ဖြစ်မည်လော၊ အားအင်ကုန်ခမ်း တော့မည်လော၊ ခလေးမရနိုင်တော့ပြီလော စသည်ဖြင့် မေးလာကြသည်။ (ကျွန်တော့်ထံ စာရေးမေးသော သူကဲ့သို့။)

စင်စစ် ဤ အပြုအမူကြောင့် ပန်းသေပန်းညှိုးလည်း မဖြစ်နိုင် အားအင်လည်း မကုန်ခမ်းနိုင်ချေ။ သို့ရာတွင် စိတ်ထိခိုက်နိုင်သည်။ ဤအပြုအမူကြောင့် စိတ်ဆင်းရဲရသည်။ နောင်တရသည်။ အပြစ်ရှိသည်ဟုထင်သည်။ ဤ အစွဲအလမ်းများကြောင့် စိတ္တဇ ဖြစ်နိုင်ပေရာ ဤ အပြုအမူများ မပြုလုပ်လျှင် ကောင်းပါသည်။

လိင်ကိစ္စ ပြဿနာများသည် အထက်ပါအတိုင်း ဆန်းကြယ်

[36] ORAL PERVERSION
[37] MASTURBATION





များပြားလှပါသည်။ ဤပြဿနာများ၏ အကြောင်းရင်းများကို လေ့လာရန်လိုပါသည်။ ပြဿနာ၏ အကြောင်းရင်းကို သိမှ ကာကွယ်နိုင်ပေမည်။ ကုစားနိုင်ပေမည်။

## လိင်ကိစ္စ ပြဿနာ အကြောင်းရင်းများ

လိင်ကိစ္စများ ဆန်းကြယ် ရှုပ်ထွေးသလို ဤကိစ္စများ၏ အကြောင်းရင်း များမှာလည်း ရှုပ်ထွေးလျက် ရှိသည်။ ဘယ်ရောဂါသည် ဘာကြောင့် ဖြစ်လာရသည်ဟု ဂဃနဏမသိရချေ။ ဖြစ်နိုင်သည်မှာ လူတို့၏ သာမန်သာမရိုးကျ လိင်စိတ်များသည် သာမန်ထက် ပိုမို များပြားလာခြင်း၊ ထိန်းသိမ်းမှုလျော့နည်းလာခြင်း၊ ကိုယ်ရည်ကိုယ်သွေး မကောင်းခြင်းများကြောင့် ဖြစ်လာသည်ဟု ထင်ရပါသည်။

နောက်တချက်မှာ အထက်ပါ လိင်မှုကိစ္စများကို စိတ်ကူးယဉ်ရုံသာ ဖြစ်ပါက သိပ်မဆိုးသေးချေ။ တကယ်လက်တွေ့ ပြုလုပ်လာလျှင်ကား ပြဿနာများ ဖြစ်လာ လေတော့သည်။

တချို့က မျိုးရိုးကြောင့်ဟု ဆိုကြပြန်သည်။ ငယ်ရွယ်စဉ်က လိင်မှုပညာပေး နည်းပါးခြင်းကြောင့်ဟုလည်း ဆိုကြပြန်သည်။ ဤအချက်ကို ကျွန်တော် အလေးအနက် ထားချင်ပါသည်။ ငယ်စဉ်က လိင်မှုကိစ္စတွင် ပညာပေးမှု မရှိခြင်းကြောင့် လိင်မှုကိစ္စကို အလွန်စွဲလမ်းသူ ဖြစ်လာခြင်း၊ သို့မဟုတ် လိင်မှုကိစ္စကို အလွန်မုန်းတီးသူ ဖြစ်လာခြင်း၊ လိင်မှုကိစ္စ ပြုလုပ်လျှင် အပြစ်ကြီးတခုဟု ထင်လာခြင်း၊ အရှက်အကြောက် ကြီးလွန်းခြင်း၊ အရှက် အကြောက် နည်းလွန်းခြင်း စသည်ဖြင့် လိင်မှုကိစ္စတွင် ကမောက်





ကမတွေ့၊ ပြဿနာတွေ ဖြစ်လာခြင်း ဖြစ်သည်ဟု ထင်ပါသည်။

ပတ်ဝန်းကျင် အခြေအနေ များကြောင့်လည်း ဤပြဿနာများ ဖြစ်တတ်သည်။ ကြားဘူးနားဝဖြင့် ဖြစ်စေ၊ စာအုပ်စာတမ်းများကို ဖတ်၍ ဖြစ်စေ၊ ဤကိစ္စများ ဖြစ်လာနိုင်သည်။

## ရောဂါအခြေအနေ ခန့်မှန်းချက်

ဤပြဿနာများ ပျောက်ကင်းနိုင်သည်၊ သို့မဟုတ် မပျောက်ကင်းနိုင်ဟု ခန့်မှန်းရာတွင် ရောဂါ အတိမ်အနက်ကို လိုက်၍ ပြောရပါသည်။ ရောဂါအတိမ်အနက် ဆိုသည်မှာ-လူနာသည် စိတ်ကူး ယဉ်ရုံတွင်လော၊ တကယ် ပြုလုပ်နေသလော-ဟူသော အချက်ကို ဆိုလိုပါသည်။ တကယ်လက်တွေ့ ပြုလုပ်နေသော သူသည် ပျောက်ကင်းရန် ခက်သည်။ စိတ်ကူးယဉ်ရုံဆိုလျှင် ပျောက်ကင်း သွားပေလိမ့်မည်။

## ကုသနည်းများ

စိတ်ကို ပြုပြင်ကုသပေးနည်းမှာ အဓိကဖြစ်သည်။ လူနာ၏ မှားယွင်းနေသော အယူအဆများ၊ အစွဲအလမ်းများ၊ တပ်မက်ကြည်နူးမှုများကို လမ်းမှန်သို့ ရောက်အောင်၊ သဘာဝ ကျလာအောင် ပြုပြင် လမ်းညွှန်ပေးရပါသည်။ စိတ်ရှည် လက်ရှည် ရှင်းလင်း သွေးဆောင်ယူရသော အလုပ်ဖြစ်သည်။ လူနာ၏ အခြေခံ ကိုယ်ရည် ကိုယ်သွေး ကောင်းလျှင် ပြုပြင်ရ လွယ်ပါသည်။ ပျောက်ကင်းဘို့ များပါသည်။ ။

## ရောဂါရှာနေကြသူများ

ဖျာပုံမြို့ အ-မ-က-ဆရာကြီး ဦးအောင်သိန်း၏ ရောဂါ အခြေ အနေများ။

၁။ ကြောက်စိတ်ရှိသည်။
၂။ ရင်တုန်သည်။
၃။ ရေအေးကို ကြောက်သည်။
၄။ ရေနွေးနှင့် ချိုးရသည်မှာ ခုနစ်နှစ်ရှိပြီ။
၅။ ဘယ်ညာ လှည့်ပတ် စောင်းသည့်အခါ မူးနောက် နောက်နေသည်။
၆။ နားနှစ်ဘက် လေထွက်သည်။
၇။ အလုပ်မှာ မပျော်ဘူး။
၈။ အိပ်ရာထဲတွင် မှိန်း၍နေချင်သည်။
၉။ ပုတီးစိတ်ရတာ လက်ညောင်းသည်။
၁၀။ ညာဘက်လက် ကျင်သည်။
၁၁။ စားရတာ အရသာမရှိဘူး။
၁၂။ အချဉ်-အခါး-အစပ်-အငံ-ပို၍ ကြောက်လာသည်။



၁၃။ ရှတ်တရက် အသံ ပြင်းပြင်းကြားလျှင် လန့်တတ်သည်။
၁၄။ စိတ် ပို၍ တိုလာသည်။
၁၅။ လေအဆက်ပြတ်ပြီး ကြောက်စိတ်ဝင်သည်။ကြက်သီးထသည်။
၁၆။ အပူစိတ် ဇော ပိုများလာသည်။
၁၇။ ရင်လေးသည်။
၁၈။ ခါးပူ ကျောအေးသည်။
၁၉။ အနားယူနေချင်ပါသည်။
၂၀။ တခါတခါ ကိုယ်လေးစိတ်လေး ဖြစ်နေသည်။
၂၁။ သတိမေ့လာသည်။
၂၂။ အညောင်း အလွန် တက်သည်။
၂၃။ ဦးနှောက် မကြည်လင်။
၂၄။ လကျာ်တတောင်ဆစ် နာနေခြင်း။
၂၅။ အောက်တိုဘာလမှ စ၍ ယနေ့အထိ ယောကျ်ား စိတ် ကာမအား မရှိပါ။

ဤမျှ များပြားသော အကြောင်း အရာတို့ကို လူနာသည် မမှတ်မိသဖြင့် စာနှင့်ရေး၍ ကျွန်တော့်ကိုပြပါသည်။ကျွန်တော့်မှာ သူ့စာကိုဖတ်ပြီး ပြုံးမိပါသည်။လူနာသည် မရှိသောရောဂါ ကို ရှာဖွေနေခြင်း ဖြစ်သည်။ လူနာ၏ ရောဂါမှာ အင်ဂျိက်တီ ကို ရှာဖွေနေခြင်း ဖြစ်သည်။ လူနာ၏ ရောဂါ၏ သဘောမှာ လူနာတွင် ဘာ ချို့ရှိဆင်"ဖြစ်သည်။ဤရောဂါ၏





ရောဂါမှ မရှိသော်လည်း လူနာက သူ့ကိုယ်သူ ရောဂါရှိနေသည်ထင်သည်။သူ၏ကိုယ်တွင် ရောဂါရှိမရှိ အမြဲ ရှာဖွေနေလေ့ ရှိသည်။တချို့က ခေါင်းကို ဓာတ်မှန် ရိုက်ကြည့်သည်။ရင်ဘတ်ကို ဓာတ်မှန်ရိုက်ကြည့်သည်။ဆီး၊ဝမ်း၊သွေး၊စသည်တို့ စစ်ကြည့်သည်။မျက်စိဌာန၊လည်ချောင်းဌာန၊နှလုံးရောဂါဌာန၊စသည်ဖြင့် ဌာနပေါင်းစုံ သွားပြသည်။သို့သော် ရောဂါမရှိသဖြင့် ဘာမျှ မတွေ့ချေ။နောက်ဆုံးတွင် စိတ္တဇဆေးရုံသို့ ရောက်လာကြတော့သည်။

ဆေးရုံ ရောက်လာသော သူများကို ကျွန်တော်က "ခန္ဓာကိုယ်နှင့် ပတ်သက်၍ ဆရာဝန်ပေါင်းစုံ ဌာနပေါင်းစုံ၌ စမ်းသပ်ကုသခဲ့ပြီးပြီ။အခု ခန္ဓာကိုယ်နှင့်ပတ်သက်သော ရောဂါ ရှိသေးသလား"ဟု မေးကြည့်သည်။လူနာက"ရှိပါသည်"ဟု ဖြေတော့သည်။ယခု သူ့တွင် ဖြစ်ပေါ်နေသော စားမဝင်၊အိပ်မပျော်၊ရင်တုန်၊ခြေဖျားအေး၊ဇက်ကြောတက်စသော အကြောင်းအရာတို့သည် ရောဂါတခု ရှိနေသောကြောင့် ဖြစ်နေသည်ဟု ဆိုတော့သည်။

ဤတွင် ကျွန်တော်တို့ အချီအချ စကား ပြောရတော့သည်။ ဘာရောဂါမှ မရှိပါဟု ဆရာဝန်များက ပြောသော စကားကို ယုံကြည်အောင် ကြိုးစား၍ ဟောပြောရသည်။လူနာက ယုံကြည်ပါပြီဆိုမှ လူနာ၏ ယခု ခံစားနေရသော လက္ခဏာ တို့သည် စိတ် ပူပန်ခြင်းမှ ပေါက်ပွား လာကြကြောင်း ရှင်းပြရသည်။ ဤအချက်တွင်လည်း လူနာက မယုံချင်ပြန်ပေ။ထို့ကြောင့် စိတ်ကြောင့် မည်သည့်အရာမဆို ဖြစ်လာနိုင်ကြောင်း၊ စိတ်ကြောင့်





ဆွံ့အ၊နားမကြားပင် ဖြစ်သွားနိုင်ကြောင်း၊စိတ်သည် ဆန်းကြယ်ကြောင်း၊အသိစိတ်နှင့် မသိစိတ်ဟူ၍လည်း ရှိကြောင်း။အသိစိတ်က စိတ်ညစ်စရာ၊ ကြောင့်ကြစရာမရှိပါဟု ဆိုသော်လည်း မသိစိတ်(အတွင်းစိတ်)က စိတ်ညစ်ခြင်း၊စိုးရိမ်သောက ရောက်ခြင်းတို့ကြောင့် ဤလက္ခဏာ အားလုံး ပေါ်ပေါက် လာကြောင်း ပြောပြရပါသည်။အကယ်၍ စိုးရိမ်သောကစိတ်များကို ငြိမ်သက်အောင်၊ပျောက်ကင်းအောင် ပြုလုပ်နိုင်ပါက၊ ယခု ခံစားနေရသော ဝေဒနာအားလုံး ပျောက်ကင်း သွားမည်ဖြစ်ကြောင်း။ ထို့ကြောင့် စိတ်အစွဲအလမ်းများကို ဖျောက်၍ စိတ်ချမ်းသာစွာနေပါဟု တိုက်တွန်းရပါသည်။

လူနာ၏ ရောဂါမှာ စိုးရိမ်သောက စိတ်များကြောင့် ပေါက်ပွားလာခြင်း အမှန်ပင် ဖြစ်ပါသည်။ဤအချက်ကို လူနာများ သဘောပေါက်လာလျှင်၊ ရင်တုန်ခြင်းစသော လက္ခဏာများကို ကြိုးစား၍ ဖျောက်ဖျက်ပေလိမ့်မည်။ ကိုယ်ခန္ဓာတွင် မရှိသော ရောဂါများကိုလည်း ရှာဖွေတော့မည် မဟုတ်ချေ။ ။

## စိတ္တဇရောဂါနာတာရှည် ဘာကြောင့်ဖြစ်သနည်း

စိတ္တဇ ဆေးရုံတွင် နာတာရှည် လူနာများ အမြောက်အများ ရှိကြသည်။ ယောကျ်ား နာတာရှည်လူနာများကို 'ရှစ်'ဆောင်တွင်ထားရှိ၍ မိန်းမ နာတာရှည် လူနာများကို အမျိုးသမီး ဂန့်ဂေါ်ဆောင်တွင် ထားရှိပါသည်။

လူနာများကို လှည့်လည် ကြည့်သောအခါ ဤနာတာရှည် လူနာများကို တွေ့ကြရသည်။ သူတို့၏ မြင်ကွင်းသည်မကောင်း။ မြင်ရသူအဘို့ စိတ်နှလုံး မချမ်းမြေ့စရာသာ ဖြစ်သည်။တချို့က နေပူထဲတွင် ကိုယ်တုံးလုံး အိပ်နေကြသည်။

တချို့က လမ်းပေါ်တွင် ပိုးလိုးပက်လက် ဖြစ်နေကြသည်။ နံရိုးပြိုင်းပြိုင်း ထ၍ ကျုံ့လှီ ဖျော့တော့နေသည်။ အသားအရေမှာ မဲခြောက်နေသည်။တချို့ကဖောယောင်လျက်ရှိသည်။ လမ်းမလျှောက်နိုင်ဘဲ အိပ်ရာထဲ ဘုန်းဘုန်း လဲနေသူများလည်း ရှိသည်။တယောက်ထဲ ငေးငိုင် တွေဝေနေသူများလည်း ရှိသည်။ တယောက်ထဲ စကား အော်ကျယ်ဟစ်ကျယ် ပြောနေသူများလည်း ရှိသည်။



ဤသို့သော သူတို့၏ဘဝကို မြင်ရသောအခါ ကျွန်တော် စိတ်မကောင်း ဖြစ်မိသည်။ ကျွန်တော်တို့ ကြိုးစား ကုသပေးသော်လည်း သူတို့၏ ရောဂါမှာ ရင့်လွန်းလှပြီ။ ကုသ၍ မရနိုင်သော ဘဝသို့ ရောက်ရှိနေကြပြီ ဖြစ်သည်။ သူတို့သည် အသက်ရှင်လျက် ရှိသော်လည်း သေသည်နှင့် သိပ်မခြားတော့ချေ။

ကျွန်တော်သည် သူတို့ ဤကဲ့သို့ နာတာရှည်ဘဝကို ဘာကြောင့် ရောက်လာသနည်းဟု ဆန်းစစ်ကြည့်မိပါသည်။

လူတယောက် စိတ္တဇဝေဒနာဖြစ်လျှင် ရှေးဦးစွာ ပယောဂဟု စွပ်စွဲကြ၍ ဗမာဆရာ၊ ကုလားဆရာ၊ ဘုန်းကြီး၊ ပယောဂဆရာ စသည်ဖြင့် ဆရာမျိုးစုံနှင့် ကုသကြသည်။ အရပ်တကာ လှည့်၍ ကုသကြသည်။ထို့ကြောင့် ရောဂါသက်သည် ရင့်မှန်းမသိ ရင့်လာတော့သည်။တဖန် ပယောဂဆရာ၏ ကြိမ်ဒဏ်ချက်ကြောင့် လူနာ၏ ပျက်စီးယိုယွင်းနေသော စိတ်သည် ပို၍ ယိုယွင်းပျက်စီး သွားတော့သည်။လူနာသည် ပယောဂ ဆရာကို ကြောက်၍ ထိတ်လန့် နေရှာသည်။

အချိန်လွန်မှ ဘယ်ဆရာနှင့်မှ မပျောက်ကင်းမှ စိတ္တဇဆေးရုံသို့ ရောက်လာတော့သည်။

ဆေးရုံမှ ကြိုးစား၍ ကုသပေးလိုက်သည်။လူနာ၏ ရောဂါ သက်သာ ပျောက်ကင်းသွားသည်။ဆေးရုံမှ ပြန်ဆင်းသွားသော အခါ ဆေးမှန်မှန် မစားတော့ချေ။အိမ်သားများတွင် ဆေးမှန် မှန် ကျွေးရမည်။လူနာကို စိတ်ချမ်းသာအောင် ဘယ်လိုထားရ မည်။စသော အသိဉာဏ်များ မရှိကြချေ။ထို့ပြင် ဆရာဝန် ချိန်းသည့် နေ့ရက်ကို လာမပြချင်ကြ။လာရတာ ဝေးသည်။လိုက်ပို့





ဘို့ မအားလပ်ပါ စသောအကြောင်းများ ပြကြ၏။ထို့ကြောင့် ပင် လူနာသည် စိတ္တဇဝေဒနာ ပြန်ဖြစ်ပြန်၏။

ဤသို့ဖြင့် လူနာသည် အကြိမ်ကြိမ် အထပ်ထပ် ဆေးရုံသို့ တက်ရရှာသည်။လူနာမှာ အသိဉာဏ် လျော့နည်းသွားပြီဖြစ်၍ အိမ်သားများ ပြုသမျှ နေရတော့သည်။အိမ်သားများက ဘာလုပ် လုပ် သူ့မှာ မငြင်းသာ။ အိမ်သားများက ဗမာဆရာနှင့် ကုမည် ဆိုလျှင် အကုခံရရှာသည်။ အိမ်သားများက ဆေးရုံ လာပို့မှ ဆေးရုံ တက်ရရှာသည်။ အိမ်သားများက ဆေးမကျွေးလျှင် ဆေးမစားရတော့ချေ။

ဆေးရုံသို့ တက်ရသော အကြိမ်သည် ဆယ်ခါ ဆယ့်ငါးခါ လောက် ရှိသောအခါ လူနာ၏ ရောဂါမှာ နာတာရှည် ဘဝသို့ ရောက်ရှိတော့မည် ဖြစ်သည်။ ဆွေမျိုးများကလည်း စိတ်ပျက် လာသည်။ လူနာကို ပစ်ပယ် ထားချင်လာတော့သည်။ နောက် ဆုံးတွင် လူနာကို ဆေးရုံ၌ ပစ်ထား လိုက်တော့သည်။ လူနာကို တကြိမ်မျှ လာမကြည့်တော့ချေ။

စိတ္တဇ ဆေးရုံမှ လူမှုဝန်ထမ်း အရာရှိသည်။လူနာနေကောင်း သောအခါ လူနာ၏ အိမ်သို့ ကားနှင့် ပြန်ပို့ပါသည်။ သို့သော် လူနာရှင်များက လက်မခံကြချေ။ မသိသယောင် ဟန်ဆောင် ကြ၏။ အမျိုး မတော်ကြောင်း၊ သနား၍ လာပို့ရကြောင်း စသည်ဖြင့် ညာပြောတော့သည်။

သို့ဖြင့် လူနာသည် ဆေးရုံသို့ ပြန်ရောက်၍ နာတာရှည် အဆောင်တွင် နေရရှာတော့သည်။





အထက်ပါ အကြောင်းအရာတို့ကို လေ့လာလျှင် လူနာ တယောက် နာတာရှည်ဘဝကို ရောက်သွားခြင်းသည် လူနာ၏ ဆွေမျိုးသားချင်းများကြောင့်သာ ဖြစ်ကြောင်း ထင်ရှားစွာ သိနိုင်ကြပါပြီ။

ပို၍ ရှင်းအောင် ကိုယ်တွေ့ သာဓက နှစ်ခု တင်ပြလိုပါသည်။

ကျွန်တော့် သူငယ်ချင်း တယောက် တက္ကသိုလ်မှ ဘွဲ့ရပြီး နောက် ကုန်သွယ်ရေးသို့ ဝင်ရောက် အမှုထမ်းသည်။ ကံဆိုးချင် တော့ သူ့ခမျာ "ဆော"မြို့ (ယောနယ်)သို့ တာဝန်ထမ်း ဆောင်ရန် အမိန့်ကျလာသည်။ ကျွန်တော့် သူငယ်ချင်းက ဆောမြို့ကို မသွားချင်။ ဝေးလဲဝေး၊ ချောင်လဲ ကျသည်ထင်၏။

သို့သော် အစိုးရတာဝန်ဖြင့် သွားရောက်ရ၏။ လေး ငါးလ တာဝန် ထမ်းဆောင်ပြီး အပြင်း ဖျားတော့သည်။ အဖျားကြီး သဖြင့် သတိလက်လွတ်ဖြစ်ကာ ဆောမှ ဇာတိမြို့ ဖြစ်သော မြေလတ်ပိုင်းသို့ ပြန်လာတော့သည်။ ကျွန်တော့် သူငယ်ချင်း သည် အားငယ်ခြင်း၊ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ချောက် ချားခြင်း စသည်တို့ဖြင့် စိတ္တဇ ဖြစ်သွားတော့သည်။

စိတ္တဇ ဖြစ်သွားသောအခါ သူ့အဖေက ဗမာဆရာ မျိုးစုံနှင့် ကုသတော့သည်။ဗေဒင် ယတြာ ဓာတ်ရိုက် စသည်တို့လည်းပါ၏။ သူတို့အထင်တွင် ဆောမှ ပူးစားလိုက်ပြီဟု ထင်၏။ စိတ္တဇသည် စိတ္တဇသာဖြစ်ရာ ဆရာမျိုးစုံနှင့် ကုသသော်လည်း မပျောက်ကင်း ချေ။

ကျွန်တော်၏ သူငယ်ချင်းဖြစ်၍ ကျွန်တော့်ထံလာပြီး ဆေး ကုရန် လူကြုံများနှင့် မှာသော်လည်း မလာချေ။ ဗမာဆရာနှင့်

သာ စခန်း သွားနေသည်။ အလုပ်မှလည်း ထွက်လိုက်ရပြီ ဖြစ်သည်။

ယခုအခါ စိတ္တဇ ဖြစ်နေသည်မှာ တနှစ်ခွဲ ကျော်လေပြီ။ ရောဂါ ရင့်နေပြီ ထင်သည်။ဤအတိုင်းသာ ဆက်၍ စခန်းသွားနေလျှင် နာတာရှည်ဘဝသို့ ရောက်သွားပေလိမ့်မည်သာတည်း။

နောက် တယောက်ကတော့ ရန်ကုန်က ဖြစ်သည်။လူနာသည် စိတ္တဇ ဖြစ်နေသည်မှာ ဆယ်နှစ်ခန့် ရှိပေပြီ။ လူနာ၏ ညီအကိုမောင်နှမများသည် ပညာတတ်များ ဖြစ်ကြသည်။ သူတို့နှင့် ကျွန်တော်နှင့်က တမြို့ထဲသားချင်း။ ထို့ကြောင့် ကျွန်တော်က စိတ္တဇဆေးရုံသို့ ဆေးလာကုရန် ခေါ်သည်။သို့သော် မလာချေ။ ဆေးမကုချေ။ ကျွန်တော်သည် အံ့သြရုံမှလွဲ၍ ဘာမျှ မတတ်နိုင်ချေ။လူနာသည် နာတာရှည်ဘဝသို့ ရောက်မည်မှာ သေချာနေတော့သည်။

ထို့ကြောင့် စိတ္တဇရောဂါ နာတာရှည်ဖြစ်ရခြင်းသည်၊ လူနာ၏ အပြစ်မဟုတ်၊ လူနာ၏ ဆွေမျိုးသားချင်း များကြောင့်သာ ဖြစ်ရသည်ဟု ကျွန်တော်. ထပ်၍ ဆိုချင်ပါသတည်း။ ။

# နောက်ဆက်တွဲ

## လူကိုဖျက် အရက်

'လူကိုဖျက် အရက်၊ ဓားကိုဖျက် ဝါးမျက်'ဆိုသော စကားသည် သေးထွက်အောင် မှန်လှသည်။ သို့သော် အရက်စွဲသူများကား ထိုစကားကို သတိမရဟု ထင်သည်။ သတိရသည့် တိုင်အောင် ဂရုမစိုက်ဟု ထင်ပါသည်။ ထို အကြောင်းကို သိသာစေရန် ကျွန်တော်. အတွေ့အကြုံများကို ဖော်ပြချင်ပါသည်။

တခုသော ရုံးပိတ်ရက် ဖြစ်သော်လည်း ကျွန်တော် တာဝန်ကျနေသည်။ လူနာများကို လက်ခံရမည် ဖြစ်သည်။ ပထမ ရောက်လာသော လူနာမှာ အရက်ဖြတ်လူနာ ဖြစ်သည်။ယခင်က နှစ်ကြိမ် ဆေးရုံတက်ခဲ့ဘူးပြီ ဖြစ်၍ ယခုအကြိမ်သည် သုံးကြိမ်မြောက် ဖြစ်သည်။ လူနာသည် အရက်မူးနေပြီး တွေ့ကရာ စကားများ လျှောက်ပြောလျက် ရှိသည်။ အိမ်ရှိ ပစ္စည်းများကို ဖျက်ဆီးခြင်း၊ လူများကို ဆဲဆိုခြင်း၊ လျှောက်သွားနေခြင်း၊ မအိပ်ခြင်း၊မစားခြင်း စသည်တို့ကြောင့် လာပို့ကြခြင်းဖြစ်သည်။

လူနာသည် အရက်ကြောင့် စိတ်ပါချောက်ချားလျက်ရှိပေပြီ။ ကြာလျှင် စိတ်နောက်သွားတော့မည်။ ထို့ကြောင့် ဆေးရုံ တင်ထားလိုက်ရသည်။

ခဏကြာသောအခါ ဆေးရုံမှ ကျွန်တော့်ထံ တယ်လီဖုံး ဆက်သည်။ လူနာတယောက် အရေးတကြီးဖြစ်နေသည်၊ ဆေးရုံသို့ အမြန်လာရန် တဲ့။ ကျွန်တော့် အိမ်နှင့် ဆေးရုံမှာ တဖာလုံကျော် ကျော်သာ ဝေးသဖြင့် ဆေးရုံသို့ ချက်ခြင်း ရောက်သွားသည်။ သက်ဆိုင်ရာအဆောင်မှူးဆရာမက ဆီးကြိုပြီး လူနာကို ပြသသည်။ ကျွန်တော် စမ်းသပ်ကြည့်သောအခါ လူနာသည် အသက် မရှိတော့။ မိနစ်ပိုင်းအတွင်း လူ့ပြည်ကို စွန့်ခွာသွားပေပြီ။ လူသေ အလောင်းမှာ ပူနွေးတုန်း ရှိသေး၏။

လူနာ၏ရောဂါကို ကြည့်သောအခါ 'အရက်ဖြတ်လူနာ' တဲ့။ ဆေးရုံကို သုံးရက်နေ့တွင်တက်သည်။ ကိုးရက်နေ့တွင် သေသွား၏။ ဆေးရုံတက်စတွင် လက်များ တုန်ရီလျက်ရှိ၏။ သတိ ရော ထွေးလျက် ရှိ၏။ ချွေးများ ပြန်လျက် ရှိပြီး အသားအရည်မှာ ပွဆောင်းဆောင်း ရှိသည့် အပြင် ဖြူဖယော့်သောအဆင်း ရှိ၏။ မျက်စေ့မှာ နီရဲလျက်ရှိသည်။ ထမင်းမစားသည်မှာ လေးလရှိပြီ ဆိုသည်။ သည်ကြားထဲ အဖျားပါ အနည်းငယ် ဝင်လျက်ရှိ၏။ ဆေးရုံတက်သည်မှာ နှစ်ကြိမ်ရှိပေပြီ။ အရက်ဆိုင်အနီးမှာ နေ၏။ အရက်သောက်သည်မှာ နှစ်ပေါင်းနှစ်ဆယ်နီးပါး။ ဤသို့သော အရက်ဖြတ်လူနာကို ကျွန်တော်တို့ အစွမ်းကုန်ကုသပေးပါသည်။ သို့သော် လူနာ၏ ရောဂါမှာ ကျွမ်းလျက်ရှိရာ ဆေးရုံရောက်ပြီး ခြောက်ရက်အကြာတွင် သေဆုံးသွားခြင်း ဖြစ်သည်။





ဆေးရုံမှ ပြန်လာသောအခါ ကျွန်တော့် ခေါင်းထဲတွင် 'လူကိုဖျက် အရက်' ဟူသော စကား ပေါ်လာခဲ့ပါသည်။ အရက်သည် တကယ်ပင် လူကိုဖျက်သည်။ လူဟုဆိုရာ၌ လူ၏စိတ်ဓာတ်ရော ခန္ဓာကိုယ်ရော နှစ်ခုစလုံးကို ဖျက်ဆီးခြင်းဖြစ်သည်။ အရက်ကြောင့် ဒေါသဖြစ်ခြင်း၊ ကြမ်းတမ်း ခက်ထရော်ခြင်း၊ သတိ လက်လွတ်ဖြစ်ခြင်း၊ စိတ်ချောက်ချား တုန်လှုပ်ခြင်း၊ စိတ်နောက် ခြင်းတို့ ဖြစ်၍ ခန္ဓာကိုယ်သည် ဖောခြင်း၊ တုန်ရီခြင်း၊ အင်္ဂါကြာ များ ဆွံ့ခြင်း၊ ထုံထိုင်းခြင်း၊ ကျင်ခြင်း၊ အားနည်းခြင်း၊ အသဲ ယောင်ခြင်း၊ ကျွမ်းခြင်း၊ တနည်းအားဖြင့် ရောဂါပိုးများ ဝင် ရောက်ခြင်း စသည်ဖြင့် လူကို တကယ်လက်တွေ့ ဖျက်ဆီးခြင်း ဖြစ်ပါသည်။

သို့သော် အရက် သောက်သူများက 'လူကိုဖျက် အရက်' ဟူသော စကားကို အလေးအနက် မတွေးကြ။ မဆင်ခြင်ကြ။ "အလကား စကားပါကွာ" ဟု ပြောင်ကြသည်၊ လှောင်ကြသည်၊ ရယ်မောကြသည်။ ဤကဲ့သို့ ဖြစ်ရသည်မှာ အဘယ့်ကြောင့် နည်း။

သူတို့တွင် ကိုယ်ရည်ကိုယ်သွေး ချို့တဲ့သောဝေဒနာ၊ (ဝါ) အင်မတန် ဆေးကုရ ခက်ခဲသော 'ဆိုင်ကိုပက်သစ်/ပါဆင်နယ်လတီ'[၇] ခေါ် စိတ်ဝေဒနာတမျိုး စွဲကပ်လျက် ရှိသောကြောင့် ဖြစ်ပါသည်။ ဤဝေဒနာနှင့်ပတ်သက်၍ ကျွန်တော် ဆောင်းပါး နှစ်ပုဒ် ရေးခဲ့ပါသည်။ အင်မတန် ဆေးကုရ ခက်ခဲကြောင်း

[၇] PSYCHOPATHIC PERSONALITY





ဥပမာများ ပြခဲ့ပါသည်။ ရောဂါဖြစ်သော အကြောင်းရင်းများ ကို ရှင်းပြခဲ့ပါသည်။

ဆေးကုရ ခက်ခဲသည်ဟု ဆိုသည့်အတိုင်း အရက်ဖြတ် လူနာ များကို ကုသရာတွင် တကယ်ပင် ခက်ခဲလှတော့သည်။ ကုသ သော ဆရာဝန် ဆရာမ စသည်တို့က စိတ်ရှည်စွာ ထား၍ နူးညံ့ သိမ်မွေ့စွာ ကုသပေးရန် လိုပါသည်။ စိတ်ဝေဒနာတမျိုးဖြစ်၍ စိတ်ကို ကုသပေးရန် အထူး အရေးကြီးလှသည်။ တချို့သော အရက်ဖြတ် လူနာများ၏ စိတ်သည် သံချောင်းကဲ့သို့ မာသည်။ တချို့သော လူနာများ၏ စိတ်သည် ဖော့ဖယောင်းကဲ့သို့ ပျော့ ပျောင်းသည်။ တချို့က ဘာဘဲဖြစ်ဖြစ်ဟု သဘောထားကာ အရက်သောက်တတ်၏။ တချို့က ပျော့ပျောင်းသောစိတ်ကြောင့် လောကဓံ၏ဒဏ်ကို မခံနိုင်ဘဲ ရဲဆေးတင်သည့်အနေနှင့် သောက် ကြ၏။

ထို့ကြောင့် လူနာသည် ဘယ်သို့သောစိတ်အခြေအနေကြောင့် အရက်သောက်နေသနည်းဟု လူနာ၏စိတ်ကို စူးစမ်း လေ့လာရ ပေမည်။ ထို့နောက်မှ သံချောင်း ကဲ့သို့ မာသော စိတ်ကို အလယ်အလတ်သို့ရင်း၊ ဖယောင်းကဲ့သို့ ပျော့ပျောင်းသော စိတ် ကိုလည်း အလယ်အလတ်သို့ ရောက်အောင်ရင်း သွေးဆောင် ခြင်း၊ အကြံပေးခြင်း၊ တိုက်တွန်းခြင်း၊ နားလည်စေခြင်း စသော လက်နက်များဖြင့် သာယာ ညင်းပျောင်းစွာ ပြောဆို ကုသပေး သင့်သည်။

ဖယောင်းကဲ့သို့ ပျော့ပျောင်းသောစိတ် ရှိသူများသည် မီးနှင့် တွေ့သောအခါ ဖယောင်းအရည်ပျော်သကဲ့သို့ အရက်နှင့် တွေ့





သောအခါ အရည်ပျော်တတ်ကြသည်။ ထိုသူများသည် အရက်နှင့် ဝေးစွာ နေရပေလိမ့်မည်။ သံချောင်းကဲ့သို့ မာသောစိတ် ရှိသူ များလည်း ပူပြင်းလှသော မီးနှင့် တွေ့သောအခါ အရည်ပျော် ကြသည်။ ထို့ကြောင့် သူတို့သည်လည်း အရက်နှင့် ဝေးဝေး နေလေ အကျိုးရှိလေ ဖြစ်ပေမည်။

ရင်းပြင် အရက်သည် လူကို ဖျက်ကြောင်း လက်တွေ့ပြရန် လိုသည်။ ထို့ကြောင့် အရက်ဖြတ်လူနာများကို 'အင်တာဗျူး'[၈] ခေါ် အရက်ဖြတ်ဆေး တိုက်ကျွေးရပေမည်။ ဤ ဆေးသည် အရက်က လူကိုဖျက်ကြောင်း တကယ် လက်တွေ့ပြမည့် ဆေး ဖြစ်သည်။ ဤဆေးသည် အရက်နှင့် လုံးဝမတည့်။ ဤဆေးကို စားထားပြီး အရက် အနည်းငယ် သောက်လိုက်သော အခါ အရက်၏ အဖျက် သဘောသည် ဘွားကနဲ ပေါ်လာတော့၏။ မူးဝေခြင်း၊ အော့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ရင်တုန်ခြင်း၊ ချွေးပြန်ခြင်း၊ မျက်နှာ နီမြန်းလာခြင်း၊ အသက်ရှူရ ကျပ်ခြင်း စသည်ဖြင့် မနှစ်မျို့စရာများ ခံစားရသည်။ အရက်ဖြတ်ဆေး၏ အာနိသင်ကို မယုံဘဲ အရက်များများသောက်မိပါက အသက်ပါ သေဆုံးတတ်သည်။ အရက်က အသက်ကို လက်တွေ့ ဖျက်ဆီး ပြခြင်း ဖြစ်သည်။ ဆေးရုံတွင် အရက်ကို လဘက်ရည်ဇွန်းတဇွန်း လောက်သာ တိုက်သဖြင့် မသေနိုင်ပါ။ တွေးပြီး ကြောက်စရာ မလိုပါ။ အင်တာဗျူးကို သောက်မှ အရက်မကောင်းကြောင်း လက်တွေ့ သိနိုင်သည်။

[၈] ANTABUSE

အထက်ပါ အတွေးတို့သည် ကျွန်တော့် စိတ်အာရုံထဲ ဝင်လာကြသည်။ သို့သော် အထက်ပါ ကျွန်တော့် အတွေးတို့သည် ဆေးရုံမှ အတွေ့အကြုံများသာ ဖြစ်ကြသည်။ ပို၍ ပြည့်စုံအောင် အပြင်လောကကိုလည်း လေ့လာရန် လိုသည်။ အပြင်လောကတွင်လည်း အရက်သည် လူကိုဖျက်ကြောင်း ထင်ရှားစွာ တွေ့ရသည်။

အရက်မူးနေသော ရဲသားသည် ရှာစဉ်လျှောက်၍ ရိုက်နှက်ရုံသာမက ရဲစခန်းသို့ လာရောက်တိုင်တန်းသော ရွာလူကြီးများကိုပင် သေနတ်နှင့် ပစ်သတ်သည်ဆိုသော သတင်း၊ အရက်မူးပြီး ကားမောင်း၍ လူသေရသော သတင်း၊ အရက်ဆိုင်တွင် အရက်မူးပြီး ရန်ဖြစ်ကြရာမှ လူသတ်မှု ကျူးလွန်သည်အထိ ဖြစ်ခြင်း၊ အရက်မူးရာက လင်မယား ရန်ဖြစ်ပြီး အိမ်ကို မီးရှို့မှု သတင်း၊ ရပ်ကွက်ထဲ ဆူညံစွာအော်ဟစ်၍ ရန်ဖြစ်ကြသောသတင်း စသည် စသည်တို့သည် အရက်က လူကို ဖျက်နေကြောင်း ထင်ရှားလှချေသည်။

တဖန် အရက်ကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့တွင် နစ်နာ ဆုံးရှုံးမှုများလည်း မကြာခဏ တွေ့ရပြန်သည်။

အရက်သည် 'အရက်' ဟု စတင် ပေါ်ပေါက်ကတည်းက ကောင်းကျိုးမပေးခဲ့ကြောင်း ငါးရာ့ငါးဆယ် ဇာတ်တော်များတွင်လည်း အထင်အရှား ဖော်ပြထားပြန်သည်။ ဤသို့သော မကောင်းကျိုးပေးသော အရက်ကို လူတို့သည် အဘယ့်ကြောင့် သောက်နေကြသနည်း။ အဖြေမှာ သူတို့တွင် စိတ် ဝေဒနာ စွဲကပ်နေသောကြောင့်ဟု ဖြေရပါလိမ့်မည်။ စိတ်ဝေဒနာ စွဲကပ်





နေသဖြင့် သူတို့သည် အမှားနှင့် အမှန်ကို ခွဲခြား၍ မသိနိုင်တော့။ သေရည်သေရက်ကို ယစ်ရွှေရည်ဟု မြင်လာကြတော့သည်။ စွဲလမ်းကြတော့သည်။ နောက်ဆုံး အရက်၏ကြေးကျွန် ဖြစ်ကြပြီး အရက်က လူကိုဖျက်တော့သည်။ လူပါ ပျောက်သွားလိမ့်မည်။ မိမိ၏ တန်ဘိုးရှိသော ဘဝကို ဤနည်းဖြင့် အဆုံးမသတ်စေသင့်ပေ။

အရက်၏ကြေးကျွန် မဖြစ်ရန်၊ အရက်က လူကို မဖျက်ရန် အရက် အလွန်အကျွံ သောက်ခြင်းများ ရပ်ကြပါဟု ကျွန်တော် တိုက်တွန်းချင်ပါတော့သည်။ ။



# သမတ ဂျွန်အက်ဖ် ကနေဒီ သတ်မှု

အမေရိကန် သမတ ဂျွန်အက်ဖ် ကနေဒီသည် တက္ကဆပ်ပြည်နယ် ဒါးလက်မြို့တွင် မော်တော်ကားနှင့် ခရီးသွားနေစဉ် သေနတ်နှင့် အပစ်ခံရ၍ သေဆုံးသွားခဲ့သည်။

လူသတ်တရားခံမှာ 'အော့စဝဲ' ဆိုသူဖြစ်သည်။ အဆောက်အဦ တခုမှနေ၍ မှန်ပြောင်းတပ်ထားသော ပွိုင့်တူးတူးသေနတ်နှင့် နှစ်ချက်ဆင့်၍ ပစ်သတ်လိုက်ခြင်း ဖြစ်သည်။ သမတသည် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

အော့စဝဲကို ဖမ်းမိသော်လည်း ဟော်တယ်ပိုင်ရှင် တဦးက သေနတ်နှင့် ပစ်သတ်ပြန်သဖြင့် အော့စဝဲသေသွားခဲ့သည်။ သို့နှင့် အမှုမှာ ရပ်သွားတော့သည်။

ဤလူသတ်မှုတရားခံ အော့စဝဲအကြောင်း ကျွန်တော်တင်ပြလိုပါသည်။ အော့စဝဲသည် စိတ်မတည်ငြိမ်သူဖြစ်သည်။ ကိုယ်ရည်ကိုယ်သွေး ချို့တဲ့သော ဝေဒနာ ဆိုက်ကိုပက်သစ် ပါဆင်နယ်



လတီ ရှိသောသူ ဖြစ်သည်။ ဤဝေနာနှင့် ပတ်သက်၍ တဇွတ်ထိုး စိတ္တဇတွင် ဖော်ပြထားပါသည်။ သူတို့သည် တဇွတ်ထိုးတဇောက်ကန်းလုပ်တတ်ကြသည်။ အမှားနှင့် အမှန်ကို ခွဲခြား မသိတတ်ချေ။ သခ်န်းစာ မယူတတ်ကြချေ။ တဇွတ်ထိုး စိတ္တဇတွင် ကြမ်းသော အမျိုးအစားသည် လူအများကို အင်မတန် ဒုက္ခပေးတတ်သည်။ ရန်ရှာတတ်သည်။ နှိပ်စက်ညှဉ်းပန်းတတ်သည်။ အော့စဝဲတွင် ဤကဲ့သို့ ကြမ်းသော အမျိုးအစား စွဲကပ်နေရှာသည်။

အော့စဝဲသည် အမေရိကန်ပြည်သား ဖြစ်သော်လည်း၊ ဆိုဗီယက်ပြည်ထောင်စုတွင် ခိုလှုံဘူးသည်။ ဆိုဗီယက်ပြည်ထောင်စုမှ အမေရိကန်သို့ ပြန်ရောက်သော်လည်း၊ ကျူးဘား ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်လုပ်ပြန်သည်။ အလုပ်ကိုလည်း တခုပြီး တခု ပြောင်းလဲလုပ်သည်။

အော့စဝဲ ဤသို့ စိတ္တဇဝေဒနာ ဖြစ်ရခြင်းမှာ ငယ်စဉ်က စည်းကမ်းကြီးလွန်းသော၊ ချုတ်ချယ်လွန်းသော မိခင်ကြောင့် ဖြစ်သည်။ မိခင်က အစစအရာရာချုတ်ချယ်၍ ဖခင်က ပျော့ညံ့သူဖြစ်သည်။ အိမ်ထောင်ကို မိခင်က ကြီးစိုးထား၏။ အစစ အရာရာ မိခင်ကသာ ဦးစီးဦးဆောင်ပြုသူဖြစ်ရာ အော့စဝဲသည် မိခင်ကိုသာ ခင်တွယ်ရရှာသည်။ ဖခင်ကို သိပ်ပြီး မခင်တွယ်လှ။ ဖခင်ကို အထင်သေးနေမိသည်။ ဖခင်သည် ပျော့ညံ့သူဟု ထင်နေရှာ၏။ သည်ကြားထဲ ဖခင်က အော့စဝဲကို ပစ်ထားလေ့ရှိရာ၊ အော့စဝဲသည် ဖခင်ကို မုန်းလာတော့သည်။ ဤသို့သော စိတ်အနေအထားဖြင့် ကြီးပြင်းလာသော အော့စဝဲသည် အရွယ်ရောက်သောအခါ

စိတ္တဇဖြစ်လာတော့သည်။ ဘာမဆို တဇွတ်ထိုး တဇောက်ကန်း လုပ်ချင်လာသည်။

ဖခင်ရှိသော်လည်း ဖခင်ကဲ့သို့ နှစ်နှစ်ကာကာ မချစ်ခင်ခဲ့ရသော အော့စဝဲသည် ကျော်ကြားသော၊အောင်မြင်သော နိုင်ငံအကြီးအကဲများကို ဖခင်ကဲ့သို့ ချစ်ခင်လာတော့သည်။ ပျော့ညံ့သော ဖခင်နေရာတွင် အောင်မြင်ကျော်ကြားသောသူကို အစားထိုးလိုက်ခြင်း ဖြစ်ပေသည်။

သို့သော် ဖခင်က ပစ်ဖယ်ထားဘူးသဖြင့် ဖခင်ကို မုန်းတီးစိတ်များလည်း ရှိနေပြန်သည်။အော့စဝဲသည် သမတ ကနေဒီကို ဖခင်ကဲ့သို့ ချစ်နေပေသည်။ ထို့ကြောင့် ဖခင်ကို မုန်းတီးစိတ်များ ဝင်လာသောအခါ သေနတ်နှင့်ပစ်သတ်လိုက်တော့သည်။ ဤနည်းဖြင့် ကံဆိုးသော သမတ ကနေဒီ သေဆုံးခဲ့ရတော့သည်။

ဤအဖြစ်အပျက်၏ တရားခံကို ရှာကြည့်ကြစို့။အော့စဝဲ၏ ဖခင်သာ တရားခံဖြစ်ကြောင်း သိသာနိုင်ပါသည်။ အိမ်ထောင်ကို ခေါင်းမဆောင်နိုင်မှု၊ ပစ်ပယ်ထားမှု စသော သူ၏ပျော့ညံ့ချက်များကြောင့်သာ အော့စဝဲသည် စိတ္တဇဝေဒနာ စွဲကပ်ခဲ့ရသည်။စိတ္တဇဝေဒနာကြောင့် အမေရိကန် သမတ တဦး သေဆုံးခဲ့ရလေပြီတကား။ ။



## ရောဘတ်ကနေဒီသတ်မှု

သမတ ကနေဒီ၏ ညီ သမတလောင်း ရောဘတ်ကနေဒီသည် ကာလီဖိုးနီးယား ပြည်နယ် လော့အိန်ဂျလီမြို့ ဟော်တယ် တခုတွင် သေနတ်နှင့် အနီးကပ်၍ ပစ်သတ်ခံခဲ့ရသည်။ အကိုဖြစ်သူ သမတကနေဒီကဲ့သို့ ကံဆိုးရှာသူဖြစ်သည်။ ကနေဒီ ညီအကိုနှစ်ယောက် သေဆုံးမှုသည် တကမ္ဘာလုံးကို ဂယက်ရိုက်ခဲ့သည်။ တကမ္ဘာလုံးက နှမြောတသကြသည်။ အကိုဖြစ်သူ သမတကနေဒီသည် စိတ္တဇ ဝေဒနာစွဲကပ်သူ အော့စဝဲ၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသလို၊ညီဖြစ်သူရောဘတ်ကနေဒီသည်လည်း စိတ္တဇဝေဒနာ တမျိုးစွဲကပ်နေသူ ဆာဟန်း၏ လက်ချက်ဖြင့် သေဆုံးခဲ့ရခြင်း ဖြစ်ပါသည်။

ဆာဟန်းသည် ဂျော်ဒန် ပြည်သား ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ပြောင်းရွှေ့ နေထိုင်၍ အမေရိကန်ပြည်သားအဖြစ် ခံယူထားသူဖြစ်သည်။ ဖခင် ဖြစ်သူက ဂျော်ဒန်ပြည်မှာ နေ၍ ညီအကို မောင်နှမများက ဆာဟန်းနှင့် အမေရိကန်မှာ နေကြသည်။





ဆာဟန်း၏ ငယ်စဉ်ဘဝသည် ကောင်းမွန်သည်။ စိတ္တဇဖြစ်စေသော အထောက်အထားများ များစွာမရှိ။ သို့သော် ဆာဟန်း၏ ကိုယ်ရည်ကိုယ်သွေးမှာ မကောင်းလှချေ။စကီဇွိုက်ပါဆင်နယ်လတီ[၁]ခေါ် စကီဇိုဖရီးနီးယား ဝေဒနာ ဖြစ်တတ်သည့် ကိုယ်ရည်ကိုယ်သွေး ရှိသူဖြစ်သည်။ စကီဇိုဖရီးနီးယား ဝေဒနာအတွက် အခြား အထောက် အထားများကို စိတ္တဇအထူးကု ဆရာဝန်များက ရှာဖွေကြသော်လည်း တိတိ ကျကျ မတွေ့ကြပေ။ ကိုယ်ရည်ကိုယ်သွေး မကောင်းသူ အဖြစ်သာ တွေ့ကြရ၏။

ကိုယ်ရည်ကိုယ်သွေး မကောင်းသူများသည် အလုပ်တခုကို အမှား အမှန် မဝေဖန်ဘဲ ပြုလုပ်တတ်ကြသည်။ (တဇွတ်ထိုး စိတ္တဇ ကိုကြည့်ပါ။) စဉ်းစားဉာဏ်၊ မှတ်ဉာဏ် စသည်တို့လည်း ချို့ယွင်း တတ်ကြသည်။

ဤသို့ ကိုယ်ရည်ကိုယ်သွေး မကောင်းသူ ဆာဟန်းသည် အာရပ် အစ္စရေး စစ်ပွဲဖြစ်သောအခါ အရာရာကို တဇွတ်ထိုး လုပ်ချင်လာသည်။ အထူးသဖြင့် အစ္စရေးများကို ဂလဲ့စား ချေလိုသည်။ အစ္စရေးများကို ချေမှုန်းပစ်လိုသည်။ ထိုအချိန်တွင် ရောဘတ်ကနေဒီမှာ မဲဆွယ် တရားဟောကောင်းတုန်း ဖြစ်သည်။ တိုက်ဆိုင်ချင်တော့ ရောဘတ်ကနေဒီက "မိမိသာ သမတဖြစ်လာလျှင် အစ္စရေးကို ဖင်တန်ဂျက် တိုက်လေယာဉ်များ ပေးမည်" ဟု ထည့်သွင်းပြီး တရားဟောလိုက်သည်။ အစ္စရေးကို မုန်းတီး

၁* SCKIZOID PERSONALITY





နေသော ဆာဟန်းသည် ကနေဒီက အစ္စရေးကို တိုက်လေယာဉ်များ ပေးမည်ဟု ပြောလာသောအခါ ဒေါသ အမျက် ခြောင်းခြောင်း ထွက်လာတော့၏။ အစ္စရေးကို အားပေးသူ ရောဘတ်ကနေဒီသည် ဆာဟန်း၏ ရန်သူ ဖြစ်လာတော့သည်။ ရောဘတ်ကနေဒီကို အချိန်မှီ သုတ်သင်ပါမှ အစ္စရေးတို့ လေယာဉ်ပျံမရဘဲ ရှိမည်။ရောဘတ်ကနေဒီကို အချိန်မှီ သုတ်သင်ပစ်မည်ဟု ဆာဟန်း ဆုံးဖြတ်လိုက်တော့သည်။

ဆာဟန်းသည် ကိုယ်ရည်ကိုယ်သွေး မကောင်းသူ ဖြစ်ရာ၎င်း၏ ဆုံးဖြတ်ချက် မှားသည် မှန်သည် မစဉ်းစားတော့ချေ။ ကနေဒီကို သတ်ရန် သေနတ်ပစ် လေ့ကျင့်တော့၏။ ထို့ကြောင့် ဤလူသတ်မှုတွင် ကြိုတင်ကြံစည်မှု ပါနေသည်။

ဆာဟန်း၏ အကြံအစည် အောင်မြင်တော့မည့် နေ့ကို ရောက်လာသည်။ ရောဘတ်ကနေဒီသည် ကာလီဖိုးနီးယား ပြည်နယ် အခြေခံ မဲဆန္ဒ ယူပွဲတွင် ပြိုင်ဘက် ယူဂျင်း မက္ကာသီကို အနိုင်ရလိုက်သည်။ ပျော်မဆုံး၊ မော်မဆုံး ဖြစ်နေသည်။သူ တည်းခိုရာ ဟော်တယ်တွင် ပျော်ရွှင်စွာ စားသောက်နေကြသော လူထုကို မိန့်ခွန်းပြောအပြီး အနားယူရန် အခန်းထဲသို့ အသွား လမ်းမှ နေ၍ ဆာဟန်းက သေနတ်နှင့် အနီးကပ်၍ ပစ်သတ်လိုက်တော့သည်။

ရောဘတ် ကနေဒီသည် သမတ ကနေဒီကဲ့သို့ ချက်ခြင်း မသေချေ။ အစွမ်းကုန် ကုသကြသေးသည်။သို့သော် ဦးခေါင်းခွံ အရိုးများ ကြေမွ၍ ဦးနှောက် အစိတ်အပိုင်း အများအပြားကို ထိခိုက် ကုန်သဖြင့် သေဆုံး ခဲ့ရတော့သည်။

စိတ္တဇ ဝေဒနာများမှာ အကဲခတ်ရ ခက်လှသည်။ တချို့သော စိတ္တဇ ဝေဒနာများမှာ ကြောက်စရာ မကောင်းလှသော်လည်း တချို့သော စိတ္တဇ ဝေဒနာများမှာ ကြောက်မက်ဖွယ်ကောင်းနေပြန်သည်။

မည်သို့ ဆိုစေ စိတ္တဇကို အချိန်မှီ ကုသပါက ဤကဲ့သို့ အဖြစ်ဆိုးမျိုး မဖြစ်နိုင်ဟု ကျွန်တော် ယုံကြည်မိပါသည်။



## ရှစ်လောင်းပြိုင် သတ်မှု

မကြာသေးမီက ဖိလိပိုင်ပြည်မှ သူနာပြု ဆရာမ ရှစ်ယောက် တပြိုင်နက် သေနတ်နှင့် ပစ်သတ်ခံခဲ့ရလေသည်။ လူသတ်သမားသည် သူနာပြုဆရာမများ ဂေဟာအတွင်းသို့ ဝင်ရောက်၍ တွေ့သမျှ သူနာပြုဆရာမများကို သေနတ်နှင့် ပစ်သတ်တော့သည်။ ကံကောင်းသော သူနာပြုဆရာမတယောက်မှာ ကုတင်အောက်တွင် ပုန်းအောင်းနေ၍ လွတ်သွားသည်။ ထိုဆရာမက လူသတ်သမား၏ ရုပ်သွင်ကို မှတ်သားထားလိုက်သည်။

ပုလိပ်များသည် ဆရာမ ပြောပြသော ရုပ်သွင်နှင့် လူကို ချက်ခြင်းဖမ်းမိသည်။ လူသတ်သမားသည် ယခင်ကလည်း လူသတ်ခဲ့သူ ဖြစ်ပေသည်။ လူသတ်သမား၏ ရုပ်သွင်မှာ အရပ်ရှည်၏။ခပ်အေးအေး အမူအရာရှိ၏။အပြုံးမပျက်လှချေ။မျက်လုံးများမှာ စူးရှ တောက်ပြောင်နေသည်။ သွေးအေးအေးဖြင့် ရက်ရက်စက်စက် ရာဇဝတ်မှုကျူးလွန်မည့် ပုံသဏ္ဍာန်ရှိပေသည်။

ရာဇဝတ်မှုများ ကျူးလွန်သည့် သူများသည် အများအားဖြင့် စိတ္တဇရှိသူများဖြစ်ရာ၊ အဆိုပါ လူသတ် သမားကိုလည်း





စိတ္တဇဆိုင်ရာ စမ်းသပ် စစ်ဆေးမှုများ ပြုလုပ်ကြတော့သည်။

လူနာသည် သာမန်လူတို့ထက် အရပ်ရှည်သည်။ဥာဏ်ကောင်းသည်။အခပါင်းအသင်း သိပ်မရှိ။သွေး အေးအေးဖြင့် ရက်ရက်စက်စက် ရာဇဝတ်မှုများ ကျူးလွန်တတ်သည်။ ထို့ကြောင့် လူနာတွင် ကရိုမိုဆုန်းဓာတ်တို့ ဖောက်ပြန်၍ စိတ္တဇဖြစ်ခြင်းလော။ ကိုယ်ရည်ကိုယ်သွေး ချို့တဲ့၍ တဇွတ်ထိုးလုပ်တတ်သော စိတ္တဇပင်ရှိသလော၊ စိတ္တဇ အထူးကု ဆရာဝန်များက စမ်းသပ်စစ်ဆေးကြသည်။

လူနာတွင် ကရိုမိုဆုန်း ဓာတ်တို့ ဖောက်ပြန်၍ စိတ္တဇဖြစ်နေကြောင်း တွေ့ကြရတော့သည်။ လူနာ၏ ဝေဒနာမှာ XYY ဆင်ဒရုမ် ဖြစ်သည်။ ဤဝေဒနာ အကြောင်း 'ကြောက်စရာ စိတ္တဇ'တွင် ကျွန်တော်ဖော်ပြထားပါသည်။အင်မတန် ကြောက်စရာကောင်းသော ရောဂါဖြစ်သည်။ သာမန်လူတို့တွင် ရှိသော XY ကရိုမိုဆုန်းအပြင် Y ကရိုမိုဆုန်းတခု ပိုနေသဖြင့် တချို့က ထူးကဲသောလူ"ဟု ခေါ်ကြသည်။သူ၏ ထူးကဲမှုမှာ စိတ်နောက်ခြင်းပင် ဖြစ်သည်။

ကျွန်တော်တို့ ဗမာစကားတွင် "ဒီကလေး ထူးရင်လဲထူးမယ်၊ ရူးရင်လဲရူးမယ်"ဟု ဗေဒင်ဟောနိမိတ်ဖတ်တတ်ကြခြင်းသည်၊ ဤလိုလူမျိုးကို ရည်စူးဟန်ရှိပါသည်။

ဤကဲ့သို့ လူနာမျိုးဟု ယူဆရသူ လူနာနှစ်ဦး ကျွန်တော်တို့ ဗမာပြည်တွင် တွေ့ဆုံဘူးပါသည်။ သို့သော် လူ၏ ကရိုမိုဆုန်း

၁။ SUPER-MAN





ဓာတ်များကို စမ်းသပ်ကြည့်ရန်မှာ မလွယ်ကူလှချေ။ လက်တွေ့သုတေသနဌာနတွင်သာ စမ်းသပ် စစ်ဆေးနိုင်ပေသည်။

ဤရောဂါမှာ မွေးကတဲက ပါလာသည့် ရောဂါဖြစ်သဖြင့် ကာကွယ်ရန်မှာ မလွယ်ကူချေ။အဖေ၏ ကရိုမိုဆုန်းနှင့် အမေ၏ ကရိုမိုဆုန်းတို့ ပေါင်းစပ်ရာမှ ဖြစ်ရိုး ဖြစ်စဉ် XY သို့မဟုတ် XX ဖြစ်မလာဘဲ X တခုထဲဖြစ်စေ၊ Y တခုထဲဖြစ်စေ၊ X တလုံးပိုလာ၍ XXX ဖြစ်စေ၊ Y တလုံးပိုလာ၍ XYY ဖြစ်စေ ဖြစ်ပေါ်လာလျှင် စိတ္တဇဖြစ်နိုင်ကြပေသည်။ သို့သော် ရှားပါးသော ဝေဒနာဖြစ်ပါသည်။

မည်သို့ဆိုစေ ဤဝေဒနာ ဖြစ်လာလျှင်ကား လူနာသည် ရာဇဝတ်မှု ကျူးလွန်တတ်ကြသည်။ ။

## အမေရိကန် တက္ကသိုလ်ကျောင်းသားများ သတ်မှု

မကြာသေးမီက အမေရိကန် တက္ကသိုလ်တခုတွင် လူသတ်သမား တဦးက တက္ကသိုလ်ကျောင်းသားများကို သေနတ်နှင့် ပစ်သတ်မှုတခု ဖြစ်ပွားခဲ့ပါသည်။

လူသတ်သမားက အဆောက်အဦ ,တခုပေါ်တွင် တက်၍ လာသမျှ-မြင်သမျှ ကျောင်းသူ ကျောင်းသားများကို သေနတ်နှင့် ပစ်သတ်တော့သည်။ ကျောင်းသူကျောင်းသား အများအပြား သေဆုံးကုန်တော့သည်။

လူသတ် သမားသည် အဆောက်အဦပေါ်မှ မဆင်းချေ။ ထို့ကြောင့် လူသတ်သမားကို အဖမ်းရ ခက်နေ တော့သည်။ ပုလိပ်များ ရောက်လာ၍ အဖမ်းခံရန် အမိန့် ပေးသော်လည်း လူသတ်သမားက အဖမ်းမခံချေ။ လက်နက်မချချေ။ သေနတ်နှင့် ပြန်လှန်ပစ်ခတ်သည်။

သေနတ်နှင့် တပစ်ထဲ ပစ်နေသော လူသတ်သမားကို နောက်ဆုံးတွင် ရဲဘက်မှ သေနတ်နှင့်ပစ်၍ ဖမ်းဆီးရတော့သည်။

လူသတ်သမား၏ ဦးနှောက်ကို စစ်ဆေးသောအခါ ကင်ဆာရောဂါ ဖြစ်နေကြောင်း တွေ့ကြရပေသည်။လူသတ်သမားသည်



ဦးနှောက်တွင်း ကင်ဆာရောဂါကြောင့် စိတ္တဇ ဖြစ်နေပေပြီ။ စိတ္တဇ ရောဂါကြောင့် လူအများကို သေနတ်နှင့် ပစ်သတ်ခြင်း ဖြစ်ပေသည်။

ဦးနှောက်အတွင်းတွင် ရောဂါတခုခု ဖြစ်ပွားလျှင် စိတ္တဇဝေဒနာ ဖြစ်နိုင်ပေသည်။ဤအခါမျိုးကိုသာ ဦးနှောက်ပျက်သည်၊ ဦးနှောက်ချို့ယွင်းသည်၊ဦးနှောက်မကောင်း၊စသည်ဖြင့် ခေါ်ဆိုနိုင်ပေသည်။သာမန် စိတ္တဇဝေဒနာများတွင် ဦးနှောက်က နဂိုအတိုင်းပင် နေသည်။ဦးနှောက်တွင် ရောဂါမရှိချေ။စိတ်ကြောင့်သာ စိတ္တဇဖြစ်ကြရပေသည်။ စိတ်ကြောင့်ဖြစ်သော စိတ္တဇ ဝေဒနာများမှာ ဆေးကုရ လွယ်ပါသည်။ဦးနှောက်ကြောင့် စိတ္တဇဖြစ်လာလျှင်မူ ဆေးကုရ ခက်ခဲတော့သည်။ ချို့ယွင်းသွားသော၊ ပျက်စီး သွားသော ဦးနှောက်ကို အကောင်း ပြန်ဖြစ်အောင် ပြုလုပ်ရန် ခက်ခဲလှပါသည်။အချိန်မှီ ခွဲစိတ်ကုသလျှင်သာ သက်သာရာရပေမည်။

ဦးနှောက်ကင်ဆာ ရောဂါဖြစ်လျှင် လူတယောက်သည် စိတ္တဇနှင့် ပတ်သက်၍

၁။ သတိမေ့တတ်လာသည်။ တဖြည်းဖြည်း လုံး၀ သတိမေ့သွားတတ်သည်။ဘာမှမမှတ်မိ။

၂။ ၀က်ရူးပြန်သကဲ့သို့ တက်တတ်သည်။

၃။ လို့ဆော်မဲ့ အာရုံသိခြင်း၊[၁]နားထဲတွင်အသံများကြားရခြင်း မရှိလှ။မျက်စေ့ထဲတွင်သာ တွေ့ကရာ မြင်တတ်ပါသည်။

[၁] HALLUCINATION





တက္ကသိုလ် ကျောင်းသူ ကျောင်းသားများကို သတ်သော လူသတ်သမားသည် ကျောင်းသားကျောင်းသူများကို လူဟုမမြင်ဘဲ တိရစ္ဆာန်များ၊ မကောင်းဆိုး၀ါးများဟု မြင်ရသဖြင့် သေနတ်နှင့် ပစ်ခြင်းပေလောဟု စဉ်းစားနိုင်ပါသည်။ဂုင်းပြင်-နှာခေါင်း၌ အနံ့ဆိုးများ နံခြင်း၊ကိုယ်ပေါ်တွင် ပိုးကောင်ကလေးများ တက်နေသည်ထင်ခြင်း စသည်တို့လည်း ရှိတတ်ပါသည်။

၄။ စိတ်အပြောင်းအလဲ မြန်ခြင်း။

၀မ်းသာလိုက်၊၀မ်းနည်းလိုက် မကြာခဏ ဖြစ်တတ်သည်။စိတ်အားငယ်သော ဝေဒနာနှင့် စိတ် တက်ကြွလွန်းခြင်း ဝေဒနာတို့ တလှည့်စီ ဖြစ်တတ်သည်။တချို့က အလွန်အမင်း စိတ်အားငယ်၍ သတ်သေကြသည်။

၅။ စကားပြောရာတွင် လေးလံနှေးကွေးခြင်း၊မပီသခြင်းတို့ ဖြစ်တတ်ပါသည်။

စိတ္တဇဆေးရုံတွင်ဦး နှောက်ကင်ဆာကြောင့် စိတ္တဇဖြစ်သူများ အတွေ့ရနည်းပါသည်။ရန်ကုန်ဆေးရုံကြီးရှိ ဦးနှောက်နှင့် အာရုံကြောဌာနတွင်မူ ရှိကောင်း ရှိပါလိမ့်မည်။

တက္ကသိုလ် ကျောင်းသူ ကျောင်းများ သတ်မှုသတင်းသည် တမ္ဘာလုံးကို ပြန့်နှံ့သွားသည်။ဟိုးလေးတကြော် ဖြစ်သွားသည်။ လူသတ်သမား၏ နံမည်မှာ မကောင်းသတင်းဖြင့် ကျော်ဇောသွား၏။

ထို့နောက် သုံးလေးလ အကြာတွင် နောက်တကြိမ် အစုလိုက် အပြုံလိုက် သတ်မှု ဖြစ်ပွားပြန်သည်။လူသတ်သမားသည် လူလေးဦးကို မှောက်အိပ်ခိုင်း၍ တယောက်ချင်း သေနတ်နှင့်





ပစ်သတ်တော့သည်။ လေးဦးစလုံး သေဆုံးသွားသည်။လူသတ်သမားကိုလည်း ဖမ်းမိလိုက်သည်။လူသတ်သမားကို ဘာကြောင့် ဤကဲ့သို့ သတ်ရသလဲဟု မေးရာ-ကျောင်းသားများကို သတ်သောသူကဲ့သို့ နံမည်ကြီးချင်၍ သတ်ကြောင်း ဖွင့်ပြောပြသည်။

ကျွန်တော့် အနေနှင့် ဤ လူသတ်သမားသည်လည်း စိတ်မမှန်ဟု ယူဆပါသည်။တဇွတ်ထိုး လုပ်တတ်သည့် ကိုယ်ရည်ကိုယ်သွေး ချို့တဲ့သည့် ဝေဒနာရှင်ဟု မြင်ပါသည်။မကောင်းသည့် အလုပ်ကို မကောင်းမှန်းမသိ၊ လုပ်သင့်မလုပ်သင့် မစဉ်းစားဘဲ တဇွတ်ထိုး လုပ်လိုက်ခြင်း ဖြစ်ပေမည်။နံမည်ကြီးချင်၍ လူသတ်သည်ဆိုသည်မှာ လူကောင်းတို့ လုပ်အပ်သော အလုပ် မဟုတ်ပါပေ။ ။